ကမ္ဘာ့ကုလသမဂ္ဂ မသန်စွမ်းအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်

# အပိုဒ် (၂၄)
# လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာ အခွင့်အရေး

မသန်စွမ်းအခွင့်အရေးဆိုင်ရာကော်မတီ အထွေထွေတင်ပြချက်
အမှတ် ၄ (၂၀၁၆)၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၂)ရက်

ဖေဒင်မသန်စွမ်းသက်ငယ်များပြုစုရာရိပ်မြုံမှ ဘာသာပြန်သည်။
[ကန့်သတ်]

ကမ္ဘာ့ကုလသမဂ္ဂ မသန်စွမ်းအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်

# အပိုဒ် (၂၄)
# လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာ အခွင့်အရေး

မသန်စွမ်းအခွင့်အရေးဆိုင်ရာကော်မတီ
အထွေထွေတင်ပြချက် အမှတ် ၄ (၂၀၁၆)
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၂)ရက်

ဒေင်မသန်စွမ်းသက်ငယ်များပြုစုရာရိပ်မြုံမှ ဘာသာပြန်သည်။
[ကန့်သတ်]

# t rSm

ဒေင်မသန်စွမ်းသက်ငယ်များပြုစုရာရိပ်မြုံအနေဖြင့် လူတိုင်းအကျုံးဝင်ပညာရေးစနစ်အပေါ် ခိုင်မာသောယုံကြည်မှုနှင့် အတူ တစ်စိုက်မတ်မတ်လုပ်ဆောင်လာခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုကျော် လာခဲ့ပြီဖြစ်ပါသည်။

ဤအချိန်ကာလများအတွင်း မသန်စွမ်းမှုနှင့်လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာအသိပညာ မြှင့်တင်၊ အမြင်ဖွင့်ခြင်းများ၊ စာပေထုတ်ဝေခြင်းများ၊ သုတေသနပြုလုပ်ခြင်းများ၊ အရေးဆိုခြင်းများကို နည်းမျိုးစုံဖြင့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး လုပ်ဆောင်နေပါသည်။

ယခုအခါ ၂၀၁၆ ခုနှစ် စက်တင်ဘာလ (၂) ရက်နေ့တွင် ယူနက်စကို မသန်စွမ်းအခွင့်အရေး ဆိုင်ရာကော်မတီမှ အထွေထွေတင်ပြချက် (အမှတ် - ၄) ဖြင့်ထုတ်ပြန်ထားသော ကမ္ဘာ့ကုလသမဂ္ဂ မသန်စွမ်းသူအခွင့်အရေးများ ဆိုင်ရာ သဘောတူစာချုပ်ပါ "အပိုဒ် ၂၄ - လူတိုင်းအကျုံးဝင်ပညာ ရေးဆိုင်ရာအခွင့်အရေး" အသေးစိတ်တင်ပြချက်ကို ဘာသာပြန်ဆိုခွင့်ရရှိသောကြောင့် များစွာ ဝမ်းမြောက် ဂုဏ်ယူမိပါသည်။

လူတိုင်းအကျုံးဝင်ပညာရေးစနစ်အောင်မြင်ပြီး လက်တွေ့ကျင့်သုံးလာနိုင်ရန်အတွက် မရှိ မဖြစ်လိုအပ်နေသောအချက်တစ်ခုမှာ လူတိုင်းအကျုံးဝင်ပညာရေးနှင့်ပတ်သက်ပြီး အားလုံးမှ ရှင်းရှင်း လင်းလင်း သဘောပေါက်ရန်ဖြစ်ပါသည်။ ယနေ့မြန်မာနိုင်ငံတွင် လူတိုင်းအကျုံးဝင်ပညာရေးစနစ်ကို နားလည်သဘောပေါက်မှု အလွန်ကွဲပြားနေပါသည်။ ဤကဲ့သို့ မျက်မမြင်ပုဏ္ဏား ခြောက်ယောက် ကဲ့သို့ လူတိုင်းအကျုံးဝင်ပညာရေးအပေါ် ကွဲပြားခြားနားစွာအဓိပ္ပါယ်ဖွင့်ပြီး အချင်းချင်း ငြင်းခုံနေခြင်း

သည် လူတိုင်းအကျုံးဝင်ပညာရေးစနစ်အောင်မြင်ရန်အတွက် အကြီးမားဆုံးသော အဟန့်အတား တစ်ခု ဖြစ်သည်ဟုယုံကြည်ပါသည်။ ယူနက်စကိုမှပြင်ဆင်ထုတ်ဝေသော ဤလူတိုင်းအကျုံးဝင် ပညာရေးဆိုင်ရာအသေးစိတ် တင်ပြရှင်းလင်းချက်သည် လူတိုင်းအကျုံးဝင်ပညာရေး စနစ်အပေါ် အားလုံးမှသဘောပေါက်ပုံခြင်း တူညီလာရန်အတွက် များစွာအထောက်အကူပြုမည်ဟု ခိုင်မာစွာ ယုံကြည်ပါသည်။

ဒေင်ရိပ်မြုံအနေဖြင့် ကြိုးစားပြီးအကောင်းဆုံးဖြစ်အောင် ဘာသာပြန်ဆိုထားသော်လည်း ဘာသာပြန်ဆိုမှုတွင် လိုအပ်ချက်များစွာရှိနေသေးကြောင်းဝန်ခံပါသည်။ မှန်ကန်စွာမပြန်နိုင်သည့် အချက်များ၊ အသုံးအနှုန်းနှင့် စာလုံးပေါင်း မမှန်ကန်မှုများအတွက် ဘာသာပြန်ဖြန့်ဝေသူ၏ အားနည်းချက်များသာဖြစ်ပါကြောင်း ကြိုတင်ဝန်ခံပါသည်။ စာဖတ်သူများမှ ထောက်ပြပေးပါရန်နှင့် ပိုမိုကောင်းမွန်သောဘာသာပြန်ဆိုမှုဖြစ်လာရန်အတွက် စာဖတ်သူအားလုံးမှ ဝိုင်းဝန်းကူညီပေးကြပါ ရန် အနူးအညွတ်မေတ္တာရပ်ခံအပ်ပါသည်။

လူတိုင်းအကျုံးဝင်ပညာရေး၏အနှစ်သာရကို ရိုးရှင်းစွာ အားလုံးမှနားလည်သဘောပေါက် မည်ဆိုပါက လူတိုင်းအကျုံးဝင် ပညာရေးစနစ် အောင်မြင်ရန်အတွက် အရေးကြီးဆုံးသော အဟန့် အတားတံတိုင်းကြီးကို ဖြိုချရာရောက်သည်သာမက လူတိုင်းအကျုံးဝင်ပညာရေးစနစ် လက်တွေ့ အသက်ဝင်လာရန်အတွက် ပထမခြေလှမ်းကိုလှမ်းရာလည်းရောက်မည်ဖြစ်ပါသည်။ ဤဘာသာ ပြန်ဆိုချက်ကို ဖတ်ရှုခြင်းအားဖြင့် လူတိုင်းအကျုံးဝင်ပညာရေးကိုပိုမိုနားလည်လာရန် တစ်နည်းနည်း ဖြင့် အထောက်အကူပြုပါက ကြိုးစားပြန်ဆိုရကျိုးနပ်သည်ဟု ခံယူပါသည်။ ဖတ်ရှုသူများအားလုံးကို ကျေးဇူးတင်လျှက် -

(ထာအုပ်)

**မန်နေးဂျင်းဒါရိုက်တာ**

ဒေင်မသန်စွမ်းသက်ငယ်များပြုစုရာရိပ်မြုံ

Comparison of Original Version and Translated Version

**Committee on the Rights of Persons with Disabilities**

# General comment No. 4 (2016)

## Article 24: Right to inclusive education

၁။ သမိုင်းအစဉ်အလာအရ လူမှုဖူလုံရေးကို လက်ခံရယူသူများအဖြစ် ရှုမြင်ခဲ့ကြသည့် မသန်စွမ်းသူများကို အပြည့်ပြည့်ဆိုင်ရာ ဥပဒေအရ အခွင့်အရေးကို ပိုင်ဆိုင်သူများဖြစ်သည့် အလျောက်၊ ခွဲခြားဆက်ဆံမှုမရှိသည့် ပညာရေးနှင့်တန်းတူညီမျှ အခွင့်အရေးကို အခြားသူများနှင့်တန်းတူ တောင်းဆိုခွင့်ရှိသူများအဖြစ် အသိအမှတ်ပြုလာကြသည်။ ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက် (CRC – ၁၉၈၉)၊ ကမ္ဘာလုံးဆိုင်ရာအားလုံးအတွက် ပညာရေး (၁၉၉၀) ကြေငြာချက်၊ မသန်စွမ်းသူများအတွက် အခွင့်အရေးညီမျှစေခြင်းဆိုင်ရာ စံပြုအပ်သော စည်းမျဉ်းများ (၁၉၉၃)နှင့် ဆလာမန်ကာ ကြေငြာစာတမ်းနှင့် လုပ်ငန်းမူဘောင် (၁၉၉၄) တို့သည် မသန်စွမ်းသူများ၏ ပညာသင်ယူခွင့်ကို ပိုမိုသိရှိစေရန်နှင့် နားလည်သဘောပေါက်စေရန် အကောင်အထည်ဖော် ဆောင်ရွက်ကြပါသည်။

၂။ ပညာသင်ယူခွင့်ရရှိစေရေးအတွက် အဓိကသော့ချက်အဖြစ် လူတိုင်းအကျုံးဝင်မှုကို အသိအမှတ် ပြုခြင်းသည် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်က အားကောင်းလာပြီး ထိုသို့ အသိအမှတ်ပြုခြင်းကို ကမ္ဘာ့ကုလသမဂ္ဂ မသန်စွမ်းသူများအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (ယခုမှစ၍ သဘောတူစာချုပ်ဟု ဖော်ပြမည်) တွင် အလေးအနက် ဖော်ပြထားပါသည်။ ထိုသဘောတူစာချုပ်သည် လူတိုင်းအကျုံးဝင်ပညာရေး၏သဘောတရားကို ပထမဦးဆုံးသော တရားဝင်မိုငြမ်းချက် တစ်ရပ်လည်းဖြစ်သည်။ ရည်ရွယ်တည်တံ့သောဖွံ့ဖြိုးရေးရည်မှန်းချက် အမှတ်(၄)သည်လည်း အရည်အသွေးပြည့်ဝပြီး အားလုံးတန်းတူညီမျှသည့်ပညာရေးကို ခိုင်မာစွာပံ့ပိုးပေးသည်။ လူတိုင်းအကျုံးဝင်ပညာရေးသည် မသန်စွမ်းသူများအပါအဝင် ပညာသင်ယူသူများအားလုံးအတွက် အရည်အသွေးပြည့်ဝသည့် ပညာရေးတစ်ရပ်ကိုအောင်မြင်အောင်အကောင်အထည်ဖော်နိုင်စေရန် အရေးပါပြီး အားလုံးပါဝင်သော၊ ငြိမ်းချမ်းမျှတသောလူ့အသိုင်းအဝိုင်းတစ်ရပ်အတွက်လည်း အရေးပါသည်။ ထို့အပြင် အားကောင်းသည့် ပညာရေး၊ လူမှုရေးနှင့်စီးပွားရေးဖြစ်ရပ်တစ်ခုကို ပေါ်ပေါက်လာစေရန် ဆက်လက်လုပ်ဆောင်နိုင်သည်။ လူတိုင်းအကျုံးဝင်ပညာရေးသည် မသန်စွမ်းသူများအတွက် အရည်အသွေးမြင့် ပညာရေးနှင့် လူမှုရေးဆိုင်ရာဖွံ့ဖြိုးရေးကို ပေးစွမ်းနိုင်သည်ကို မသန်စွမ်းသူအခွင့်အရေးကိုလေ့လာချက် OHCHR (၂၀၁၃)က အတည်ပြုပေးပြီး ပညာသင်ကြားမှုအခွင့်အရေးကို အားလုံးရရှိစေရန်နှင့် ခွဲခြားမှုမရှိခြင်းကို အာမခံပေးထားသည်။ ဤသဘောတူစာချုပ်တွင် ထည့်သွင်းရေးသားထားသည့် ပညာသင်ယူပိုင်ခွင့်ကို ခိုင်မာလာစေရန်အတွက် အကျုံးဝင်ခြင်းသည် အဓိကအချက်ဖြစ်ကြောင်း အတိတ်ကာလ နှစ်ပေါင်း ၃၀ အတွင်း အတွေ့အကြုံမှ သေချာစေခဲ့ပြီဖြစ်ပါသည်။ ဤသင်ယူပိုင်ခွင့်ကို တိုက်တွန်းရုံသာမဟုတ်ဘဲ ပထမဆုံးအကြိမ်အနေဖြင့် ဥပဒေအရ အကာအကွယ်ပေးခြင်းဆိုင်ရာ အနေအထားသို့ ဖြစ်လာခဲ့ပါသည်။ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးပန်းတိုင် (၄)ကလည်း အရည်အချင်းရှိသော အကျုံးဝင် ပညာရေးနှင့် တန်းတူ ပညာရေး ရရှိစေရေးကို ခိုင်မာစေပါသည်။ လူတိုင်း အကျုံးဝင်ပညာရေးသည် မသန်စွမ်းသူများ အပါအဝင် သင်ယူသူအားလုံးမှ အရည်အချင်း ပြည့်ဝသော ပညာရေးရရှိခံစားနိုင်စေရန်၊ အကျုံးဝင်မှုစနစ် ဖွံ့ဖြိုးလာစေ

1. Historically viewed as welfare recipients, persons with disabilities are now recognised under international law as right-holders, with a claim to the right to education without discrimination and on the basis of equal opportunities. The United Nations Convention on the Rights of the Child (CRC, 1989), the World Declaration on Education for All (1990), the United Nations Standard Rules on Equalization of Opportunities for Persons with Disabilities (1993), and the Salamanca Declaration and Framework for Action (1994) all embody measures testifying to the growing awareness and understanding of the right of persons with disabilities to education.

2. Recognition of inclusion as the key to achieving the right to education has strengthened over the past 30 years, and is enshrined in the Convention on the Rights of Persons with Disabilities (herein after: the Convention), the first legally binding instrument to contain a reference to the concept of quality inclusive education. Sustainable Development Goal (SDG) 4 also affirms inclusive quality and equitable education. Inclusive education is central to achieving high quality education for all learners, including those with disabilities, and for the development of inclusive, peaceful and fair societies. Furthermore, there is a powerful educational, social, and economic case to be made. The OHCHR Thematic Study of the Rights of Persons with Disabilities to Education (2013) affirms that only inclusive education can provide both quality education and social development for persons with disabilities, and a guarantee of universality and non-discrimination in the right to education. Recognition of inclusion as the key to achieving the right to education has strengthened over the past 30 years, and is enshrined in the Convention on the Rights of Persons with Disabilities (herein after: the Convention), the first legally binding instrument to contain a reference to the concept of quality inclusive education. Sustainable Development Goal (SDG) 4 also affirms inclusive quality and equitable education. Inclusive education is central to achieving high quality education for all learners, including those with disabilities, and for the development of inclusive, peaceful and fair societies. Furthermore, there is a powerful educational, social, and economic case to be made. The OHCHR Thematic Study of the Rights of Persons with Disabilities to Education (2013) affirms that only inclusive education can provide both quality education and social development for

ရန်နှင့် ငြိမ်းချမ်းပြီး တရားမျှတသော လူမှုအဖွဲ့အစည်းဖြစ်လာစေရန်အတွက် အဓိကအချက်ဖြစ်ပါသည်။ ထိုအပြင် ပို၍ စွမ်းအားဖြင့် ထိရောက်သော၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးစနစ်များကို တည်ဆောက်ရဦးမည် ဖြစ်ပါသည်။

၃။ တိုးတက်မှုများကို ရရှိခဲ့သော်လည်း မသန်စွမ်းအခွင့်အရေးကော်မတီသည် (ယခုမှစ၍ ကော်မတီဟုဖော်ပြမည်)စိန်ခေါ်မှုများရှိနေသေးသည့်အပေါ် စိုးရိမ်မှုရှိသည်။ သန်းပေါင်းများစွာသော မသန်စွမ်းသူများသည် ပညာသင်ကြားခွင့်များကို ငြင်းပယ်ခြင်း ခံနေရဆဲဖြစ်ပြီး ထိုသူများထဲမှ ပညာသင်ယူခွင့်ရရှိသူများ အချို့တို့သည် ထိုသူတို့၏ဘဝတူ မိတ်ဆွေများနှင့်ဝေးကွာသည့် သီးခြားဖန်တီးထားသည့် အရည်အသွေး နိမ့်ကျသော အခြေအနေများတွင် ပညာသင်ကြားခွင့်ကိုသာ ရရှိနေသည်။

၄။ မသန်စွမ်းများအတွက် လူတိုင်းအကျုံးဝင်ပညာသင်ကြားနိုင်ခွင့်ကို တားဆီးပိတ်ပင်ထားသော အကြောင်းအရာ အမြောက်အမြားတွင် အောက်ပါအချက်အများပါဝင်သည်။

(က) မသန်စွမ်းမှုဆိုင်ရာ လူ့အခွင့်အရေးအမြင် နားလည်သဘောပေါက်မှုမရှိခြင်း သို့မဟုတ် အကောင်အထည်ဖော်ရန် ပျက်ကွက်ခြင်းတို့ဖြစ်သည်။ ထိုအမြင်အရ မသန်စွမ်းသူများ၏ ချို့ယွင်းချက်ဆိုတာထက် လူမှုအသိုင်းအဝိုင်းအတွင်းရှိ အတားအဆီးများက မသန်စွမ်းသူများကို ဘေးဖယ်ပထုတ်ထားပါသည်။

(ခ) မသန်စွမ်းများအပေါ် ခွဲခြားမှုကိုဆက်လက်ဖြစ်နေခြင်းသည် လူ့အသိုင်းအဝိုင်း အသီးသီးအတွင်းတွင် ကြာရှည်စွာတည်ရှိနေသည့် မသန်စွမ်းသူများကို သီးခြားဂေဟာများတွင် ထားရှိမှုများ၊ ပင်မပညာရေးစနစ်အပေါ် တွင် မျှော်လင့်ချက်ထားမှု နိမ့်ကျနေခြင်း၊ ပိုမိုတိုးတက်အောင်လုပ်ဆောင်ရန် မဖြစ်နိုင်ဟုထင်မြင်နေခြင်းနှင့် ကြောက်ရွံ့နေခြင်း၊ ထို့အပြင် ထိုအချက်များကို ပြင်ဆင်ရန် ကြိုးပမ်းမှုမရှိခြင်း စသည့် အကြောင်းအရာတို့နှင့် အဓိကဆက်စပ်လျှက်ရှိသည်။

(ဂ) လူတိုင်းအကျုံးဝင်ပညာရေး၊ ထိုပညာရေး၏အရည်အသွေးနှင့် မတူကွဲပြားမှုများ အကြောင်းနှင့် လူတိုင်းအကျုံးဝင်သင်ယူခြင်း၏ ထိရောက်မှုသဘောတရားနှင့် အကျိုးရလဒ်များအကြောင်းကို သိရှိမှုမရှိခြင်းနှင့် မိဘများထံသို့ သွားရောက် အသိပညာပေးနိုင်မှုမရှိခြင်းနှင့် လိုအပ်ချက်များကို ပံ့ပိုးပေးနိုင်ရန်သင့်လျော်သည့် တုန့်ပြန်နိုင်မှုများမရှိခြင်း၊ အကျုံးဝင်ခြင်းက ပညာရေး၏ အရည်အသွေးကို

persons with disabilities, and a guarantee of universality and non-discrimination in the right to education.

3. However, despite progress achieved, the Committee on the Rights of Persons with Disabilities (herein after: the Committee) is concerned that profound challenges persist. Many millions of persons with disabilities continue to be denied a right to education, and for many more, education is available only in settings where they are isolated from their peers and receive an inferior quality of provision

4. Barriers that impede access to inclusive education for persons with disabilities can be attributed to multiple factors, including:

(a) the failure to understand or implement the human rights model of disability, in which barriers within the community and society, rathe than personal impairments, exclude persons with disabilities;

(b) persistent discrimination against persons with disabilities, compounded by the isolation of those still living in long-term residential institutions, and low expectations about those in mainstream settings, allowing prejudices and fear to escalate and remain unchallenged;

(c) lack of knowledge about the nature and advantages of inclusive and quality education, and diversity, including regarding competitiveness, in learning for all; lack of outreach to all parents and lack of appropriate responses to support requirements, leading to misplaced

လျော့ကျစေသည် (သို့) အခြားသူများအပေါ် ဆိုးကျိုးသက်ရောက်စေသည်ဟု မှားယွင်းသည့် စိုးရိမ်မှုများ၊ အတွေးအမြင်များ ဘက်သို့ ဦးတည်သွားခြင်း

(ဃ) ပွင့်လင်းမြင်သာမှုရှိရန်နှင့် လုပ်ငန်းများစတင်လုပ်ကိုင်ရန် လိုအပ်သော စနစ်တကျ ခွဲခြားကောက်ခံထားသည့် အချက်အလက်များနှင့် သုတေသနမရှိခြင်း၊ ထိုသို့ မရှိခြင်းက လူတိုင်းအကျုံးဝင်သော အရည်အသွေးပြည့်ဝသည့် ပညာရေးကို မြှင့်တင်ရန်အတွက် ထိရောက်သော ပေါ်လစီများ ချမှတ်ခြင်း၊ ဖြေရှင်းဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ခြင်းတို့ကို တားဆီးပိတ်ပင်ထားပါသည်။

(င) နိုင်ငံရေးနှင့် မူဝါဒအပိုင်းမှ စိတ်ဝင်စားမှုမရှိခြင်း၊ နည်းပညာမရှိခြင်းနှင့် သင်ကြားရေး ဝန်ထမ်းအားလုံးတွင် သင်ကြားမှုပညာရေး ပြည့်စုံလုံလောက်မှုမရှိခြင်း အပါအဝင် လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာ အခွင့်အရေးကို အကောင်အထည်ဖော်ဆောင်သည့်၊ သင်ကြားပေးမည့် ဝန်ထမ်းများ မရှိခြင်း၊

(စ) မသန်စွမ်းကျောင်းသားများပါဝင်စေရန် ဆွဲဆောင်နိုင်သည့်မက်လုံးနှင့်သင့်လျော်သော အခြေအနေတစ်ရပ်ဖန်တီးရန် သင့်လျော်မှန်ကန်မှုမရှိခြင်းနှင့် ပြည့်စုံသည့် ဘဏ္ဍာငွေယန္တရားမရှိခြင်း။

(ဆ) အခွင့်အရေးချိုးဖောက်ပါက ဥပဒေဆိုင်ရာအကူအညီများနှင့် လုပ်ထုံးလုပ်နည်း၊ နည်းလမ်းများမရှိခြင်း။

၅။ ပါဝင်ဖက် နိုင်ငံများသည် သဘောတူညီချက် အပိုဒ် (၃)အရ ထိုသဘောတူညီချက်တွင်ပါဝင်သည့်အခြေခံသဘောတရားများအတိုင်း အကောင်အထည်ဖော်ဆောင်ရန်နှင့် လူတိုင်းအကျုံးဝင် ပညာရေးစနစ် လုပ်ငန်းစဉ်နှင့် ရလဒ်များကို သေချာစေရန် လုပ်ဆောင်ရမည်။

၆။ ယေဘုယျ မှတ်ချက်မှာ အမှန်တကယ် မသန်စွမ်းသူ သို့မဟုတ် မသန်စွမ်းမှုရှိသည်ဟု ယူဆနိုင်သူများအားလုံးအတွက် အကျုံးဝင်သည်။ အချို့သောအုပ်စုများ၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်းဆိုင်ရာ ချို့ယွင်းချက်ရှိသူများ၊ သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်ရှိသူများ၊ အမြင်အကြားချို့ယွင်းသူများ၊ ဉာဏ်ရည်ချို့တဲ့သူများ သို့မဟုတ် လူသားချင်းဆိုင်ရာအရေးပေါ် အခြေအနေများတွင် ရှိနေသည့် မသန်စွမ်းသူများသည် ပညာရေးမှချန်လုပ် ခံရနိုင်ချေသည် အခြားသူများထက် ပိုမိုများသည်ကို ကော်မတီက အသိအမှတ်ပြုသည်။

fears, and stereotypes, that inclusion will cause a deterioration in the quality of education, or otherwise impact negatively on others;

(d) lack of disaggregated data and research, necessary for accountability and program development, impeding the development of effective policies and interventions to promote inclusive and quality education;

(e) lack of political will, technical knowledge, and capacity in implementing the right to inclusive education including insufficient education of all teaching staff;

(f) inappropriate and inadequate funding mechanisms to provide incentives and reasonable accommodations for inclusion of students with disabilities, inter-ministerial coordination, support and sustainability;

(g) lack of legal remedies and mechanisms to claim redress for violations

5. States parties must have regard for the underlying general principles of the Convention in all measures undertaken to implement inclusive education and must ensure that both the process and outcomes of developing an inclusive education system comply with article.

6. The General Comment is applicable to all persons with actual or perceived disabilities. The Committee recognizes that some groups are more at risk of exclusion from education than others, such as: persons with intellectual disabilities or multiple disabilities, persons who are deafblind, persons with autism or persons with disabilities in humanitarian emergencies.

၇။ သဘောတူညီချက်အပိုဒ် (၄)၊ စာပိုဒ် (၃) အရ၊ ပါဝင်ဘက်နိုင်ငံများသည် လူတိုင်းအကျုံးဝင် ပညာရေးဆိုင်ရာမူဝါဒများအတွက် လုပ်ငန်းစဉ်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ခြင်း၊ စဉ်ဆက်မပြတ်စောင့်ကြည့်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းများလုပ်ဆောင်ရာတွင် မသန်စွမ်းသူများ၊ မသန်စွမ်းကလေးငယ်ဖြစ်ပါက ကိုယ်စားပြုအဖွဲ့အစည်းများနှင့်တိုင်ပင် ဆွေးနွေးခြင်းကာ တက်ကြွစွာ ပူးပေါင်းပါဝင်စေခြင်းတို့ ဆောင်ရွက်ရမည်။

၈။ အပိုဒ် (၂၄)၊ စာပိုဒ် (၁)အရ နိုင်ငံတော်အဖွဲ့အစည်းများသည် မသန်စွမ်းသူများ၏ ပညာသင်ကြားခွင့်ဆိုင်ရာအခွင့်အရေးကို မူလတန်းအကြို၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် အထက်တန်းလွန်ပညာရေး၊ သက်မွေးဝမ်းကျောင်းသင်တန်းများနှင့် ဘဝတစ်သက်တာသင်ယူခြင်းများ၊ အပိုသင်ဘာသာရပ်ပါ သင်ရိုးညွှန်းတမ်းနှင့် လူမှုလုပ်ငန်းများအပါအဝင် လူတိုင်အကျုံးဝင် ပညာရေးစနစ်၏ အဆင့်များ အားလုံးတွင် မဖြစ်မနေအကောင်အထည်ဖော် ဆောင်ရွက်ရမည်။ မသန်စွမ်းသူများအပါအဝင် ကျောင်းသားများအားလုံးအတွက် ခွဲခြားဆက်ဆံမှုမရှိသည့်၊ အခြားသူများနှင့်တူညီသည့် လူတိုင်းအကျုံးဝင်ပညာရေးကို အကောင်အထည်ဖော်ရမည်။

၉။ လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာအခွင့်အရေး၏ ဖြစ်နိုင်ချေများကိုတားဆီးနေသည့် အကာအရံများကို ဖယ်ရှားရန် သန္နိဋ္ဌာန် ချမှတ်ခြင်းနှင့်အတူ ကျောင်းသားတစ်ဦးတစ်ယောက်ချင်းစီ၏ လိုအပ်ချက်နှင့် ကိုယ်ပိုင်လက္ခဏာ မတူညီကွဲပြားမှုကို ပြေလည်စေသည့် ကျောင်းတွင်းနှင့် ကျောင်းပြင်ပ ပညာရေးပတ်ဝန်းကျင် ပေါ်ပေါက်ခြင်းသည် ယဉ်ကျေးမှု၊ မူဝါဒနှင့် အလေ့အကျင့် အပြောင်းအလဲ တစ်ရပ်ပေါ်တွင် တည်မှီနေသည်။ ထိုအချက်တွင် သင်ယူသူများ အားလုံးထံသို့ ရောက်ရှိရန် ပညာရေးစနစ်၏ စွမ်းရည်ကို မြှင့်တင်ပေးခြင်းလည်း ပါဝင်သည်။ ထိုအချက်သည် ကျောင်းသားများအားလုံး၏ အထူးသဖြင့် အကြောင်းအမျိုးမျိုးကြောင့် ဖယ်ကြဉ်ထားခြင်းခံရသည့် သို့မဟုတ် ဖယ်ကြဉ်ထားခံရနိုင်ချေရှိသည့် ကျောင်းသားများ၏ ထိရောက်သော အပြည့်အဝ ပူးပေါင်းပါဝင်မှု၊ လက်လှမ်းမှီမှု၊ တက်ရောက်သင်ကြားမှုနှင့် အောင်မြင်မှုတို့ကို အာရုံစိုက်လုပ်ဆောင်သည်။ အားလုံးပါဝင်ခြင်းတွင် အရည်အသွေး ပြည့်ဝသည့် ကျောင်းတွင်းကျောင်းပြင်ပ ပညာရေးကို ခွဲခြားဆက်ဆံခံရမှုကင်းရှင်းစွာဖြင့် လက်လှမ်းမှီမှုနှင့် တိုးတက်ပြောင်းလဲလာမှုတို့ပါဝင်သည်။ ထိုအပြင် အန္တရာယ်ရှိသည့် လူ့အသိုင်းအဝိုင်း၏ အဆိုးမြင်မှုများပယ်ဖျက်ခြင်း၊ မတူကွဲပြား မှုများကို သတိပြုခြင်း၊ ပူးပေါင်းပါဝင်ခြင်းကို မြှင့်တင်ပေးခြင်းနှင့် အားလုံးအတွက် ပညာသင်ယူရေးနှင့် မသန်စွမ်းကျောင်းသားများ၏ အကျိုးနှင့်အောင်မြင်မှုများကို ဦးတည်သည့် ပူးပေါင်းပါဝင်ရေးတို့ ပါဝင်သည်။ လူတိုင်းအကျုံးဝင် ပညာရေးစနစ်သည် ပညာရေးစနစ်ကို ဥပဒေအရ၊ မူဝါဒ အရ၊ ရံပုံငွေ ခွဲဝေသုံးစွဲမှုအရ စီမံမှု ဒီဇိုင်း၊ ဝန်ဆောင်မှုဖြန့်ဝေခြင်းနှင့် စောင့်ကြည့်လေ့လာရေးကဏ္ဍများတွင် အနှစ်သာရ ပြည့်ဝစေပြီး ထိရောက်သည့် ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ရရှိစေပါသည်။

7. Consistent with Article 4, paragraph 3, States parties must consult with and actively involve persons with disabilities, including children with disabilities, through their representative organisations (OPDs), in all aspects of planning, implementation, monitoring and evaluation of inclusive education policies. Persons with disabilities and, when appropriate, their families, must be recognised as partners and not merely recipients of education.

8. According to article 24, paragraph 1, States parties must ensure the realization of the right of persons with disabilities to education through an inclusive education system at all levels, including pre-schools, primary, secondary and tertiary education, vocational training and lifelong learning, extracurricular and social activities, and for all students, including persons with disabilities, without discrimination and on equal terms with others.

9. The right to inclusive education encompasses a transformation in culture, policy and practice in all formal and informal educational environments to accommodate the differing requirements and identities of individual students, together with a commitment to remove the barriers that impede that possibility. It involves strengthening the capacity of the education system to reach out to all learners. It focuses on the full and effective participation, accessibility, attendance and achievement of all students, especially those who, for different reasons, are excluded or at risk of being marginalized. Inclusion involves access to and progress in high-quality formal and informal education without discrimination. It seeks to enable communities, systems and structures to combat discrimination, including harmful stereotypes, recognize diversity, promote participation and overcome barriers to learning and participation for all by focusing on well-being and success of students with disabilities. It requires an in-depth transformation of education systems in legislation, policy, and the mechanisms for financing, administration, design, delivery and monitoring of education.

၁၀။ လူတိုင်အကျုံးဝင်ပညာရေးကို အောက်ပါအတိုင်းနားလည်နိုင်သည်။

(က) ပညာသင်ယူသူများအားလုံး၏ အခြေခံလူ့အခွင့်အရေးတစ်ရပ် - အထူးသဖြင့် ပညာရေးသည် ပညာသင်ကြားသူ တစ်ဦးချင်းစီ၏ အခွင့်အရေးဖြစ်သည်။ ကလေးသူငယ်များအတွက်တွင်မူ မိဘနှင့် စောင့်ရှောက်သူများ၏ အခွင့်အရေး တစ်ရပ်လည်း မဟုတ်ပါ။မိဘအုပ်ထိန်းသူများ၏ တာဝန်များမှာ ကလေး၏အခွင့် အရေးကို ရရှိအောင် ပံ့ပိုးကူညီခြင်းဖြစ်သည်။

(ခ) ကျောင်းသားအားလုံး၏ ချမ်းသာသုခကို တန်ဖိုးထားသော၊ သူတို့၏ မွေးရာပါ ဂုဏ်သိက္ခာနှင့် ကိုယ်တိုင်ရွေးချယ်ဆုံးဖြတ်ခွင့်ကို တန်ဖိုးထားလေးစားသော၊ လူမှုအသိုင်းအတွင်း ပါဝင်နိုင်ရေးနှင့် ပြန်လည်အကျိုးပြုနိုင်ရေးတို့အတွက် တစ်ဦးချင်းစီ၏ လိုအပ်ချက်များနှင့် စွမ်းဆောင်ရည်များကို အသိအမှတ်ပြု လက်ခံသော အခြေခံစည်းမျဉ်းတစ်ခု ဖြစ်ပါသည်။

(ဂ) အခြားသော လူ့အခွင့်အရေးများကို လက်တွေ့ဖြစ်စေမည့် နည်းစေမည့် နည်းလမ်းတစ်ခု။ (လူတိုင်းအကျုံးဝင်ပညာရေးစနစ်သည်)မသန်စွမ်းသူများအနေ ဖြင့် ဆင်းရဲနွမ်းပါးမှုမှ မိမိတို့ ဘာသာမိမိတို့ ရုန်းထွက်စေနိုင်သော အခြေခံ နည်းလမ်းတစ်ခု ဖြစ်ပါသည်။ ထိုနည်းဖြင့် မသန်စွမ်းသူများ ရပ်ရွာလူမှုအသိုင်း အဝိုင်းအတွင်း အပြည့်အဝ ပါဝင်စေပါသည်။ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများကို လည်း ကာကွယ်နိုင်ပါသည်။ ထိုနည်းလမ်းဖြင့် လူတိုင်းအကျုံးဝင်သော လူမှုအသိုင်းအဝိုင်း ဖြစ်စေပါသည်။

(ဃ) ကျောင်းသားများအားလုံး ပညာသင် ယူနိုင်ရန်အတွက် ပညာသင်ကြားခွင့် အခွင့် အရေးကိုကာဆီးထားသည့် အတားအဆီးများကို အဆုံးသတ်ရန်အတွက် အဆက်မပြတ်နှင့် ခိုင်မာသည့် သန္နိဋ္ဌာန် ချမှတ်သည့်ဖြစ်စဉ်တစ်ခု၏ ရလဒ်သည် ယဉ်ကျေးမှု၊ မူဝါဒနှင့် အလေ့အကျင့်များ ပြောင်းလဲကာ သာမန်ကျောင်းများ၌ ကျောင်းသားများ အားလုံးကိုပါဝင်လာစေရန် နေရာပေးမှုတို့ ဖြစ်သည်။

၁၁။ ကော်မတီသည် ဘေးဖယ်ထုတ်ထားမှု၊ သီးသန့်ခွဲထုတ်ထားမှု၊ ရောယှက်ပါဝင်ခြင်း၊ အကျုံးဝင်-ပါဝင်ခြင်း အကြားကွဲပြားခြားနားမှုများကို သိရှိနားလည်ရန် အရေးကြီးပုံကို အလေးထား သည်။

10. Inclusive education is to be understood as:

(a) A fundamental human right of all learners. Notably, education is the right of the individual learner, and not, in the case of children, the right of a parent or caregiver. Parental responsibilities in this regard are subordinate to the rights of the child.

(b) A principle that values the well-being of all students, respects their inherent dignity and autonomy, acknowledges individual requirements and ability to effectively be included in and contribute to society.

(c) A means of realizing other human rights. It is the primary means by which persons with disabilities can lift themselves out of poverty, obtain the means to participate fully in their communities, and be safeguarded from exploitation. It is also the primary means through which to achieve inclusive societies.

(d) the result of a process of continuing and pro-active commitment to eliminate barriers impeding the right to education, together with changes to culture, policy and practice of regular schools to accommodate and effectively include all students.

11. The Committee highlights the importance of recognising the differences between exclusion, segregation, integration and inclusion.

**သီးခြားဖယ်ထုတ်ထားမှု** သည်ကျောင်းသားများအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ပညာသင်ကြား ခွင့်ကို ပုံစံအမျိုးမျိုးဖြင့် တားဆီးပိတ်ပင်ထားခြင်း သို့မဟုတ် လက်လှမ်းမီမှုမရရှိစေရန် ငြင်းဆိုခြင်းကြောင့် ဖြစ်သည်။ သီးသန့်ခွဲထုတ်ထားမှုသည် မသန်စွမ်းသူများ၏ပညာရေးကို ထိုသူတို့အတွက်သီးသန့်ဖန်တီးထားသည့် သီးခြားပတ်ဝန်းကျင်တွင် သို့မဟုတ် မသန်စွမ်းမှု အမျိုးအစားအပေါ် မူတည်သည့် သီးခြားပုံစံ သို့မဟုတ် သန်စွမ်းကလေးများနှင့် မရောနှောထားဘဲ သီးခြားခွဲထားသည့် ပုံစံမျိုးစုံဖြင့် ပညာသင်ကြားခြင်းအဖြစ် တွေ့ရှိရသည်။

**ရောယှက်ပါဝင်ခြင်း** ဆိုသည်မှာ လက်ရှိ သွားနေသော ပညာရေးလမ်းကြောင်း၊ စနစ်အတွင်းသို့ မသန်စွမ်းသူများကို ဆွဲသွင်းကာ စနစ်၏ သတ်မှတ်ထားသော လိုအပ်ချက်များနှင့်ကိုက်ညီအောင် မသန်စွမ်းကလေးကို ပြုပြင်သည့် ဖြစ်စဉ်ကို ဆိုလိုသည်။

**အကျုံးဝင်-ပါဝင်ခြင်းတွင်** အပြောင်းအလဲများစွာပါဝင်သည့် စနစ်တကျပြောင်းလဲမှု ဖြစ်စဉ်တစ်ခု ဖြစ်ပြီး ကျောင်းသားများအားလုံး အတွက်ပညာသင်ကြားမှုဆိုင်ရာအခက်အခဲများကို ကျော်လွှားနိုင်စေရန် အခြေခံအကြောင်းအရာ၊ သင်ကြားရေးနည်းလမ်းများ၊ လမ်းစဉ်များ၊ ဖွဲ့စည်းပုံများနှင့် နည်းဗျူဟာများကို ပြုပြင်မွမ်းမံခြင်းတို့ပါဝင်သည်။ ထို့အပြင် ကျောင်းသားများ၏အကျိုးကိုစွကိုဆောင်ရွက်ရန် အာရုံထားခြင်းဖြင့် အသက်အပိုင်းအခြားအလိုက် ထိုကျောင်းသားများ၏ လိုအပ်ချက်များနှင့် နှစ်သက်မှုများကို လိုက်လျောညီထွေမှုရှိအောင် အကောင်းဆုံးလုပ်ဆောင်ပေးသည့် တန်းတူညီမျှ ရှိပြီး ပူးပေါင်းပါဝင်နိုင်သည့် ပညာသင်ယူမှုအတွေ့အကြုံများနှင့် ပတ်ဝန်းကျင်လည်း ပါဝင်သည်။ မသန်စွမ်းကျောင်းသားများကို ဖွဲ့စည်းပုံစနစ်များပြောင်းလဲမှုမရှိသည့် ပင်မပညာရေး၏ စာသင်ခန်းများတွင် ပညာသင်ကြားစေခြင်းဖြင့် ဥပမာ - အဖွဲ့အစည်း၊ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားပုံနှင့် သင်ယူမှုနည်းဗျူဟာများအားလုံးသည် လူတိုင်း အကျုံးဝင်ခြင်းကို မတည်ဆောက်နိုင်ပါ။ ထို့အပြင် ချိတ်ဆက်ဆောင်ရွက်မှုသည် ခွဲခြားထားခြင်းမှ ပါဝင်ခြင်းသို့ ပြောင်းလဲနိုင်မည်ဟု အာမခံချက် မပေးနိုင်ပါ။

၁၂။ အဓိကကျသည့် လူတိုင်းအကျုံးဝင်ပညာရေး၏ အင်္ဂါရပ်များမှာ

(က) စနစ်တစ်ခုလုံးပြောင်းလဲခြင်း နည်းလမ်း - ပညာရေးဝန်ကြီးဌာနများသည် လူတိုင်းအကျုံးဝင်ပညာရေးကို မြှင့်တင်ရန်အတွက် အရင်းအမြစ်များကို သေချာစွာ ရင်းနှီးမြှုပ်နှံရမည်ဖြစ်ပြီး အပြောင်းအလဲကို စတင်မိတ်ဆက်ခြင်းနှင့် အဖွဲ့အစည်းများအတွင်းရှိ ယဉ်ကျေးမှု၊ မူဝါဒများနှင့် အလေ့အကျင့်များကို လိုအပ်သည့်ပြောင်းလဲမှုများ ပြုလုပ်ရမည်ဖြစ်သည်။

(ခ) ပညာရေးပတ်ဝန်းကျင်တစ်ရပ် - ပညာရေးအဖွဲ့အစည်းများ၏ သန္နိဋ္ဌာန်ခိုင်မာသည့် ခေါင်းဆောင်မှုပေးခြင်းသည် မရှိမဖြစ် လိုအပ်ပါသည်။ လူတိုင်းအကျုံးဝင် ပညာရေးစနစ်ကို အဆင့်တိုင်းတွင် လက်တွေ့ဖြစ်လာရန် လိုအပ်နေသော -

*Exclusion* occurs when students are directly or indirectly prevented from or denied access to education in any form. *Segregation* occurs when the education of students with disabilities is provided in separate environments designed or used to respond to a particular or various impairments, in isolation from students without disabilities.

*Integration* is a process of placing persons with disabilities in existing mainstream educational institutions, as long as the former can adjust to the standardized requirements of such institutions.

*Inclusion* involves a process of systemic reform embodying changes and modifications in content, teaching methods, approaches, structures and strategies in education to overcome barriers with a vision serving to provide all students of the relevant age range with an equitable and participatory learning experience and environment that best corresponds to their requirements and preferences. Placing students with disabilities within mainstream classes without accompanying structural changes to, for example, organisation, curriculum and teaching and learning strategies, does not constitute inclusion. Furthermore, integration does not automatically guarantee the transition from segregation to inclusion.

12. The core features of inclusive education are:

(a) Whole systems approach: education ministries must ensure that all resources are invested toward advancing inclusive education, and toward introducing and embedding the necessary changes in institutional culture, policies and practices.

(b) Whole educational environment: the committed leadership of educational institutions is essential to introduce and embed the culture, policies and practices to achieve inclusive education at all levels:

စာသင်ခန်း အခြေပြုသင်ကြားခြင်းနှင့် ဆက်ဆံရေးများ၊ ဘုတ်အစည်းအဝေးများ၊ ဆရာမှကြပ်မတ်ခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်းဝန်ဆောင်မှုများနှင့်ကျန်းမာရေး စောင့်ရှောက်မှု၊ ကျောင်းမှ စီစဉ်သည့် ခရီးများ၊ ငွေကြေးခွဲဝေခြင်းနှင့် မသန်စွမ်း ကျောင်းသားဖြစ်စေ၊ သန်စွမ်းသူ ကျောင်းသားဖြစ်စေ၊ ထိုကျောင်းသား မိဘများနှင့်အတူဆောင်ရွက်သည့် မည်သည့် ကြားဝင်လုပ်ဆောင်ချက်များကို မဆိုနှင့် ဖြစ်နိုင်ပါက ရပ်ရွာဒေသနှင့် ပိုမိုကျယ်ပြန့်သော ပြည်သူများအကြားတွင် အောင်မြင်မှုရရှိစေရန်အတွက် မိတ်ဆက်ခြင်းနှင့် ယဉ်ကျေးမှု၊ မူဝါဒများနှင့် အလေ့အကျင့်များကို ထည့်သွင်းစဉ်းစားခြင်းတို့အတွက် မရှိမဖြစ်အရေးပါသည်။

(ဂ) လူသားဖြစ်ခြင်းကို ချဉ်းကပ်နည်း- လူတိုင်းသည်သင်ယူနိုင်စွမ်းရှိသည်ကို အသိအမှတ်ပြုပြီး မသန်စွမ်းများသူအပါအဝင် သင်ယူသူများအားလုံးအပေါ် မျှော်လင့်ချက်မြင့်မားစွာ ထားရှိရမည်။ လူတိုင်းအကျုံးဝင်ပညာရေးသည် ကွဲပြားသည့် အားသာချက်များ၊ လိုအပ်ချက်များ၊ သင်ယူမှုပုံစံများနှင့် ကိုက်ညီအောင်ချိန်ညှိပေးနိုင်သည့် အလွယ်တကူ အလိုက်သင့် ပြောင်းလဲနိုင်သည့် သင်ရိုးညွှန်းတမ်းများ၊ သင်ကြားခြင်းနှင့်သင်ယူခြင်း ဆိုင်ရာနည်းလမ်းများကို ပံ့ပိုးပေးသည်။ ဤနည်းလမ်းသည် ကူညီပံ့ပိုးမှုပေးခြင်း၊ သင့်လျော်သည့်အခြေအနေများ ဖန်တီးပေးခြင်းနှင့် ရှေးဦးအရွယ် ကလေးပြုစုခြင်းတို့နှင့်သက်ဆိုင်သည်။ သို့မှသာ သူတို့၏ဖြစ်နိုင်ချေများကိုပြည့်မီစေမည်ဖြစ်သည်။ သင်ကြားခြင်းလုပ်ငန်းစဉ်များကို ရေးဆွဲသတ်မှတ်ရာတွင် သင်ယူသူ၏ စွမ်းဆောင်ရည်များနှင့် မျှော်လင့်ချက်များကို ဦးတည်အခြေခံပြီးဆောင်ရွက်သင့်သည်။ ထိုအချက်သည် သင့်လျော်သည့်ပံပိုးမှုများနှင့်အတူလက်လှမ်းမီနိုင်သည့်သင်ကြားမှုပတ်ဝန်းကျင်ရှိ လူတိုင်းအကျုံးဝင်သည့် စာသင်ခန်းအခြေပြု သင်ကြားခြင်းကို သေချာစေခြင်းဖြင့် ပညာရေးစနစ်များအတွင်း ခွဲခြားဆက်ဆံခြင်းကို အဆုံးသတ်စေသည်။ ပညာရေးစနစ်ဆိုသည်မှာ ကလေးကို စနစ်နှင့်ကိုက်ညီအောင် ရိုက်သွင်းခြင်းထက် တစ်ဦးချင်းစီ၏ပညာရေးဆိုင်ရာ လိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးရန် ဖြစ်သင့်ပါသည်။

(ဃ) ဆရာများကို ပံ့ပိုးပေးခြင်း - လူတိုင်းအကျုံးဝင်သင်ယူသည့် ပတ်ဝန်းကျင်များကို ဖန်တီးပေးရာတွင် အရေးပါသည့် စံတန်ဖိုးထားမှုများနှင့် ကျွမ်းကျင်မှုများကို မသန်စွမ်းဆရာများ အပါအဝင် ဆရာများနှင့် အခြားဝန်ထမ်းများ အားလုံး အသိ

classroom teaching and relationships, board meetings, teacher supervision, counselling services and medical care, school trips, budgetary allocations and any interface with parents of learners with and without disability when applicable, the local community or wider public.

(c) Whole person approach: recognition is given to the capacity of every person to learn, and high expectations are established for all learners, including learners with disabilities. Inclusive education offers flexible curricula, teaching and learning methods adapted to different strengths, requirements and learning styles. This approach implies the provision of support and reasonable accommodation and early intervention so that they are able to fulfil their potential. The focus is on learners' capacities and aspirations rather than content when planning teaching activities. It commits to ending segregation within educational settings by ensuring inclusive classroom teaching in accessible learning environments with appropriate supports. The education system must provide a personalized educational response, rather than expecting the student to fit the system.

(d) Supported teachers: All teachers and other staff receive education and training giving them the core values and competencies to accommodate inclusive learning environments, which include teachers

ပညာပေးခြင်းနှင့် သင်တန်းများ ရရှိခြင်းတို့ပါဝင်သည်။ လူတိုင်းအကျုံးဝင် ယဉ်ကျေးမှုသည် ပူးပေါင်းဆောင်ရွက်ခြင်း၊ အပြန်အလှန်သင်ယူခြင်းနှင့် အခက်အခဲပြဿနာများကို ဖြေရှင်းပေးခြင်းဖြင့် လက်လှမ်းမှီပြီး ကူညီပံ့ပိုးမှုပေးနိုင်သည့် ပတ်ဝန်းကျင်တစ်ရပ်ကို ရရှိစေသည်။

(င) မတူကွဲပြားခြင်းအပေါ် တန်ဖိုးထားလေးစားခြင်း - သင်ယူမှုပတ်ဝန်းကျင်တစ်ခုလုံးရှိသူများအားလုံးသည် မသန်စွမ်းမှု၊ လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ပြောဆိုဆက်သွယ်သည့် ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှု၊ နိုင်ငံရေးခံယူချက်၊ နိုင်ငံသား၊ တိုင်းရင်းသားမျိုးနွယ်၊ ဒေသခံဖြစ်မှု သို့မဟုတ် လူမှုရေးဆိုင်ရာ အခြေခံမူလဖြစ်တည်မှု၊ ရုပ်ဂုဏ္ဍပိုင်ဆိုင်မှု၊ မွေးဖွားမှု၊ အသက် သို့မဟုတ် အခြားအခြေအနေတို့တွင် မတူကွဲပြားမှုကို လေးစားစွာဖြင့် တန်းတူညီမျှစွာ ကြိုဆိုခြင်းကို ရရှိမည်ဖြစ်သည်။ ကလေးအားလုံးကို တန်ဖိုးထားလေးစားသည်။ ပါဝင်အောင် ထည့်သွင်းဆောင်ရွက်သည်။ ၎င်းတို့ ပြောကြားမှုများကို နားထောင်ကြသည်။ အလွဲသုံးစား အပြုခံရခြင်း၊ အနိုင်ကျင့်ခြင်းတို့ကို တားမြစ်သည့် ထိရောက်သော ဆောင်ရွက်ချက်များကို ဆောင်ရွက်ရန် အစီအစဉ်တကျ ရှိသည်။ လူတိုင်းအကျုံးဝင် ပါဝင်ခြင်းသည် ကျောင်းသားတစ်ဦးချင်းကို ဗဟိုပြုသောစနစ်ကို ကျင့်သုံးသည်။

(စ) သင်ယူပျော် ကျောင်းပတ်ဝန်းကျင် - သင်ယူပျော် ကျောင်းပတ်ဝန်းကျင်သည် လူတိုင်းအတွက် လုံခြုံမှုကိုခံစားရမှု၊ ကူညီပံ့ပိုးမှု၊ စိတ်ဓါတ်တက်ကြွစေရန် လှုံ့ဆော်မှုနှင့် မိမိအကြောင်းကို လွတ်လပ်စွာဖော်ပြနိုင်မှု စသည်တို့ဖြင့်ပြည့်စုံသည့် ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးပေးရမည်။ အပြုသဘောဆောင်သည့် ကျောင်းပတ်ဝန်းကျင် အသိုက်အဝန်းတစ်ခုဖြစ်အောင် တည်ဆောက်ရာတွင် ကျောင်းသူ၊ ကျောင်းသားများကိုယ်တိုင် ပါဝင်စေရမည်။ အခြားဘဝတူအုပ်စုများအတွင်းတွင်လည်းအချင်းချင်းသင်ယူခြင်း၊အပြုသဘောဆောင်ဆက်ဆံရေးများ၊ မိတ်ဖက်ပြု လုပ်ခြင်းများနှင့် လက်ခံမှုများကိုလည်း ရရှိစေရမည်။

(ဆ) ထိရောက်သောအပြောင်းအလဲများ - မသန်စွမ်းကျောင်းသားများသည် ကျောင်းတွင်း သင်ကြားခြင်းမှ အသက်မွေးဝမ်းကြောင်းနှင့် အထက်တန်းလွန်ပညာရေးသို့ အောင်မြင်စွာ ပြောင်းလဲနိုင်စေရန်အတွက် အထောက်အပံ့များ ရရှိပြီး နောက်ဆုံးတွင် အလုပ်လုပ်ကိုင်နိုင်စေရန်ဖြစ်သည်။ သင်ယူသူများ၏ စွမ်းဆောင်ရည်များနှင့် မိမိကိုယ်ကိုယုံကြည်မှုများကို ဖွံ့ဖြိုးတိုးတက်စေပြီး အကဲဖြတ်ခြင်းနှင့်

with disabilities. The inclusive culture provides an accessible and supportive environment which encourages working through collaboration, interaction and problem-solving.

(e) Respect for and value of diversity: All members of the learning community are welcomed equally, with respect for diversity according to, inter alia, disability, race, colour, sex, language, linguistic culture, religion, political or other opinion, national, ethnic, indigenous or social origin, property, birth, age or other status. All students must feel valued, respected, included and listened to. Effective measures to prevent abuse and bullying are in place. Inclusion takes an individual approach to students.

(f) Learning-friendly environment: Inclusive learning environments must create an accessible environment where everyone feels safe, supported, stimulated and able to express themselves, with a strong emphasis on involving students themselves in building a positive school community. Recognition is afforded to the peer group in learning, building positive relationships, friendships and acceptance.

(g) Effective transitions: Learners with disabilities receive the support to ensure the effective transition from learning at school to vocational and tertiary education, and finally to work. Learners' capacities and confidence are developed and learners receive reasonable accommodation and equality regarding assessment and examination

စာမေးပွဲ စစ်ဆေးခြင်းဖြစ်စဉ်များအတွက် သင့်တင့်လျော်ကပ်တသော အခြေအနေနှင့် တန်းတူညီမျှမှုတို့ရရှိကာ သူတို့၏စွမ်းရည်များအတွက် အသိအမှတ်ပြုလက်မှတ်ပေးခြင်းတို့ဖြင့် အခြားသူများကဲ့သို့တူညီသည့် အောင်မြင်မှုများ ရရှိမည်ဖြစ်သည်။

(ဇ) မိတ်ဖက်ဆောင်ရွက်ခြင်းများကို အသိအမှတ်ပြုခြင်း - ဆရာအစည်းအရုံးများ၊ ကျောင်းသားအစည်းအရုံးများ၊ ဖက်ဒရေးရှင်းများနှင့် မသန်စွမ်းသူများ၏ အဖွဲ့အစည်းများ၊ ကျောင်းအလုပ်အမှုဆောင်အဖွဲ့များ၊ မိဘဆရာအဖွဲ့များနှင့် ကျောင်းတွင်းနှင့် ကျောင်းပြင်ပရှိ ကျောင်းကိုကူညီပံ့ပိုးသည့်အခြားအဖွဲ့များအား မသန်စွမ်းအကြောင်းကို နားလည်စေရန်နှင့် ဗဟုသုတရှိစေရန် ကူညီအားပေးခြင်းများပြုသင့်သည်။ မိဘများ/ပြုစု စောင့်ရှောက်သူများနှင့် ရပ်ရွာလူထုအား အကူအညီပေးနိုင်သည့် အရင်းအမြစ်များအဖြစ်နှင့် စွမ်းအားရှိသူများအဖြစ် ရှုမြင်ရမည်။ သင်ယူမှုပတ်ဝန်းကျင်နှင့် ရပ်ရွာလူထု အသိုင်းအဝိုင်း၏ ဆက်ဆံရေးကို လူတိုင်းအကျုံးဝင်သည့် အသိုင်းအဝိုင်းဆီသို့လျှောက်လှမ်းနိုင်ရန် အသိအမှတ်ပြုရမည်။

(ဈ) စောင့်ကြပ်ကြည့်ရှုခြင်း - လူတိုင်းအကျုံးဝင်ပညာရေးတွင် ပုံမှန်စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းတို့ကို စဉ်ဆက်မပြတ်လုပ်ဆောင်သည့်လုပ်ငန်းစဉ်တစ်ခုအဖြစ် ဆောင်ရွက်ရမည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ကျောင်းတွင်းနှင့် ကျောင်းပြင်ပနစ်ရပ်စလုံးတွင် ခွဲခြားထားခြင်း သို့မဟုတ် ချိတ်ဆက်လုပ်ဆောင်ခြင်း တို့မရှိစေရန်ဖြစ်သည်။ အပိုဒ် (၃၃) အရ စောင့်ကြပ်ကြည့်ရှုခြင်းတွင် ကလေးသူငယ်များ၊ အထူးပံ့ပိုးမှုကို လိုအပ်သည့် မသန်စွမ်းသူများ၊ မသန်စွမ်းသူများ၏ အဖွဲ့အစည်းများ၊ မသန်စွမ်းကလေးများအတွက် မိဘများနှင့် စောင့်ရှောက်သူများမှတဆင့် သင့်လျော်သလို ပူးပေါင်းပါဝင်ရမည်။ မသန်စွမ်းသူများပါဝင်ခြင်းကို ဖော်ပြသည့် အညွှန်းကိန်းများကို (၂၀၃၀) ရည်ရွယ်တည်တံ့သည့်ဖွံ့ဖြိုးရေးရည်မှန်းချက်အရသတ်မှတ်ရေးဆွဲပြီး ပုံမှန် အသုံးပြုရမည်။

၁၃။ ယူနက်စကို၏ ပညာရေးတွင် ခွဲခြားခြင်းဆန့်ကျင်မှု ဆိုင်ရာ စာချုပ်နှင့်အညီ စာပိုဒ် (၁) သည် နိမ့်ချ ခွဲခြားမှု မရှိဘဲ ပညာသင်ကြားခွင့်ကို တူညီသော အခွင့်အလမ်းများ ပေါ်တွင် အခြေခံကာ ရရှိနိုင်ရန် အခိုင်အမာ ပြောဆိုထားသည်။ ပါဝင်ဖက် နိုင်ငံများသည် မသန်စွမ်းမှုအပေါ် နည်းမျိုးစုံဖြင့် နိမ့်ချခွဲခြားဆက်ဆံခြင်းကို တားမြစ်ရမည်။ မသန်စွမ်းသူများကို နိမ့်ချခွဲခြားဆက်ဆံခံရခြင်းမှ မျှတပြီး ထိရောက်သော ကာကွယ်ပေးမှုမျိုးပေးရမည်။ မသန်စွမ်းသူများသည် ဘာသာစကား၊ လိင်တိမ်း

procedures, and certification of their capacities and attainments on an equal basis with others.

(h) Recognition of partnerships. Teacher associations, student associations and federations and OPDs, school boards, parent-teacher associations, and other functioning school support groups, both formal and informal, are all encouraged to increase their understanding and knowledge of disability. Involvement of parents/caregivers and the community must be viewed as assets with resources and strengths to contribute. The relationship between the learning environment and the wider community must be recognized as a route towards inclusive societies.

(i) Monitoring: As a continuing process, inclusive education must be monitored and evaluated on a regular basis to ensure that segregation or integration is not happening either formally or informally. Monitoring, according to article 33, should involve persons with disabilities, including children and persons with intensive support requirements, through OPDs, as well as parents or caregivers of children with disabilities where appropriate. Disability-inclusive indicators must be developed and used consistent with the 2030 Agenda for Sustainable Development.

13. Consistent with the UNESCO Convention against Discrimination in Education, paragraph 1 affirms that the right to education must be assured without discrimination and on the basis of equality of opportunity. States parties must prohibit all discrimination on the basis of disability and guarantee to all persons with disabilities equal and effective protection against discrimination on all grounds. Persons with disabilities can

ညွှတ်မှု၊ အသက်၊ လူမျိုး၊ တရားဝင်မှုအခြေအနေ၊ ကိုးကွယ်မှုဘာသာနှင့် လိင်အပေါ်မူတည်ကာ နည်းမျိုးစုံသော နိမ့်ချခွဲခြားဆက်ဆံခြင်းများမှ အကာအကွယ်ပေးရမည်။ ထို့ပြင် မသန်စွမ်းသူများ၏ မိဘ၊ မောင်နှမနှင့် ဆွေမျိုးသားချင်း များသည်လည်း အဖွဲ့အစည်းလိုက် နိမ့်ချခွဲခြားဆက်ဆံခြင်း များကို ကြုံတွေ့ရနိုင်သည်။ ပုံစံမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုကို ဖြေရှင်းဆောင်ရွက်ရန် လိုအပ်သော ဆောင်ရွက်ချက်များတို့တွင် ပညာရေးဆိုင်ရာ ပတ်ဝန်းကျင်များ၊ အဆောက်အအုံများ၊ ရပ်ရွာများရှိ ဥပဒေပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ ဘာသာစကားနှင့် ဆက်သွယ် ပြောဆိုမှုဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ ငွေကြေးဆိုင်ရာ၊ စိတ်နေသဘောထားဆိုင်ရာ အတားအဆီးများကို ဖော်ထုတ်ခြင်း၊ ဖယ်ရှားခြင်းတို့ ပါဝင်သည်။ နိမ့်ချခွဲခြားဆက်ဆံမှု မရှိခြင်းတွင် သီးခြားခွဲထားမှု မရှိခြင်း နှင့် သင်ယူမှုပတ်ဝန်းကျင်တွင် ဆီလျော်သော နေရာထိုင်ခင်း စီစဉ်ထားပေးခြင်းနှင့် ယင်းတို့ကိုပေးရန် တာဝန်ရှိသည်ဟူသည့် သိနားလည်မှု အခြေအနေတို့လည်း ပါဝင်ပါသည်။

၁၄။ လက်နက်ကိုင်ပဋိပက္ခ အခြေအနေ၊ လူသားချင်းစာနာမှုဆိုင်ရာ အရေးပေါ်အခြေအနေနှင့် သဘာဝဘေးအန္တရာယ်များသည် လူတိုင်းအကျုံးဝင် ပညာသင်ယူခွင့်အပေါ် သက်ရောက်မှုများစွာ ရှိသည်။ ပါဝင်ဖက်နိုင်ငံများသည် မသန်စွမ်းသူများအတွက် အရေးကြီးသော ကျောင်းလုံခြုံရေးနှင့် အရေးပေါ်အခြေအနေများတွင် လုံခြုံမှုရှိရေးအစီအမံများကို သဘာဝဘေးအန္တရာယ် လျှော့ချရေး မဟာဗျူဟာထဲတွင် ထည့်သွင်း ကျင့်သုံးသင့်သည်။ ထိုကဲ့သို့ အရေးပေါ် အခြေအနေမျိုးရှိ ယာယီ သင်ကြားမှုဝန်းကျင်များမှာ မသန်စွမ်းသူများ အထူးသဖြင့် ကလေးငယ်များအတွက် အခြားသူများနှင့် တန်းတူ သင်ယူမှုရရှိနိုင်သော ဝန်းကျင်များ ဖြစ်ရမည်။ ထိုသို့ဆိုရာတွင် နားမကြားသူများ အတွက် သင်္ကေတဘာသာစကားများဖြင့် သင်ယူစေနိုင်ခြင်း (သို့မဟုတ်) သင်ကြားမှုများကို လက်လှမ်းမီနိုင် အောင် ပြင်ဆင်ပေးမှုကို ဆိုလိုပါသည်။ အပိုဒ် ၁၁ အရ ဘေးအန္တရာယ်များ ဖြစ်ပွားသည့် အခြေအနေ မျိုးတွင် လိင်မှုဆိုင်ရာ အကြမ်းဖက်မှု ဖြစ်ပွားနိုင်ခြေ မြင့်မားနေတတ်သည်။ ထိုအခြေအနေများတွင် မသန်စွမ်းအမျိုးသမီးနှင့် မိန်းကလေးငယ်များအတွက် လုံခြုံပြီးလက်လှမ်းမီနိုင်ဖွယ် ပညာသင်ယူမှု ဝန်းကျင်ကို သေချာစီမံ ထားပေးရမည်။ မသန်စွမ်း စာသင်သားများသည် အရေးပေါ် အခြေအနေ ရွှေ့ပြောင်းနေရမှုကြောင့် ပညာသင်ယူမှု အစီအမံများကို ရယူပိုင်ခွင့်မှ ငြင်းဆန်ခံရခြင်း မရှိစေရပဲ၊ ထိုအခြေအနေမျိုးမှာပင် သူတို့အတွက် သင့်လျော်သော နေရာထိုင်ခင်းနှင့် သင်ယူမှုဝန်းကျင် ပြင်ဆင်ပေးရမည်။

၁၅။ အပိုဒ် ၂၄၊ အခန်း ၁ (က) သည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာချက်၊ နိုင်ငံ တကာ စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု အခွင့်အရေး သဘောတူညီချက် (ICESCR) နှင့် အညီ ပညာရေး၏ ရည်ရွယ်ချက်ကို အလေးပေး ဖော်ပြထားသည်။ ICESCR နှင့် CRC တို့အရ ပညာရေး ဆိုသည်မှာ လူ့စွမ်းအား၊ လူ့ဂုဏ်သိက္ခာနှင့် မိမိကိုယ်ကို တန်ဖိုးထားသည့် စိတ်တို့ပြည့်ဝ တိုးတက်စေ ခြင်းနှင့် လူ့အခွင့်အရေးနှင့် လူသားဘဝ ကွဲပြားခြားနားမှုအပေါ် လေးစားမှုကို ပိုမိုခိုင်မာစေခြင်း

experience intersectional discrimination based on disability, gender, religion, legal status, ethnic origin, age, sexual orientation or language. Additionally, parents, siblings, and other relatives can also experience discrimination on grounds of disability by association. The measures needed to address all forms of discrimination include identifying and removing legal, physical, communication and language, social, financial and attitudinal barriers within the educational institutions and the community. The right to non-discrimination includes the right not to be segregated and to be provided with reasonable accommodation and must be understood in the context of the duty to provide accessible learning environments and reasonable accommodation.

14. Situations of armed conflict, humanitarian emergencies and natural disasters disproportionately impact the right to inclusive education. States parties should adopt inclusive Disaster Risk Reduction strategies for comprehensive school safety and security in emergencies, which are sensitive to learners with disabilities. Temporary learning environments in such contexts must ensure the right of persons, and particularly children, with disabilities to education on the basis of equality with others. This includes accessible educational materials, school facilities, counselling, or access to training in local sign language for deaf learners. According to Article 11, and recognizing the heightened risk of sexual violence in such settings, measures must be taken to ensure that learning environments are safe and accessible for women and girls with disabilities. Learners with disabilities must not be denied access to educational establishments on the basis that their evacuation in emergency situations would be impossible, and reasonable accommodation must be provided.

15. Article 24, paragraph 1 (a) reiterates the aims of education in line with the Universal Declaration of Human Rights, the International Covenant on Economic, Social and Cultural Rights (ICESCR), and the CRC, that education must be directed to the full development of the human potential and sense of dignity and self-worth, strengthening of respect for human rights and human diversity.States parties must

တို့ကို ဦးတည်သင့်ပါသည်။ ပါဝင်ဖက်နိုင်ငံများသည် ပညာရေးကို ဖော်ဆောင်ရာတွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာချက်၊ နိုင်ငံတကာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေး သဘောတူညီချက် (ICESCR) ၏ ပညာရေးရည်ရွယ်ချက်များနှင့် ကိုက်ညီမှုရှိရန်နှင့် 'လူတိုင်းအတွက် ပညာရေး' (Jomtien, Thailand, 1990) အပိုဒ် ၁၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက် (CRC) (အပိုဒ် ၂၉ (က))၊ 'ဗီယာနာကြေငြာချက် နှင့် လုပ်ငန်းစဉ်' (အပိုင်း ၁၊ အခန်း ၃၃ နှင့် အပိုင်း ၂ အခန်း ၈၀)၊ 'ကုလသမဂ္ဂ လူ့အခွင့်အရေး ပညာရေးလုပ်ဆောင်မှု' (အပိုဒ် ၂) တို့၏ ပညာရေး အနက်ဖွင့်မှုနှင့် ကိုက်ညီရမည်။ ၎င်းတို့တွင် ကျားမရေးရာညီမျှမှုနှင့် ပတ်ဝန်းကျင်ကို လေးစားရန် သင်ကြားစေရန်များ ပါဝင်သည်။ ပညာသင်ယူခွင့်ဟု ပြောရာတွင် လက်လှမ်းမီနိုင်မှု သာမက နားလည်မှု၊ သည်းခံမှုစသော အကြောင်းအရာများပါဝင်သည့် သင်ယူမှု အကြောင်းအရာစုံကို ရရှိစေရေးလည်း ပါဝင်သည်။ လူတိုင်းအကျုံးဝင်ပညာရေး၏ ရည်ရွယ်ချက်သည် သင်ကြားမှုကို ချဉ်းကပ်ခြင်း၊ သင်ကြားမှု အဖွဲ့အစည်းများ၏ အလေ့အကျင့်နှင့် သင်ခန်းစာများပါ မတူကွဲပြားမှုကို တန်ဖိုးထားသော သင်ယူမှုပတ်ဝန်းကျင်များအဖြစ် တည်ဆောက်ရန်နှင့် အပြန်အလှန်လေးစားမှု၊ လူတိုင်းအား တန်ဖိုးထားမှုတို့ကို မြှင့်တင်ရန် ဖြစ်သည်။

၁၆။ အပိုဒ် ၂၄၊ အခန်း ၁ (ခ) အရ ပညာရေးသည် မသန်စွမ်းသူများ၏ ကိုယ်ရည်ကိုယ်သွေး၊ ကျွမ်းကျင်မှု၊ ဖန်တီးနိုင်မှုစွမ်းရည်နှင့်တကွ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ စွမ်းဆောင်နိုင်မှုများကို ၎င်းတို့ အလားအလာရှိသလောက် အပြည့်ဝဆုံး ဖွံ့ဖြိုးတိုးတက်လာရန် လမ်းညွှန်ပေးရမည်။ မသန်စွမ်းသူများအတွက် ပညာရေးတွင် မကြာခဏဆိုသလို အားနည်းမှုအခြေခံ ချဉ်းကပ်မှု ပုံစံကိုသာ အသုံးပြုကြသည်။ ၎င်းချဉ်းကပ်မှုတွင် မသန်စွမ်းသူများ၏ အားနည်းမှု၊ မပြည့်စုံမှုများ အပေါ် တွင် အခြေခံသောကြောင့် တစ်ခါတစ်ရံ မသန်စွမ်းသူ၏ အလားအလာပေါ် တွင် ကန့်သတ်ထားသလို ဖြစ်နေတတ်သည်။ ပါဝင်ဖက်နိုင်ငံများအနေဖြင့် မသန်စွမ်းသူ တစ်ဦးတစ်ယောက်၏ အားသာချက်နှင့် အရည်အချင်း ပေါ် အခြေခံကာ သူတို့အတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးကို ထောက်ပံ့ပေးသင့်သည်။

၁၇။ အပိုဒ် ၂၄၊ အခန်း ၁ (ဂ) အရ ပညာရေး၏ ရည်မှန်းချက်များသည် မသန်စွမ်းသူများကို လွတ်လပ်သော လူ့အဖွဲ့အစည်းအတွင်းတွင် ထိရောက်စွာ ပါဝင်ပတ်သက်လာနိုင်ရန် လမ်းညွှန်နိုင်ရမည်။ CRC အပိုဒ် ၂၃ တွင်လည်း မသန်စွမ်းကလေးငယ်များအတွက် အထောက်အပံ့လုပ်ဆောင်ပေးရာတွင် 'တစ်ဦးတစ်ယောက်ချင်းစီ ဖွံ့ဖြိုးမှုအတွက်နှင့် ၎င်းတို့ အလားအလာရှိသလောက် အပြည့်ဝဆုံး ဖွံ့ဖြိုးတိုးတက်နိုင်ရန် ပညာရေးကို ထိရောက်စွာ ရယူနိုင်ရမည်'ဟု အလေးနက်ထား ဖော်ပြထားသည်။ ပါဝင်ဖက် နိုင်ငံများအနေဖြင့် တစ်ဦးတစ်ယောက်ချင်းစီအတွက် ဆီလျော်သင့်တင့်သော နေရာအပြင် အဆင်ကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သလို မသင်မနေရ ပညာရေးကို အခမဲ့ပညာရေးအနေဖြင့် လည်းဆောင်ရွက်ပေးသင့်သည်။

ensure that education conforms to the aims and objectives of ICESCR as interpreted in the light of the World Declaration on Education for All (Jomtien, Thailand, 1990) (art. 1), the CRC (art. 29 (1)), the Vienna Declaration and Programme of Action (Part I, para. 33 and Part II, para. 80), and the Plan of Action for the United Nations Decade for Human Rights Education (para. 2). These include additional elements such as references to gender equality and respect for the environment. The right to education is a matter of access as well as content, and should be directed to a wide range of values, including understanding and tolerance.[1] Inclusive education must aim at promoting mutual respect and value for all persons and at building educational environments in which the approach to learning, the culture of the educational institution, and the curriculum itself, reflect the value of diversity.

16. According to article 24, paragraph 1(b) education should be directed to the development of the personality, talents and creativity of persons with disabilities as well as their mental, physical and communicational abilities to the fullest potential. The education of persons with disabilities too often focuses on a deficit approach, on their actual or perceived impairment and limiting opportunities to pre-defined and negative assumptions of their potential. States parties must support the creation of opportunities to build on the unique strengths and talents of each individual with a disability.

17. According to Article 24, paragraph 1(c) the aims of education must be directed towards enabling persons with disabilities to participate fully and effectively in a free society. Article 23 of the CRC stresses that, regarding children with disabilities, assistance must be provided to ensure that they have 'effective access to …..education… in a manner conducive to achieving the fullest possible social integration and individual development.' States parties must recognise that individual support and reasonable accommodation are priority matters and should be free of charge at all compulsory levels of education.

၁၈။ အခန်း ၂ (က) တွင် မသန်စွမ်းသူများအား တစ်ဦးတစ်ယောက်၏ အလားအလာကို သတ်မှတ်ထားသကဲ့သို့ (သို့မဟုတ်) ဆီလျော်သောနေရာ ပြင်ဆင်ပေးရမည့်တာဝန်ကို ရှောင်လွှဲချင်၍ ၎င်းတို့မသန်စွမ်းမှု (သို့မဟုတ်) မသန်စွမ်းမှု အတိမ်အနက်အပေါ် အခြေခံ၍ စည်းမျဉ်းစည်းကမ်းဖြင့်လည်းကောင်း၊ ဥပဒေအရသော်လည်းကောင်း အထွေထွေ ပညာရေးစနစ်မှ ဖယ်ထုတ်ခြင်းကို တားမြစ်ထားသည်။ အထွေထွေ ပညာရေးစနစ်ဆိုသည်မှာ ပုံမှန်သင်ယူမှု ဝန်းကျင်အားလုံးနှင့် ပညာရေးဌာနများကို ဆိုလိုသည်။ ပညာရေးမှ တိုက်ရိုက်ဖယ်ထုတ်ခြင်းဆိုသည်မှာ သင်ယူသူတစ်စုံတစ်ယောက်အား ပညာသင်ယူ၍ မရနိုင်ဟု သတ်မှတ်ခြင်းနှင့် ပညာရေးရယူရန် သတ်မှတ်ချက်နှင့်မညီဟုဆိုကာ ဖယ်ထုတ်ခြင်းမျိုးဖြစ်သည်။ တိုက်ရိုက်မဟုတ်သော ဖယ်ထုတ်ခြင်းမျိုးမှာ သင့်တင့်သော ထောက်ပံ့မှုနှင့် နေရာပြင်ဆင်မှုမပေးဘဲ ကျောင်းကို ဝင်ခွင့်ရရန် ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ရမည် ဆိုသော သတ်မှတ်ချက်မျိုးဖြင့် ဖယ်ထုတ်ခြင်း မျိုးဖြစ်သည်။ အပိုဒ် ၄ (ခ) တွင် ဥပဒေနှင့် မူဝါဒချမှတ်ခြင်းများတွင် မသန်စွမ်းသူများကို ခွဲခြားဆက်ဆံခြင်းမျိုး မဖြစ်စေရန် လိုအပ်ကြောင်း ဖော်ပြထားပြီး အပိုဒ် ၂၄ ကိုလည်း မချိုးဖောက်စေရန် လိုအပ်သော ပြုပြင်မှုမျိုး စနစ်တကျနှင့် အချိန်နှင့်တပြေးညီ ဆောင်ရွက်ရန် လိုအပ်မည်။

၁၉။ အခန်း ၂ (ခ) အရ မသန်စွမ်းသူများသည် အရည်အသွေး ပြည့်မီသော၊ အခမဲ့၊ လူတိုင်းအကျုံးဝင် အလယ်တန်းနှင့် မူလတန်းပညာရေးကို ၎င်းတို့နေထိုင်ရာ ရပ်ရွာမှ အခြားသူများနည်းတူ သင်ယူခွင့်ရရမည် ဖြစ်သည်။ ၎င်းတာဝန်ကို လုပ်ဆောင်နိုင်ရန် ကော်မတီသည် 'စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေး ကော်မတီ' (CESCR)၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ ပညာရေးစနစ်တွင် အဆက်အစပ်ရှိသည့် ပါဝင်ရမည့် အောက်ပါ အချက်လေးချက်ကို ဖော်ပြထားသည်။

၂၀။ ရယူနိုင်မှုရှိခြင်း- ပုဂ္ဂလိကပိုင်နှင့် အများပြည်သူဆိုင်ရာ ပညာရေးအဖွဲ့အစည်းများ၊ ပညာရေး လုပ်ငန်းများ သည် လုံလောက်သော အရေအတွက်၊ ကောင်းမွန်သော ဝန်ဆောင်မှုများ ရှိရမည် ဖြစ်သည်။ ပါဝင်ဖက်နိုင်ငံများသည် လူ့အဖွဲ့အစည်းအတွင်းရှိ မသန်စွမ်းသူများ အားလုံး သင်ယူ လေ့လာနိုင်ရန် ပညာရေး ဝန်ဆောင်မှု နေရာများ ကျယ်ပြန့်စွာတည်ရှိရန် အာမခံချက် ပေးလျှက် လုပ်ဆောင်ရမည် ဖြစ်သည်။

၂၁။ လက်လှမ်းမီရယူသုံးစွဲနိုင်ခြင်း- သဘောတူစာချုပ်အတွင်းရှိ အပိုဒ် ၉ နှင့် ကော်မတီ၏ အထွေထွေသုံးသပ်ချက် နံပါတ် ၂ ဖော်ပြချက်အရ ပညာရေးအဖွဲ့အစည်းများနှင့် ပညာရေးလုပ်ငန်းများသည် လူတိုင်းအတွက် ခွဲခြားမှုမရှိဘဲ လက်လှမ်းမီ ရယူသုံးစွဲနိုင်ရန် ဖြစ်ရမည်။ ပညာရေးစနစ်သည် အားလုံးလက်လှမ်းမီ ပညာရေးစနစ် ဖြစ်ရမည်ဖြစ်ပြီး သင်ကြားရေးအဆောက်အအုံများ၊ သတင်းနှင့် ဆက်သွယ်ရေး၊ ပတ်ဝန်းကျင်အသံဖြင့် ထောက်ပံ့ကူညီပေးခြင်းစနစ်၊ သင်ယူမှု ပတ်ဝန်း

18. Paragraph 2 (a) prohibits the exclusion of persons with disabilities from the general education system, including any legislative or regulatory provisions that limit their inclusion on the basis of their impairment or its “degree”, such as by conditioning their inclusion “to the extent of the potential of the individual”, or by alleging a disproportionate and undue burden to evade the obligation to provide reasonable accommodation. General education means all regular learning environments and the education department. Direct exclusion would be to classify certain students as ‘non-educable’, and thereby ineligible for access to education. Non-direct exclusion would be the requirement to pass a common test as a condition for school entry without reasonable accommodations and support. In line with Article 4 (b), all legislation and policy must be reviewed to ensure that it is not discriminatory for persons with disabilities and in violation of Article 24, and where necessary repealed or amended in a systematic and time-bound manner.

19. Paragraph 2 (b) requires that persons with disabilities can access inclusive, quality and free primary and secondary education and ensure a smooth transition between the two on an equal basis with others in the communities where they live. The Committee draws on the interpretation by the Committee on Economic, Social and Cultural Rights (CESCR) that to fulfil this obligation, the education system must comprise the four following interrelated features.

20. Availability: Public and private educational institutions and programmes must be available in sufficient quantity and quality. States parties must guarantee a broad availability of educational places for learners with disabilities at all levels throughout the community.

21. Accessibility – consistent with article 9 of the Convention, and with the Committee’s General Comment No. 2, educational institutions and programmes must be accessible to everyone, without discrimination. The entire education system must be accessible, including buildings, information and communication, comprising ambient or frequency modulation assistive systems, curriculum, education materials, teaching

ကျင်တွင် ပါဝင်လာခြင်း (သို့) လိုအပ်သလို ထပ်ခါထပ်ခါ ပြုပြင်ပြောင်းလဲနိုင်သည့် ပညာရေးစနစ်၊ သင်ရိုးညွှန်းတမ်း၊ ပညာရေးထောက်ကူပြုပစ္စည်းများ၊ သင်ကြားရေးနည်းလမ်းများ၊ အကဲဖြတ်စစ်တမ်းများ၊ ဘာသာစကား ထောက်ကူပြု ဝန်ဆောင်မှုများ ပါဝင်ရမည် ဖြစ်သည်။ မသန်စွမ်းကျောင်းသားများ၏ ပညာသင်ယူမှု ပတ်ဝန်းကျင်သည် အများနည်းတူ တန်းတူအကျုံးဝင်မှု ရှိရမည်။ ဉပမာ-ကျောင်းကြိုပို့အား လုံခြုံစိတ်ချစွာ လက်လှမ်းမှီ အသုံးပြုနိုင်ခြင်း၊ ရေနှင့် ကျန်းမာရေးဝန်ဆောင်မှု၊ တစ်ကိုယ်ရေသန့်ရှင်းမှု နှင့် အိမ်သာအသုံးပြုခြင်း၊ ကျောင်းတွင်း စားသောက်ဆိုင်တွင် ဂယ်ယူစားသောက်နိုင်ခြင်းနှင့် အပန်းဖြေနေရာများ အသုံးပြုနိုင်ခြင်းတို့ဖြစ်သည်။ ပါဝင်ဖက်နိုင်ငံများသည် အပြည်ပြည် ဆိုင်ရာ လက်ခံမှုပုံစံအတိုင်းကျင့်သုံးရမည် ဖြစ်သည်။ ပါဝင်ဖက်နိုင်ငံများသည် ရှေ့ဆက်လက် တည်ဆောက်မည့် ပညာရေး အဆောက်အဦးများတွင် လက်လှမ်းမှီ အသုံးမပြုနိုင်မည့် တည်ဆောက်ခြင်းများကို ဟန့်တားပြီး လေ့လာစောင့်ကြည့်ခြင်းနည်းလမ်းဖြင့် လူတိုင်းအကျိုးဖြစ်ထွန်းစေရန် အတူလက်တွဲ တည်ဆောက်ရမည် ဖြစ်သည်။ တည်ဆောက်ပြီး ပညာရေးအဆောက်အဦးများအားလည်း အချိန်ကာလ အပိုင်းခြား သတ်မှတ်၍ အားလုံးအကျုံးဝင် သုံးစွဲနိုင်ရန် ပြန်လည် မွမ်းမံခြင်းများ ပြုလုပ်ရမည်ဖြစ်သည်။ ပါဝင်ဖက်နိုင်ငံများသည် ပညာသင်များလိုအပ်သော နေစရာအဆောင်တိုက်ခန်းများကိုလည်း ပြင်ဆင်ပြုလုပ်ရမည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ လက်ခံမှုပုံစံသည် မသန်စွမ်းလေ့လာသင်ယူသူများ လိုအပ်သော သင်ထောက်ကူပစ္စည်းများ၊ ဆော့ဖ်ဝဲများနှင့် အပလီကေးရှင်းများ အသုံးပြုနိုင်ခြင်းများ အားလုံးအကျုံးဝင်ပါဝင်ပါသည်။ လက်လှမ်းမှီ ရယူသုံးစွဲနိုင်မှုသည် အကျိုးသက်ရောက်မှု အားကောင်းသော ဖြစ်စဉ်တစ်ခုဖြစ်ပြီး ပုံမှန်လည်ပတ်ခြင်းနှင့်နည်းပညာဆိုင်ရာ ချည်းကပ်ခြင်းများ လိုအပ်ပါသည်။ ပါဝင်ဖက်နိုင်ငံများသည် မသန်စွမ်းကျောင်းသားများ သာမက ကျောင်းသားအားလုံး လေ့လာသင်ယူမှုတိုးတက်စေရန်အတွက် ပညာရေးဆိုင်ရာ နည်းပညာအသစ်များနှင့် တီထွင်ဆန်းသစ်မှုများ ပြုလုပ်ပေးရန်ဖြစ်သည်။

၂၂။ ကော်မတီသည် သင်္ကေတပြ ဘာသာရပ် အပါအဝင် ဘာသာရပ်ဆိုင်ရာ သင်ထောက်ကူပစ္စည်းများ နှင့် သင်ကြားရေး ဖတ်စာအုပ်များ မလုံလောက်ခြင်းကို အဓိကထား တင်ပြထားပါသည်။ ပါဝင်ဖက်နိုင်ငံများသည် လက်စမ်းစာဖြင့် စာရေးနည်း (သို့) မှင်စာလုံး စာရေးနည်း၊ digital ပုံစံစာရေးနည်း အပါအဝင် ဆန်းသစ်သောနည်းပညာများကို အချိန်နှင့်တပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြုလုပ်ရမည် ဖြစ်သည်။ ၎င်းတို့သည် ဘာသာရပ်ဆိုင်ရာများနှင့်ချမှတ်ပုံစံများကို လက်လှမ်းမှီ အသုံးပြုနိုင်ရန် ပြောင်းလဲပြင်ဆင်ပြီး အဆင့်မှီလမ်းညွှန်အားဖြင့် တိုးတက်လာစေရန် ပြုလုပ်ရမည်။ ပညာရေးဆိုင်ရာ ထောက်ပံ့ပေးမှုအား အဓိကကဏ္ဍအဖြစ်ပြုလုပ်ရန်လည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ကော်မတီသည် မျက်စိမမြင်သူများ၊ အမြင်အာရုံချို့တဲ့သူများ နှင့် အခြားအမြင်အားနည်းသူများအတွက် ပံ့ပိုးမှုလုပ်ငန်းစဉ်များပြုလုပ်ပေးရန် သဘောတူညီမှုရရှိ ထားသော Marrakesh သဘောတူစာချုပ်အား အသက်ဝင် အကောင်ထည်ဖော် ဆောင်ရွက်ရန် ပြန်လည် တင်ပြထားပါသည်။

methods, assessment and language and support services. The environment of students with disabilities must be designed to foster inclusion and guarantee their equality throughout their education, for example, school transport, which should be inclusive, accessible and safe; water and sanitation facilities, including hygiene and toilet facilities; school cafeterias; and recreational spaces. States parties must commit to the prompt introduction of Universal Design. States parties should prohibit and sanction the building of any future education infrastructures that are inaccessible, together with establishing an efficient monitoring mechanism and time frame for all existing education environments to be rendered accessible. States parties must also commit to the provision of reasonable accommodation in educational environments when so required. The Universal Design approach does not exclude the provision of assistive devices, applications, and software to those learners with disabilities who may require them. Accessibility is a dynamic concept and its application requires periodic regulatory and technical adjustments. States parties must ensure that the rapid development of innovations and new technologies designed to enhance learning are accessible to all students, including those with disabilities.

22. The Committee highlights the widespread lack of textbooks and learning materials in accessible formats and languages, including sign language. States parties must invest in the timely development of resources in ink or Braille, and digital formats, including through the use of innovative technology. They should also consider developing standards and guidelines for the conversion of printed material into accessible formats and languages, and making accessibility a central aspect of education-related procurement. The Committee recalls the urgency of ratifying and implementing the Marrakesh Treaty to Facilitate Access to Published Works for Persons Who Are Blind, Visually Impaired, or Otherwise Print Disabled.

5A

၂၃။ လက်လှမ်းမှီ ရယူသုံးစွဲနိုင်ခြင်းဆိုရာတွင် ပညာသင်ယူမှု မည်သည့်အဆင့်တွင်မဆို မသန်စွမ်းကျောင်းသားများအတွက်လက်ခံနိုင်မှု ရှိရမည်ဖြစ်သည်။ မသန်စွမ်းသင်ယူသူများ နေထိုင်ရန် သင့်လျော်သောအခန်းအတွက်လည်း အခကြေးပိုပေးချေရန် မပြုလုပ်ရပါ။ မသင်မနေရ၊ အရည်အသွေး ပြည့်မှီသော၊ လွတ်လပ်သော၊ လက်လှမ်းမှီနိုင်သော မူလတန်းပညာရေး သည် ချက်ချင်း အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ် ဖြစ်သည်။ ၂၀၃၀ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်အရ ပါဝင်ဖက်နိုင်ငံများသည် မသန်စွမ်းကလေးများသာမက ကလေးတိုင်း လွတ်လပ်စွာ၊ တူညီစွာ အရည်အသွေးပြည့်ဝသော အထက်တန်းပညာရေးကို ပြီးမြောက်စေရေးကို အတည်ပြု ဖော်ဆောင်ပေးရမည်။ ထို့အတူ မသန်စွမ်းအမျိုးသား အမျိုးသမီးများသည်လည်း အခြားသူများ နည်းတူ အသက်မွေးဝမ်းကျောင်း ပညာရပ်များ၊ ကောင်းမွန်သောနည်းပညာရပ်များ၊ တက္ကသိုလ် ပညာရပ်များနှင့် ဘဝတွက်တာရေရှည် သင်ယူလေ့လာမှုများအား တန်းတူရယူနိုင်ရန် အတည်ပြု ဖော်ဆောင်ပေးရမည် ဖြစ်သည်။ ပါဝင်ဖက်နိုင်ငံများသည် မသန်စွမ်းသူများအားလုံး ပုဂ္ဂလိကပိုင်နှင့် အများပြည်သူဆိုင်ရာ ပညာရေး အဖွဲ့အစည်းများတွင် အခြားသူများနည်းတူ သင်ယူလေ့လာနိုင်ရန် ပြုလုပ်ပေးရမည်ဖြစ်သည်။

၂၄။ လက်သင့်ခံနိုင်ခြင်း သည် မသန်စွမ်းသူများ၏ ဓလေ့စရိုက်၊ အတွေးအမြင်နှင့် ဘာသာ စကားစသည့် လိုအပ်ချက်များကို လေးစားရမည်ဖြစ်ပြီး ပညာရေးနှင့်ပတ်သက်သော ဝန်ဆောင်မှု အားလုံးကို ပေးဆောင်နိုင်ရန် လုပ်ငန်းစဉ်များကို ချမှတ်ရေးဆွဲထားရမည် ဖြစ်သည်။ ပညာရေး ဆိုင်ရာလုပ်ငန်းအတွက် ချမှတ်ထားသော ပုံစံသည် အားလုံးလက်ခံနိုင်မှုရှိရမည် ဖြစ်သည်။ ပညာ ရေးဝန်ဆောင်မှုသည် အားလုံးအတွက် အရည်အသွေးပြည့်ဝစေရန် ပါဝင်ဖက်နိုင်ငံများသည် တိကျ သောလုပ်ငန်းစဉ်များ ချမှတ်၍ အကောင်ထည်ဖော်ပေးရမည် ဖြစ်သည်။ အားလုံးအကျုံးဝင်ခြင်းနှင့် အရည်အသွေးပြည့်ဝခြင်းသည် အပြန်အလှန်ထောက်ပံ့ပေးလျှက်ရှိသည်။ အားလုံးအကျုံးဝင် ချဉ်းကပ် ခြင်းနည်းလမ်းသည် ပညာရေးအရည်အသွေး ပြည့်ဝစေရန်များစွာ အထောက်အကူဖြစ်စေပါသည်။

၂၅။ ဆီလျော်မှုရှိခြင်း- ကော်မတီအနေဖြင့် ပါဝင်ဖက်နိုင်ငံများအား ကမ္ဘာလုံးဆိုင်ရာသင်ကြားမှု ပုံစံ (UDL) ချဉ်းကပ်မှုကို အသုံးပြုရန်တိုက်တွန်းပါသည်။ ကမ္ဘာလုံးဆိုင်ရာသင်ကြားမှု ပုံစံဆိုသည်မှာ ဆရာ၊ဆရာမများနှင့် ပညာရေးဂန်ထမ်းများသည် မတူကွဲပြားသော သင်ယူသူအသီးသီးတို့နှင့် ဆီလျော်သော သင်ယူမှုပတ်ဂန်းကျင်များ ဖန်တီးနိုင်ရန်နှင့် လမ်းညွှန်မှုများ ရေးဆွဲနိုင်ရန်အတွက် ကူညီပေးနေသော နည်းလမ်းများ ဖြစ်သည်။ ၎င်းပုံစံက သင်ယူသူတိုင်း ကိုယ်ပိုင်သင်ယူမှု ပုံစံများနှင့် လိုက်လျောညီထွေစွာ သင်ကြားနိုင်ရန် ကူညီလမ်းညွှန် ပေးသည်။ ၎င်းပုံစံသည် လိုက်လျောကိုက်ညီ သည့် စာသင်ခန်း ဂန်းကျင်၊ ကျောင်းသားအားလုံး၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မှု စသည့် တိုကိုဖြည့်စွမ်းနိုင်သည့် အပြင် သင်ကြားသူ ဆရာများအားလည်း ထူးခြားဆန်းသစ်သော သင်ကြားမှု နည်းလမ်းများကို စဉ်းစားမိစေပြီး မသန်စွမ်းသူများအတွက် အပါအဝင် သင်ကြားမှုကြောင့် ရလာမည့်

23. Accessibility requires that education at all levels be affordable for students with disabilities. Reasonable accommodation should not entail additional costs for learners with disabilities. Compulsory, quality, free and accessible primary education is an immediate obligation. In line with the 2030 Agenda for Sustainable Development, States parties must progressively adopt measures to ensure that all children, including children with disabilities, complete free, equitable and quality secondary education, and to ensure equal access for all women and men with disabilities to affordable and quality technical, vocational and tertiary education, including university, and life-long learning. States parties must ensure that persons with disabilities are able to access education in both public and private academic institutions on an equal basis with others.

24. Acceptability is the obligation to design and implement all education-related facilities, goods and services taking full account of and respecting the requirements, cultures, views and languages of persons with disabilities. The form and substance of education provided must be acceptable for all. States parties must adopt affirmative action measures to ensure that education is of good quality for all. Inclusion and quality are reciprocal: an inclusive approach can makes a significant contribution to the quality of education.

25. Adaptability - the Committee encourages States parties to apply the Universal Design for Learning (UDL) approach. UDL is a set of principles, providing teachers and other staff with a structure to create adaptable learning environments and develop instruction to meet the diverse needs of all learners. It recognizes that each student learns in a unique manner and involves developing flexible ways to learn: creating an engaging classroom environment; maintaining high expectations for all students, while allowing multiple ways to meet expectations; empowering teachers to think differently about their own teaching; and focusing on educational outcomes for all, including those with disabilities. Curricula must be conceived, designed and applied to meet and

ပညာရေးဆိုင်ရာ ရလဒ်အားလုံးကို အဓိကထားခြင်းဖြစ်သည်။ သင်ရိုးညွှန်းတမ်းကို ကျောင်းသားတိုင်း ၏ လိုအပ်မှုနှင့် ကိုက်ညီရန် အတွက် ရေးဆွဲ၊ ပုံဖော်အသုံးချရမည်ဖြစ်ပြီး ကျောင်းသားတိုင်း၏ လိုအပ်ချက်များနှင့် အညီ သင့်လျော်လျောက်ပတ် သော ပညာရေးဆိုင်ရာ တုံ့ပြန်မှုမျိုး ပေးနိုင်ရမည်။ စံ အရည်အချင်း စစ်ဆေးမှုများကို လိုက်လျောညီထွေသော အရည်အချင်း စစ်ဆေးမှု ပုံစံမျိုးစုံနှင့် အစားထိုးရမည်ဖြစ်ကာ အခြားသော သင်ယူမှုနည်းလမ်းများဖြင့် တစ်ဦးတစ်ယောက်စီ၏ အရည်အချင်း တိုးတက်မှုကို အသိအမှတ် ပြုနိုင်သည်။

၂၆။ အခန်း ၂(ခ) အရ မသန်စွမ်းသူများသည် အရည်အသွေးပြည့်မီ၍ အခမဲ့ဖြစ်ပြီး လူတိုင်း အကျုံးဝင်သော မူလတန်းနှင့် အလယ်တန်းပညာများကို ၎င်းတို့နေထိုင်ရာ ရပ်ရွာမှ အခြားသူများ နည်းတူ သင်ယူခွင့်ရရှိရမည်ဖြစ်သည်။ ကျောင်းသားများအား မိသားစုနှင့်ခွဲခွာပြီး သီးခြားနေ အဝေး တစ်နေရာသို့ မပို့ရ။ ပညာသင်ကြားပေးရာ ဂန်းကျင်သည် မသန်စွမ်းသူများ ထိခိုက်မှုမရှိစေမည့် လုံခြုံသော နေရာဖြစ်ရမည်ဖြစ်ပြီး လုံခြုံမှုရှိသော သယ်ယူပို့ဆောင်ရေး စီမံပေးခြင်း (သို့မဟုတ်) သတင်းအချက်အလက် နည်းပညာဖြင့် လက်လှမ်းမှီ နိုင်စေရမည် ဖြစ်သည်။ သို့သော်လည်း ပါဂင်ဖက်နိုင်ငံများအနေဖြင့် မသန်စွမ်းသူများကို ပညာရေးနယ်ပယ် တွင်းမှ ဆရာများနှင့် လူပုဂ္ဂိုလ်များဖြင့် အပြန်အလှန် ဆက်သွယ်မှုမရှိစေပဲ နည်းပညာကို အလွန်အကျွံ မှီခိုအားထားခြင်းမျိုးကိုမူ သတိထား ရှောင်ရှားသင့်သည်။ မသန်စွမ်းသူများအား ၎င်းတို့၏ မွေးချင်းမောင်နှမများအပါအဂင် အခြားသော ကျောင်းသားများနှင့် ရင်းနှီးဆက်ဆံမှု ရှိစေခြင်းသည် လူတိုင်းအကျုံးဂင်ပညာရေး၏ အဓိက အစိတ် အပိုင်းတစ်ရပ် လည်းဖြစ်သည်။

၂၇။ အခန်း ၂ (ဂ) အရ ပါဂင်ဖက်နိုင်ငံများသည် မသန်စွမ်းသူကျောင်းသား တစ်ဦးချင်းစီ အား အခြားသောသူများနှင့်တန်းတူ ပညာရေးကို လက်လှမ်းမှီနိုင်ရန် သင့်တင့်လျောက်ပတ်သော နေရာ ထိုင်ခင်း အထောက်အပံ့ကို ပေးအပ်ရမည် ဖြစ်သည်။ သင့်တင့်လျောက်ပတ်သည်ဟု ဆိုရာတွင် နေထိုင်စားသောက်မှု အထောက်အပံ့၏ ထိရောက်မှုနှင့် ဆီလျော်မှုကို ဆန်းစစ်ထားပြီး အခြေအနေ လိုက် မူတည်ကာ လေ့လာပြီးမှ ရရှိလာသော ပမာဏဖြစ်ကာ၊ အထောက်အပံ့ ရည်ရွယ်ချက်မှာ နှိမ့်ချခွဲခြား ဆက်ဆံမှုကို တန်ပြန်ရင်ဆိုင်ရန်ဖြစ်သည်။ ဒုက္ခဂန်ထုတ်ဂန်ပိုးကို ကြည့်ကာ အထောက် အပံ့ နှင့် ငွေကြေးအကူအညီ ကို ခံစားရစေခြင်း ဖြစ်သည်။ အကူအညီ အထောက်အပံ့ တောင်းခံသည့် အချိန်မှစတင်ကာ သင့်လျော်သော နေထိုင်စားသောက်မှုကို ထောက်ပံ့ခြင်း ပြုလုပ်နိုင်သည်။ အဆိုပါ သင့်လျော်လျောက်ပတ်သော နေထိုင်စားသောက်မှု ထောက်ပံ့ခြင်းဆိုင်ရာ မူဂါဒများကို နိုင်ငံအဆင့်၊ ဒေသဆိုင်ရာအဆင့် နှင့် ပညာရေး အဖွဲ့အစည်းများ အဆင့်သာမက မည်သည့်ပညာရေး အဆင့်တွင်မဆို ချမှတ်ကျင့်သုံးရမည်။ သင့်တင့်လျောက်ပတ်သော နေထိုင်စားသောက်မှု အထောက်အပံ့ မည်မျှ အတိုင်းအတာဖြင့် ချပေးလဲဆိုသည်ကို လူတိုင်းအကျုံးဂင် ပညာရေးအတွက် ထောက်ပံ့နိုင်မှုအပေါ် အခြေခံကာ စဉ်းစားရမည်။ ရှိပြီးသား အခြေခံ အရင်းအမြစ်များကို အသုံးချမှု

adjust to the requirements of every student, and providing appropriate educational responses. Standardised assessments must be replaced by flexible and multiple forms of assessments and recognition of individual progress towards broad goals that provide alternative routes for learning.

26. Paragraph 2(b) also requires that persons with disabilities are able to attend primary and secondary schools within the communities where they live. Students should not be sent away from home. The educational environment must be within safe physical reach for persons with disabilities, including safe and secure transport, or accessible via information communication technology. However, States parties should avoid relying exclusively on technology as a substitute for direct involvement of students with disabilities and interaction with teachers and role models within the educational environment itself. Active participation with other students, including siblings of learners with disabilities, is an important component of the right to inclusive education.

27. Paragraph 2 (c) requires States parties to provide reasonable accommodation, for individual students to enable them to access an education on an equal basis with others. "Reasonableness" is understood as the result of a contextual test that involves an analysis of the relevance and the effectiveness of the accommodation, and the expected goal of countering discrimination. The availability of resources and financial implications is recognized when assessing disproportionate burden. The duty to provide reasonable accommodation is enforceable from the moment it is requested. Policies that commit to reasonable accommodation must be adopted at national, local and education institution levels, and at all levels of education. The extent to which reasonable accommodation is provided must be considered in light of the overall obligation to develop an inclusive education system, maximising the use of existing

တိုးတက်စေပြီး အရင်းအမြစ် အသစ်များလည်း တိုးပွားမှုရှိစေရမည်။ လူတိုင်းအကျုံးဝင် ပညာရေးဆောင်ရွက်ရန်အရင်းအမြစ်နှင့်ငွေကြေးများလုံလောက်စွာမရှိပါဟုအကြောင်းပြခြင်းသည် အပိုဒ် ၂၄ ကို ချိုးဖောက်ရာ ရောက်သည်။

၂၈။ ကော်မတီသည် အထွေထွေ လက်လှမ်းမှီရယူသုံးစွဲနိုင်ရေးတာဝန် သင့်တင့်လျောက်ပတ်သော နေထိုင်စားသောက်မှုအကြား ခြားနားချက်ကို အကြိမ်ကြိမ်တင်ပြထားသည်။ လက်လှမ်းမှီရယူသုံးစွဲနိုင်ခြင်း သည် လူဦးရေ အုပ်စုအပေါ် အကျိုးသက်ရောက် မှုရှိပြီး ၎င်းသည် တဖြည်းဖြည်း တိုးတက်သော စံနှုန်း ကို အခြေခံထားပါသည်။ လက်လှမ်းမှီ ရယူသုံးစွဲနိုင်မှု မရရှိခြင်းမှာ အချိုးအစားကျန ညီမျှမှုမရှိခြင်း (သို့) မလိုအပ်ခြင်းတို့ကြောင့်ဟု ဆိုလိုရန် မဖြစ်နိုင်ပါ။ သင့်တင့်လျောက်ပတ်သော နေရာထိုင်ခင်း ရရှိခြင်းသည် တစ်ဦးတစ်ယောက်နှင့်သာ သက်ဆိုင်ပြီး ၎င်းသည် လက်လှမ်းမှီရရှိ သုံးစွဲနိုင်ရေးအတွက် ဖြည့်စွက်ဆောင်ရွက်မှု ဖြစ်သည်။ ပါဝင်ဖက်နိုင်ငံများသည် လက်လှမ်းမှီရယူသုံးစွဲနိုင်ခြင်းကိစ္စရပ်ကို ပြုလုပ်ထားပြီးဖြစ်သော်လည်း တစ်စုံတစ်ဦးသည် လိုအပ်ပါက သင့်တင့်လျောက်ပတ်သော နေထိုင်စားသောက်မှုကို တရားနည်းလမ်းကျ တောင်းဆိုနိုင်ပါသည်။

၂၉။ မည်သို့သော အချိုးအစားကျန မှုမျိုးလိုအပ်မလဲ ဆိုသော ဖွင့်ဆိုချက်သည် အခြေအနေပေါ်မူတည်၍ ပြောင်းလဲလျှက်ရှိသည်။ သင့်တင့်လျောက်ပတ်သော နေရာထိုင်ခင်းဟု ဆိုရာတွင် ကျယ်ပြန့်သော ပညာရေးအရင်းအမြစ်များ ရယူနိုင်သောပညာရေးစနစ်အဖြစ်လည်းကောင်း၊ ပညာရေးအဖွဲ့အစည်းများထံမှ အရင်းအမြစ်များရရှိရန် ကန့်သတ်မှုမရှိခြင်းနှင့် အရင်းအမြစ်များ ပြောင်းလဲသုံးစွဲနိုင်ခြင်း စသည်တို့အား ထည့်သွင်းစဉ်းစားပေးရမည် ဖြစ်သည်။ သင့်တင့်လျောက်ပတ်သော နေရာထိုင်ခင်းသည် အားလုံးအတွက် ပုံစံခွက်တစ်ခုထဲ နည်းလမ်းဖြင့် ပြုလုပ်၍မရပါ။ ချို့ယွင်းချက်တူသော်ငြားလည်း မတူညီသော ကျောင်းသားများအတွက် မတူညီသော နေစရာအခန်း လိုအပ်ပါသည်။ နေစရာအခန်းဆိုရာတွင် စာသင်ခန်းနေရာပြောင်းခြင်း၊ မတူညီသော စာသင်ခန်းတွင်း ဆက်သွယ်မှု ပုံစံထားရှိခြင်း၊ သင်္ကေတဆိုင်ရာ ပစ္စည်းများဝတ္တုများကို ကိုင်တွယ်နိုင်သော အရွယ်စား ပြုလုပ်ပေးခြင်း၊ လက်ကမ်းစာရွက်များအားလည်းပုံစံတကျ ထုတ်ဝေပေးခြင်း၊ ကျောင်းသားများ အတွက် ရေးမှတ်ပေးမည့် သူထားရှိပေးခြင်း၊ ဘာသာစကား ပြန်ဆိုသူထားရှိပေးခြင်းနှင့် လေ့လာသင်ယူသောအခါတွင် နည်းပညာပစ္စည်းထောက်ပံ့မှု သုံးစွဲခွင့်ပေးခြင်းတို့ပါဝင်သည်။ ပစ္စည်းမပါသော နေစရာအခန်း စီမံချက်တွင် ကျောင်းသားများအား အချိန်များများယူစေနိုင်ရန်၊ ပြင်ပဆူညံသံများ လျော့ကျစေရန်၊ အာရုံကြော အလုပ်များ သက်သာမှု ရှိစေရန်၊ အလှည့်ကျ စိစစ်မှုနည်းလမ်းသို့ ပုံသေလုပ်ဆောင်မှုအစား အလှည့်ကျလုပ်ဆောင်မှုပြုလုပ်ပေးခြင်း စသည်တို့ကို ထည့်သွင်းစဉ်းစား ပေးရမည်။ ပညာရေးဆိုင်ရာ အာဏာပိုင်များနှင့်ပံ့ပိုးသူများ၊ ပညာရေးအဖွဲ့အစည်းများ၊ မသန်စွမ်း ကျောင်းသားများကြား ဆွေးနွေးခြင်း၊ ကျောင်းသားများ၏ အသက်အရွယ်နှင့်သင်ယူမှု အပေါ် မူတည်

resources and developing new ones. Using the lack of resources and financial crises as justification for failure to make progress towards inclusive education violates article

28. The Committee reiterates the distinction between the general accessibility duty and the obligation to provide reasonable accommodation. Accessibility benefits groups of the population and is based on a set of standards that are implemented gradually. Disproportionality or undue burden cannot be claimed to defend the failure to provide accessibility. Reasonable accommodation relates to an individual and is complementary to the accessibility duty. An individual can legitimately request reasonable accommodation measures even if the State party has fulfilled its accessibility duty.

29. The definition of what is proportionate will necessarily vary according to context. Availability of accommodations should be considered with respect to a larger pool of educational resources available in the education system, and not limited to resources available at the academic institution in question; transfer of resources within the system should be possible. There is no "one size fits all" formula to reasonable accommodation, and different students with the same impairment may require different accommodations. Accommodations may include changing the location of a class, providing different forms of in-class communication, enlarging print, materials and/or subjects in sign, or providing all handouts in an alternative format, providing students with a note-taker, or a language interpreter or allowing students to use assistive technology in learning and assessment situations. Provision of non-material accommodations, such as allowing a student more time, reducing levels of background noise, sensitivity to sensory overload, alternative evaluation methods or replacing an element of curriculum by an alternative element, must also be considered. Discussions between the educational authorities and providers, the academic institution, the student with a disability, and depending on the student's age and capacity, if appropriate, their parents/caregivers and/or family members must take place to ensure

၍ ဖြစ်နိုင်လျှင် ကျောင်းသားမိဘ၊ အုပ်ထိန်းသူများသည် ၎င်းတို့၏နေစရာအခန်းအား သွားရောက်စစ်ဆေးရမည်ဖြစ်သည်။ ကျောင်းသားများ၏ ရွေးချယ်မှုလိုအပ်မှု စသည်တို့ကို ပံ့ပိုးသူများမှ လုပ်ဆောင်ပေးရမည်ဖြစ်သည်။ နေစရာအခန်း ပြင်ဆင်စီမံချက်တွင် ဆေးပညာအရရှု့ယွင်းချက် အခြေအနေကိုလိုက်၍ လုပ်ဆောင် ခြင်းမဟုတ်ဘဲ ပညာရေးဆိုင်ရာသင်ယူမှုတွင် ကြုံတွေ့ရသော လူမှုရေးအတားအဆီးကို အခြေခံ ၍ ပြင်ဆင်ဆောင်ရွက်ပေးရမည် ဖြစ်သည်။

၃၀။ သင့်လျော်သော နေစရာအခန်းပြင်ဆင်မှုအား ငြင်းပယ်ခြင်းသည် ခွဲခြားဆက်ဆံမှု ဖြစ်ပြီး၊အခန်း ပြင်ဆင်လုပ် ဆောင်ခြင်းအား နားလည်သဘောပေါက်ရုံမဟုတ်ဘဲ လက်ရှိအချိန်တွင်း အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ပါဂင်ဖက်နိုင်ငံများသည် ချုပ်ကိုင်စနစ်မဟုတ်သော လွတ်လပ်သောစနစ်ကို အသုံးပြုခြင်းအားဖြင့် အခန်းများလိုက်လျောညီထွေဖြစ်မှုနှင့် အကျိုးသက်ရောက်မှုကို ထိန်းညှိကွပ်ကဲနိုင်မည်ဖြစ်သည်။ ထို့ပြင် မသန်စွမ်း ကျောင်းသား (သို့) ၎င်းတို့၏မိသားစုဝင်များသည် ခွဲခြားဆက်ဆံမှု ရရှိခံစားရလျှင် အချိန်မရွေး ပြင်ဆင်မွမ်းမံ၍ လုံခြုံမှုရရှိစေရန်ဖြစ်သည်။ ပြင်ဆင်မွမ်းမံစဉ် အတောအတွင်း ခွဲခြားဆက်ဆံမှုမရှိစေရန်လည်း လုပ်ဆောင်ရမည်ဖြစ်သည်။

၃၁။ အပိုဒ် ၂ (ဃ) တွင် မသန်စွမ်းကျောင်းသားများ၏ ပညာရေးဖွံ့ဖြိုးတိုးတက်စေရန် အခြားသူများနည်းတူ တူညီသော အခြေခံဝန်ဆောင်မှုများ ထောက်ပံ့ပေးရမည်ဖြစ်ကြောင်း အတည်ပြုထားပါသည်။ ပညာရေးစနစ်တွင် မသန်စွမ်းကျောင်းသားများအတွက် အထွေထွေပညာရေး ဝန်ဆောင်မှုရရှိခြင်းသည် ၎င်းတို့၏အမြင့်ဆုံးသောအရည်အသွေးများကို ထောက်ပံ့ပေးရန် ဖြစ်သည်။ ဥပမာအားဖြင့် ကောင်းမွန်စွာ လေ့ကျင့်သင်ကြားပေးနိုင်သော ပညာရေးဝန်ထမ်း ထားရှိပေးခြင်း၊ ကျောင်းပညာဆိုင်ရာအကြံပေး၊ နှစ်သိမ့်ဆွေးနွေးလမ်းညွှန်သူ၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ပညာရှင်များထားရှိပေးခြင်း၊ ပညာသင်ဆုနှင့် ငွေကြေးထောက်ပံ့ပေးမှု စသည် ဖြစ်သည်။

၃၂။ အပိုဒ် ၂ (င) တွင် ကျောင်းသားတစ်ဦးချင်းစီ ကိုယ်ပိုင်လိုအပ်ချက်ကို ကောင်းမွန်ပြည့်ဝစွာ တိုက်ရိုက် ပံ့ပိုးပေးရန်လိုကြောင်း တင်ပြထားသည်။ ကော်မတီသည် ကျောင်းသားတစ်ဦးစီ၏ ပညာရေးအစီအစဉ် ပြုလုပ်ရန် လိုအပ်ကြောင်းကို အလေးထားပါသည်။ ၎င်းအစီအစဉ်များတွင် ကျောင်းသား တစ်ဦးစီအတွက် လိုအပ်သော ထောက်ပံ့ပေးမှု၊ နေစရာအခန်း၊ သီးသန့်လိုအပ်သော အထောက်ကူပစ္စည်းများ၊ သီးသန့်သင်ယူမှုဆိုင်ရာကိရိယာများ၊ ဆက်သွယ်ရေးလုပ်ဆောင်ချက်များ၊ သတင်းနှင့် နည်းပညာဆိုင်ရာ အထောက်ကူပြုမှုများ စသည်တို့ ပါဝင်သည်။ ထောက်ပံ့ပေးမှုတွင် ကျောင်းသား၏ လိုအပ်ချက်အလိုက် တစ်ဦးချင်းသော်လည်းကောင်း၊ အများသော်လည်းကောင်း အရည်အသွေးပြည့်ဝသော ပညာရေးဝန်ထမ်း ထားရှိပေးခြင်းလည်း ပါဝင်သည်။ တစ်ဦးချင်း

that the accommodation meets the requirements, will, preferences and choices of the student and can be implemented by the institution provider. Provision of reasonable accommodation may not be conditional on a medical diagnosis of impairment and should be based instead on the evaluation of social barriers to education.

30. The denial of reasonable accommodation constitutes discrimination and the duty to provide reasonable accommodation is immediately applicable and not subject to progressive realization. States parties must ensure that independent systems are in place to monitor the appropriateness and effectiveness of accommodations, and provide safe, timely, and accessible mechanisms for redress when students with disabilities, and if relevant, their families, consider that they have not been adequately provided or have experienced discrimination. Measures to protect victims of discrimination against victimization during the redress process are essential.

31. Paragraph 2 (d) affirms that students with disabilities are entitled to the support they require to facilitate their effective education and enable them to fulfil their potential on an equal basis with others. Support in terms of general availability of services and facilities within the education system should ensure that students with disabilities are able to fulfil their potential to the maximum extent possible, including, for example, the provision of sufficient trained and supported teaching staff, school counsellors, psychologists, and other relevant health and social service professionals, as well as access to scholarships and financial resources.

32. Paragraph 2 (e) requires that adequate continuous personalised support is provided directly. The Committee emphasizes the necessity for the provision of individualised education plans, which can identify the reasonable accommodations and specific support required for an individual student, including the provision of assistive compensatory aids, specific learning materials in alternative/accessible formats, modes and means of communication, and communication aids and assistive and information technology. Support can also consist of a qualified learning support assistant, either shared or on a one-to-one basis, depending on the requirements of the student.

ပညာရေးအစီအစဉ်သည် ကျောင်းသား၏ ပညာရေးအဆင့်များအရ ပြောင်းလဲလာမှုနှင့် ကိုက်ညီရမည်ဖြစ်သည်။ ဤအစီအစဉ်တွင် အကျိုးသက်ရောက်မှုကို ပုံမှန်စောင့်ကြည့်လေ့လာ သုံးသပ်ရမည်ဖြစ်ပြီး သင်ယူသူတို့ ကိုယ်တိုင် တိုက်ရိုက်ပါဝင်ရမည် ဖြစ်ပါသည်။ ပုံမှန်အားဖြင့် ထောက်ပံ့မွမ်းမံခြင်း ကိစ္စရပ်တွင် ကျောင်းသား၊ မိဘ၊ အုပ်ထိန်းသူတို့ ပူးပေါင်းပါဝင် လုပ်ဆောင်ရမည် ဖြစ်သည်။ အကယ်၍ သင်ယူသူသည် ပညာရေးအစီအစဉ်တွင် ပြည့်စုံ လုံလောက်သော အတိုင်းအတာ မရှိခဲ့လျှင် (သို့) မရရှိခဲ့လျှင် ပြန်လည်သင်ယူရမည်ဖြစ်သည်။

၃၃။ မည်သည့် ထောက်ပံ့မှုလုပ်ငန်းမဆို အားလုံးအကျုံးဝင်ပါဝင်မှု ပန်းတိုင်နှင့် ကိုက်ညီရမည်ဖြစ်သည်။ ၎င်းတို့သည် မသန်စွမ်းကျောင်းသားများအတွက် ကျောင်းတွင်း ကျောင်းပြင် လုပ်ဆောင်ချက်များတွင် သီးခြားမဖြစ်စေပဲ အတူလက်တွဲပူးပေါင်းလုပ်ဆောင်နိုင်သော အခွင့်အလမ်းများ ဖန်တီးရေးဆွဲရမည် ဖြစ်သည်။

၃၄။ အပိုဒ် (၂၄) စာပိုဒ် (၃)အရ ပါဝင်ဖက်နိုင်ငံအများအပြားသည် အထူးသဖြင့် ဉာဏ်ရည်ချို့တဲ့သူများ၊ ဆက်သွယ်ပြောဆိုနိုင်စွမ်း ချို့တဲ့သူများ၊ အာရုံခံနိုင်စွမ်းချွတ်ယွင်းသည့် မသန်စွမ်းသူများအတွက် သင့်လျော်သည့် ပညာရေးနှင့် ရပ်ရွာအတွင်း ဝင်ဆံ့နိုင်စေရန်အတွက် မရှိမဖြစ်လိုအပ်သည့် အခြေအနေ၊ ဘာသာစကားနှင့် လူမှုဆိုင်ရာစွမ်းရည်များ ပံ့ပိုးမှုများကို ပြုလုပ်ရန် ပျက်ကွက်နေကြပါသည်။

(က) မျက်မမြင်နှင့် အမြင်အာရုံတစ်စိတ်တစ်ပိုင်းချို့တဲ့သူကျောင်းသားများအတွက် မျက်မမြင်စာနှင့် အခြားစာများ၊ စကားပြောခြင်းနှင့် စာရေးသားခြင်းပါဝင်သည့် သင်ကြားခြင်းနည်း လမ်းများ၊ ဆက်သွယ်ပြောဆိုမှုလမ်းကြောင်းများနှင့် ပုံစံများ၊ ထိုနည်းလမ်းများကို မိတ်ဆက်သင်ကြားပေးခြင်းနှင့် လှုပ်ရှားမှုစွမ်းရည်များဆိုင်ရာ အခွင့်အလမ်းများကို ပံ့ပိုးပေးရမည်။ သင်လျော်သည့်နည်းပညာနှင့် အခြားဆက်သွယ်မှုစနစ်များကို လက်လှမ်းမီစေရန် ရင်းနှီးမြှုပ်နှံခြင်းဖြင့် သင်ကြားမှုကို အထောက်အကူဖြစ်စေရမည်။ အချင်းချင်းပံ့ပိုးမှုနှင့် လမ်းညွှန်ပေးမှုစနစ်များကိုလည်း မိတ်ဆက်ပေးခြင်းနှင့် အားပေးခြင်းကို ပြုလုပ်ပေးရမည်။

(ခ) နားမကြားသူနှင့် အကြားအာရုံချွတ်ယွင်းသည့် ကျောင်းသားများအတွက် လက်သင်္ကေတ ပြဘာသာစကားနှင့် နားမကြားသူများအသိုင်းအဝိုင်း၏ ဘာသာရပ်ဆိုင်ရာ အမှတ်အသားကို အသိအမှတ်ပြုခြင်းနှင့် မြှင့်တင်ခြင်းတို့ကို ပြုလုပ်ရမည်။ ကော်မတီသည် ပညာရေးတွင် ခွဲခြားဆက်ဆံမှုကိုဆန့်ကျင်သည့် ယူနက်စကို၏ သဘောတူညီချက်အား ပါဝင်ဖက်နိုင်ငံများ၏ စိတ်ဝင်စားမှုများကို

Individualized education plans must address the transitions experienced by the learners from segregated settings and between levels of education. Effectiveness of these plans should be regularly monitored and evaluated with the direct involvement of the learner concerned. The nature of provision must be determined in collaboration with the student, together, where appropriate, with the parents or caregivers/third parties. The learner must have access to recourse mechanisms if the support is unavailable or inadequate.

33. Any support measures provided must be compliant with the goal of inclusion. Accordingly, they must be designed to strengthen opportunities for students with disabilities to participate in the classroom and in out-of-school activities alongside their peers, rather than marginalise them.

34. Regarding article 24, paragraph 3, many States parties are failing to make appropriate provision for persons with disabilities, particularly persons on the autism spectrum, those with communication impairments and with sensory disabilities, to acquire the life, language and social skills essential for participation in education and within their communities.

(a) Blind and partially sighted students must be provided with opportunities to learn Braille, alternative script, augmentative and alternative modes, means and formats of communication, as well as orientation and mobility skills. Investment in access to appropriate technology and alternative communication systems to facilitate learning should be supported. Peer support and mentoring schemes should be introduced and encouraged.

(b) Deaf and hard of hearing students must be provided with the opportunity to learn sign language, and measures taken to recognise and promote the linguistic identity of the deaf community. The Committee draws the attention of States parties to UNESCO's Convention against Discrimination in Education which establishes the

ရရှိအောင် ပြုလုပ်သည်။ ထိုသဘောတူညီချက်သည် ကလေးများအား သူတို့ ကိုယ်ပိုင် ဘာသာစကားဖြင့် သင်ယူပိုင်ခွင့်နှင့် အပိုဒ် ၃၀ (ဃ) အရ မသန်စွမ်းသူများသည် အခြားသူများကဲ့သို့ တန်းတူအခွင့်အရေးရရှိနိုင်ပြီး သူတို့၏ ယဉ်ကျေးမှုနှင့် ဘာသာစကားကို အသိအမှတ်ပြုမှုနှင့် ပံ့ပိုးမှုရရှိရန် လိုအပ်ကြောင်း ပါဝင်ဖက် နိုင်ငံများအား အသိပေးသည်။ ထို့ပြင် အကြားအာရုံဆိုင်ရာအခက်အခဲရှိသည့် ကျောင်းသားများကို အရည်အသွေးရှိ စကားပြောကုထုံး ဝန်ဆောင်မှုများ၊ အသံများကို ပိုမိုရှင်းလင်းစွာဖမ်းယူနိုင်သည့် နည်းလမ်းများနှင့် စာတမ်းထိုးပေးခြင်း စသည့် နည်းလမ်းများကို လက်လှမ်းမီစေရမည်။

(ဂ) အမြင်၊ အကြား သို့မဟုတ် နှစ်မျိုးစလုံး ချို့ယွင်းသူကျောင်းသားများအတွက် တစ်ဦးချင်းစီနှင့် သင့်လျော်မည့် ဘာသာစကားနှင့် ဆက်သွယ်ပြောဆိုသည့် နည်းလမ်းများကို အသုံးပြုသည့် ပညာသင်ကြားမှုစနစ်နှင့် မိမိကိုယ်ပိုင်၊ ပညာရပ်ဆိုင်ရာနှင့် လူမှုရေးရာဖွံ့ဖြိုးရေးများကို ကျောင်းတွင်းနှင့် ကျောင်းပြင်ပ ပတ်ဝန်းကျင်နှစ်မျိုးစလုံးမှ ရရှိစေရန် ပံ့ပိုးပေးရမည်။ ကော်မတီသည် အားလုံးပါဝင်နိုင်သည့် ပတ်ဝန်းကျင်ကို ရရှိစေရန်အားစိုက်လုပ်ဆောင်ပြီး၊ ပါဝင်ဖက်နိုင်ငံများသည် အရင်းအမြစ်၊ နည်းပညာ၊ လုံခြုံစွာသွားလာနိုင်ရန် လမ်းညွှန်ပေးသည့် စွမ်းရည်များရရှိနိုင်စေရန် လိုအပ်သည့်ပံ့ပိုးမှုများကို ပေးသင့်သည်။

(ဃ) ပြောဆိုဆက်သွယ်ခြင်းဆိုင်ရာ ချို့ယွင်းချက်ရှိသည့်ကျောင်းသားများအတွက် မိမိကိုယ်ကိုတင်ပြနိုင်မည့်အခွင့်အရေးနှင့် ရေးသားခြင်းနှင့်ပြောဆိုခြင်းကို အစားထိုးသည့် အခြားနည်းလမ်းများကိုအသုံးပြုပြီး သင်ယူနိုင်မည့်အခွင့်အလမ်းများကို ရရှိစေရမည်။ ထိုအခွင့်အလမ်းများတွင် သင်္ကေတပြဘာသာစကား၊ အသံထွက်စကားပြောလက်ကိုင် ကွန်ပျူတာငယ်များကဲ့သို့ သာမန် သို့မဟုတ် အဆင့်မြင့်အသံဖြင့်ဆက်သွယ်သည့် အထောက်အကူပြုပစ္စည်းများ သို့မဟုတ် ပြောဆိုဆက်သွယ်မှု စာအုပ်များသာမက အခြားနည်းလမ်းများလည်း ပါဝင်သည်။

(င) လူမှုဆက်ဆံရေးတွင် အခက်အခဲရှိသည့် သင်ယူသူများအတွက် အခြားသူများနှင့်တွဲဖက်သင်ယူစေခြင်း၊ အချင်းချင်း သင်ကြားပေးခြင်း၊ ဆရာ၏အနီးတွင် ထိုင်ခုံစီစဉ်ပေးခြင်းနှင့် စနစ်တကျဖန်တီးထားပြီး ခန့်မှန်းနိုင်သည့် ပတ်ဝန်းကျင်အပါအဝင်၊ စာသင်ခန်းကို လိုက်လျောညီထွေစွာ ပြုပြင်ပြောင်းလဲခြင်းဖြင့် ပံ့ပိုးမှုပေးရမည်။

right of children to be taught in their own language, and reminds States parties that Article requires that persons with disabilities are entitled, on an equal basis with others, to recognition of and support for their specific cultural and linguistic identity, including sign language and deaf culture. In addition, hard-of-hearing students must also have access to quality speech therapy services, induction loop technology and captioning.

(c) Students who are blind, deaf or deafblind must be provided with education delivered in the most appropriate languages and modes and means of communication for the individual, and in environments which maximize personal, academic and social development both within and outside formal school settings. The Committee emphasises that for such inclusive environments to occur, States parties should provide the required support, including by way of resources, assisted technology, and provision of orientation and mobility skills.

(d) Learners with communication impairments must be provided with the opportunity to express themselves and learn using alternative or augmentative communication. This may include but is not limited to provision of sign language, low or high tech communication aids such as tablets with speech output, voice output communication aids (VOCAS) or communication books. States parties should invest in developing expertise, technology and services in order to promote access to appropriate technology and alternative communication systems to facilitate learning.

(e) Learners with social communication difficulties must be supported through adaptions to classroom organisation, including working in pairs, peer tutoring, seating close to the teacher and the creation of a structured and predictable environment.

(စ) ဉာဏ်ရည်ချွတ်ယွင်းနေသည့် သင်ယူသူများကို သေချာစွာ စူးစမ်းလေ့လာ/မြင်တွေ့နိုင်သည့် လွယ်ကူဖတ်ရှုစေခြင်းဖြင့် သင်ကြားနိုင်သည့်၊ လုံခြုံတိတ်ဆိတ်ငြိမ်သက်သည့်၊ စနစ်တကျ တည်ဆောက်ထားသည့် သင်ကြားမှုပတ်ဝန်းကျင်နှင့်၊ ကျောင်းသားကို လွတ်လပ်စွာနေထိုင်ခြင်းနှင့် အသက်မွေးမှုဆိုင်ရာသင်ကြားခြင်းဆိုင်ရာစွမ်းရည်များကို ဦးတည်သည့် သင်ထောက်ကူပစ္စည်းများကို ပံပိုးပေးရမည်။ ပါဝင်ဖက်နိုင်ငံများသည် အခြားရွေးချယ်နိုင်သည့် လမ်းညွှန်မှုများဆိုင်ရာနည်းဗျူဟာများနှင့် ဆန်းစစ်ခြင်းနည်းလမ်းများကိုအသုံးပြုသည့် လူတိုင်းပါဝင်နိုင်သည့် အပြန်အလှန် သင်ယူနိုင်မည့် စာသင်ခန်းများကို ပံ့ပိုးပေးသင့်သည်။

၃၅။ အပိုဒ် (၂၄)၊ စာပိုဒ် (၄)အရ၊ ပါဝင်ဖက်နိုင်ငံများသည် အုပ်ချုပ်ရေး၊ သင်ကြားရေးနှင့် သင်ကြားရေးမဟုတ်သည့်ဝန်ထမ်းများခန့်အပ်ရာတွင် လူတိုင်းအကျုံးဝင်ပညာရေးပတ်ဝန်းကျင်များနှင့် သင်္ကေတပြ ဘာသာစကား နှင့်/သို့မဟုတ် မျက်မမြင်စာနှင့် လုံခြုံစွာ လှုပ်ရှားသွားလာနိုင်စေရန် ညွှန်ကြားပေးခြင်းစွမ်းရည်များကို တတ်ကျွမ်းသည့်သူများအား ခန့်ထားနိုင်ရန် သင့်လျော်သည့် ညွှန်ကြားချက်များပေးရမည်။ နားလည်တတ်ကျွမ်းပြီး သန္နိဋ္ဌာန်ခိုင်မာသောဝန်ထမ်းများကို အလုံအလောက်ခန့်ထားခြင်းသည် လူတိုင်းအကျုံးဝင်ပညာရေးကို စတင်အကောင်အထည်ဖော်ရန်နှင့် ရည်ရှည်တည်တံ့ရန်တို့အတွက် အရေးပါသည့် အချက်များဖြစ်သည်။ တတ်ကျွမ်းနားလည်မှုမရှိခြင်းသည် အားလုံးပါဝင်နိုင်ရေးအတွက် ကြီးမားသည့် အဟန့်အတားအဖြစ်ဆက်လက်တည်ရှိနေသည်။ ပါဝင်ဖက်နိုင်ငံများသည် မသန်စွမ်းဆိုင်ရာလူ့အခွင့်အရေးကိုအခြေခံသည့် လူတိုင်းအကျုံးဝင်ပညာရေးကို ဆရာများအားလုံးအား လေ့ကျင့်သင်ကြားပေးနိုင်ရန် ဆောင်ရွက်ရမည်။

၃၆။ ပါဝင်ဖက်နိုင်ငံများက မသန်စွမ်းဆရာများကို ခန့်ထားရန်နှင့် ထိုဆရာများကို စဉ်ဆက်မပြတ်သင်ကြားပေးရန်အတွက် ရင်းနှီးမြှုပ်နှံမှုများနှင့် ပံ့ပိုးမှုများပြုလုပ်ရမည်။ ထိုအချက်သည် ဆရာရွေးချယ်ခန့်ထားရာတွင် လိုအပ်သည့် ဆေးပညာဆိုင်ရာ သတ်မှတ်ချက်ဥပဒေနှင့် မူဂါဒဆိုင်ရာ မည်သည့်အတားအဆီးများမဆို ဖယ်ရှားခြင်းနှင့် ထိုသူများကို ဆရာများအဖြစ်လုပ်ကိုင်နိုင်စေရန် သင့်လျော်သည့်အခြေအနေများကို ဖန်တီးပေးခြင်းတို့ ပါဝင်သည်။ ထိုသူတို့ဆရာများအဖြစ်ရှိနေခြင်းသည် သင်ကြားမှုလုပ်ငန်းနှင့် သင်ယူမှုပတ်ဝန်းကျင်သို့ ဝင်ရောက်နိုင်သည့် ကျွမ်းကျင်မှုနှင့် စွမ်းရည်များကို ဖန်တီးပေးခြင်းဖြင့် မသန်စွမ်းများ၏တန်းတူအခွင့်အရေးကို မြှင့်တင်ရာရောက်စေပြီး အခက်အခဲအတားအဆီးများကို ကျော်လွှားကာ စံပြပုဂ္ဂိုလ်များအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။

၃၇။ အပိုဒ်(၂၄)၊ စာပိုဒ် (၅)အရ အထက်တန်းလွန်ပညာရေး၊ အသက်မွေးမှုသင်တန်း၊ အရွယ်ရောက်ပြီး သင်ယူမှုအစီအစဉ်နှင့် ဘဝတစ်သက်တာ လေ့လာသင်ယူမှု စသည်တို့ကို မသန်စွမ်းသူများအနေဖြင့် ခွဲခြားဆက်ဆံခံရမှုမရှိဘဲ ရရှိခံစားနိုင်စေရန် ပါဝင်ဖက်နိုင်ငံများက အသေ

(f) Learners with intellectual impairments must be provided with concrete, observable/visual and easy-read teaching and learning materials within a safe, quiet and structured learning environment, targeting capacities that will best prepare student for independent living and vocational contexts. States parties should invest in inclusive interactive classrooms using alternative instructional strategies and assessment methods.

35. Article 24, paragraph 4 requires States parties to take appropriate measures to employ administration, teaching and non-teaching staff with the skills to work effectively in inclusive education environments and qualified in sign language and/or Braille, orientation and mobility skills. An adequate number of qualified and committed school staff is a key asset in the introduction and sustainability of inclusive education. The lack of understanding and capacity remain significant barriers to inclusion. States parties must ensure that all teachers are trained in inclusive education based on the human rights model of disability.

36. States parties must invest in and support the recruitment and continuous education of teachers with disabilities. This includes removing any legislative or policy barriers requiring candidates to fulfil specific medical eligibility criteria, and the provision of reasonable accommodations for their participation as teachers. Their presence will serve to promote equal rights for persons with disabilities to enter the teaching profession, bring unique expertise and skills into learning environments, contribute to breaking down barriers and serve as important role models.

37. According to article 24, paragraph 5, States parties should ensure that persons with disabilities are able to access general tertiary education, vocational training, adult education and lifelong learning without discrimination and on an equal basis with

အချာ ဆောင်ရွက်ပေးသင့်သည်။ စိတ်နေသဘောထားဆိုင်ရာ၊ ရုပ်ဂတ္တုဆိုင်ရာ၊ ဘာသာစကားဆိုင်ရာ၊ ပြောဆိုဆက်သွယ်မှုဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ၊ ဥပဒေပိုင်းဆိုင်ရာနှင့် ပညာရေး လက်လှမ်းမီမှုမရှိစေသည့် မည်သည့်အတားအဆီးများကိုမဆို အဆင့်ဆင့်ဖော်ထုတ်ခြင်း၊ ဖယ်ရှားခြင်းတို့ကို ပြုလုပ်ပြီး တန်းတူလက်လှမ်းမီစေရမည်။ မသန်စွမ်းများခွဲခြား ခံရမှုမရှိစေရန် သင့်လျော်သည့်အခြေအနေကိုဖန်တီးပေးရမည်။ ပါဝင်ဖက်နိုင်ငံများသည် အထက်တန်းလွန်ပညာရေးတွင် မသန်စွမ်းများပိုမိုသင်ယူလာစေနိုင်ရန် ခွဲခြားမှုကင်းမဲ့သည့် လုပ်ငန်းဆိုင်ရာအချက်များကို စဉ်းစားရမည်။

## အပိုင်း (၂)

၃၈။ ပါဝင်ဖက်နိုင်ငံများသည် လူတိုင်းအကျုံးဝင်ပညာရေးရရှိရန် အခွင့်အရေးအတွက် အသင့်ရရှိနိုင်ခြင်း၊ အသုံးပြုနိုင်စွမ်းရှိခြင်း၊ လက်ခံနိုင်ဖွယ်ရှိခြင်းနှင့် အလိုက်အထိုက်ပြောင်းလဲနိုင်ခြင်း စသော အရေးကြီးအင်္ဂါရပ်များကို **လေးစားလိုက်နာ** ကာကွယ်ပေးရန်နှင့် ဖြည့်ဆည်းပေးရန် လိုအပ်ပါသည်။ အဖွဲ့ဝင်နိုင်ငံများ၏ လေးစားလိုက်နာရမည့်တာဝန်များမှာ မသန်စွမ်းကလေးများကို ပညာရေးစနစ်မှ ဖယ်ထုတ်သောဥပဒေပြဋ္ဌာန်းခြင်း သို့မဟုတ် ၎င်းပညာရေးကို အသုံးပြုနိုင်စွမ်းမှ ငြင်းပယ်ခံရခြင်း သို့မဟုတ် သင့်တင့်လျောက်ပတ်သော နေရာထိုင်ခင်း အသုံးပြုနိုင်စွမ်းရှိခြင်းမှ ငြင်းပယ်ခံရခြင်းစသော ကလေးများ၏ရသင့်ရထိုက်သော အခွင့်အရေးများကို အနှောင့်အယှက်ပေးသောအချက်များကို ရှောင်ကျဉ်ရန်။ ပါဝင်ဖက်နိုင်ငံများ၏ ကာကွယ်ရမည့် တာဝန်မှာ အခြားသူများမှ ကလေးများ၏ ပျော်ရွှင်နိုင်ခွင့်ကို နှောင့်ယှက်သောလုပ်ဆောင်ချက်များကို **ကာကွယ်ရမည်** ဖြစ်သည်။ ဥပမာအားဖြင့် မိဘများမှ မသန်စွမ်းကလေးများကို ကျောင်းသို့ပို့ရန် ငြင်းဆန်ခြင်း သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ကလေးများ၏ ချို့ယွင်းချက်ကိုအခြေခံပြီး ကျောင်းအပ်ရန် ငြင်းဆန်ခြင်းတို့မှ တားဆီးကာကွယ်ရမည်ဖြစ်သည်။ ပါဝင်ဖက်နိုင်ငံများ **ဖြည့်ဆည်းပေးရမည့်** တာဝန်မှာ မသန်စွမ်းကလေးသူငယ်များ၏ ပညာသင်ယူခွင့်ကို ရရှိနိုင်ရေးအတွက် အထောက်အကူပြုရမည်ဖြစ်သည်။ ဥပမာအားဖြင့် ပညာရေးအဖွဲ့အစည်းများ လက်လှမ်းမီသော နေရာတွင်ရှိခြင်းနှင့် ၎င်းပညာရေးစနစ်သည် အရင်းအမြစ်များ၊ ဝန်ဆောင်မှုများကိုအသုံးပြု၍ သင့်လျော်စွာ ပြုပြင်ရမည်။

၃၉။ အပိုဒ်ခွဲ ၄.၂ တွင် ပါဝင်ဖက်နိုင်ငံများမှ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးနှင့်ပတ်သက်ပြီး ၎င်းတို့၏ အများဆုံးရရှိနိုင်သောအရင်းအမြစ်များကို စီမံဆောင်ရွက်ရန် လိုအပ်သည်နှင့်အမျှ ၎င်းအခွင့်အရေးများအား တဖြည်းဖြည်း အပြည့်အဝ နားလည်မှုရရှိစေရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု မူဘောင်အတွင်း ဆောင်ရွက်ရန်လိုအပ်ပါသည်။ တိုးတက်ပြောင်းလဲမှုကို စဉ်ဆက်မပြတ်စောင့်ကြည့်ခြင်းဆိုသည်မှာ အဖွဲ့ဝင်နိုင်ငံများမှ အပိုဒ် ၂၄ အား အပြည့်အဝနားလည်မှုရရှိရန်၊ မြန်ဆန်ထိရောက်စွာလုပ်ဆောင်ရန် အဆက်မပြတ် စောင့်ကြည့်ဆောင်ရွက်ရခြင်းဖြစ်သည်။ ဤပညာရေးစနစ်သည် ပညာရေးနှစ်ရပ်ဖြစ်သော လူတိုင်းအကျုံးဝင်

others. Attitudinal, physical, linguistic, communication, financial, legal and other barriers to education at these levels must be identified and removed in order to ensure equal access. Reasonable accommodation must be provided to ensure that persons with disabilities do not face discrimination. States parties should consider taking affirmative action measures in tertiary education in favour of learners with disabilities.

## Part 2

38. States parties should respect, protect and fulfill each of the essential features of the right to inclusive education: availability, accessibility, acceptability, adaptability. The obligation to respect requires avoiding measures that hinder the enjoyment of the right, such as legislation excluding certain children with disabilities from education, or denial of accessibility or reasonable accommodation. The obligation to protect requires taking measures that prevent third parties from interfering with the enjoyment of the right, for example, parents refusing to send girls with disabilities to school, or private institutions refusing to enrol persons with disabilities based on their impairment. The obligation to fulfill requires taking measures that enable and assist persons with disabilities to enjoy the right to education, for example, that education institutions are accessible and that education systems are adapted appropriately with resources and services.

39. Article 4.2 requires that States parties undertake measures to the maximum of their available resources regarding economic, social and cultural rights, and, where needed, within a framework of international cooperation, with a view to achieving progressively the full realisation of those rights. Progressive realization means that States parties have a specific and continuing obligation *"to move as expeditiously and effectively as possible"* towards the full realization of article 24.[2] This is not compatible with sustaining two systems of education: mainstream and special/segregated

7A

ပညာရေးနှင့် အထူးကျောင်း (သို့) သီးသန့်ကျောင်း ပညာရေးတို့သည် အတူတကွ ရှိလေ့မရှိပါ။ ပါဝင်ဖက်နိုင်ငံများမှ ထိုအခွင့်အရေးများကို တာဝန်တရပ်အနေဖြင့်ခံယူပြီး အပြည့်အဝနားလည်ရန် တိုးတက်ပြောင်းလဲမှုကို စဉ်ဆက်မပြတ်စောင့်ကြည့်ခြင်းကို သဘောတူစာချုပ်၏ အလုံးစုံသော ရည်မှန်းချက်အတိုင်း လက်ခံရမည်။ အလားတူပင် ပါဝင်ဖက်နိုင်ငံများသည် လူတိုင်းကျုံးဝင် ပညာရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဘဏ္ဍာငွေကြေးလွှဲပြောင်းခြင်းအပါအဝင် ပညာရေးအတွက် ထပ်မံ၍ ငွေကြေးများ ခွဲဝေပေးခြင်းများကို ပြန်လည်ညှိနှိုင်းဆောင်ရွက်ရန် တိုက်တွန်းပါသည်။ တမင်တကာ ခေတ်နောက်ပြန်ဆွဲသော ဆောင်ရွက်ချက်များသည် ပညာရေးအဆင့်တိုင်းရှိ မည်သည့် မသန်စွမ်းကလေးကိုမဆို ဦးမတည်ရပါ။ ခွဲခြားရန် မရှိမဖြစ်လိုအပ်လာပါက အခက်အခဲ ကာလ၊ အမှန်တကယ်လိုအပ်သောအချိန်နှင့် သင့်လျော်သောကာလတွင်သာ ယာယီဆောင်ရွက် ချက်များအဖြစ်သာ ကန့်သတ်ထားရမည်ဖြစ်ပြီး ခွဲခြားဆက်ဆံမှုနှင့် မညီမျှမှုကိုလျော့ချရန် ဖြစ်နိုင် ချေရှိသော ဆောင်ရွက်ချက်များကိုသာ ဆောင်ရွက်ရမည်။

၄၀။ ချက်ခြင်း လက်ငင်း လုပ်ဆောင်နိုင်သော အထက်ပါ တာဝန်ဝတ္တရားများအား လုပ်ဆောင်မှု ရှိမရှိ စဉ်ဆက်မပြတ် အသိအမှတ်ပြု စောင့်ကြည့်ရန် လိုအပ်မည်ဖြစ်သည်။ CESCR ၏ အထွေထွေ မှတ်ချက်များအရ ပါဝင်ဘက်နိုင်ငံများသည် ပညာသင်ခွင့်နှင့်ပတ်သက်သော အင်္ဂါရပ် အသီးသီးကို အနည်းဆုံး မရှိမဖြစ်လိုအပ်သော အချက်များကို ပံ့ပိုးရန်တာဝန်ရှိသည်။ ထို့ကြောင့် အဖွဲ့ဝင်နိုင်ငံများ သည် အောက်ဖော်ပြပါ အဓိကကျသော အခွင့်အရေးများကို ချက်ချင်းသက်ရောက်မှုများ ရှိစေရန် အကောင်အထည်ဖော်သင့်ပါသည်။

(က) ပညာရေးဆိုင်ရာ ခွဲခြားဆက်ဆံခြင်းမရှိခြင်းနှင့် ခွဲခြားဆက်ဆံခြင်းများကို နိုင်ငံ တကာမှတားမြစ်ထားခြင်း။ ပါဝင်ဖက်နိုင်ငံများသည် မသန်စွမ်းသူများကို ပညာ ရေးမှ ဘေးဖယ်ချန်လှပ်ထားခြင်းမရှိအောင် စီမံဆောင်ရွက်ရမည်ဖြစ်ပြီး ၎င်းတို့၏ တန်းတူညီမျှ ပါဝင်ဆောင်ရွက်ရေးတွင် ဖွဲ့စည်းပုံဆိုင်ရာ အဟန့်အတား များကို ဖယ်ရှားပေးရမည်ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လူတိုင်းအကျုံး ဝင်ပညာရေး ရရှိခံစားခွင့်ကို ထိခိုက်စေသော ဥပဒေနှင့် အုပ်ချုပ်ရေးအရ ခွဲခြားဆက်ဆံခြင်းနှင့် အခြားသော ခွဲခြားဆက်ဆံမှုများကို ဖယ်ရှားရန် အရေးပေါ် ဆောင်ရွက်ရမည်။ မတူညီသောအုပ်စုများအတွက်သီးခြားစံနှုန်းနှင့် မညီမျှမှုကို ခိုင်မာစေရန်တွန်းအားမပေးသ၍ ပညာရေးအတွင်းခွဲခြားဆက်ဆံမှုကင်းလွတ်ခွင့် ကို ချိုးဖေါက်သည့်ဖွဲ့စည်းမှု ပေါ်ပေါက်လာသည်အထိ ပြုပြင်ပြောင်းလဲခြင်းကို လိုက်လျောညီထွေမှုရှိအောင် အခိုင်အမာ မလုပ်ဆောင်သင့်ပေ။

education systems. Progressive realization must be read according to the overall objective of the Convention to establish clear obligations for States parties in respect of the full realization of the rights in question. Similarly, States parties are encouraged to redefine budgetary allocations for education, including transferring budgets to develop inclusive education. Any deliberately retrogressive measures in that regard must not disproportionately target learners with disabilities at any level of education. They must be only a temporary measure limited to the period of crisis, be necessary and proportionate, not be discriminatory and comprise all possible measures to mitigate inequalities.

40. Progressive realization does not prejudice those obligations that are immediately applicable. Drawing from CESCR's General Comment, States parties have "a minimum core obligation to ensure the satisfaction of, at the very least, minimum essential levels" of each of the features of the right to education. Therefore States parties should implement the following core rights with immediate effect:

(a) Non-discrimination in all aspects of education and encompassing all internationally prohibited grounds of discrimination. States parties must ensure non-exclusion from education for persons with disabilities and eliminate structural disadvantages to achieve effective participation and equality for all persons with disabilities. They must take urgent steps to remove all legal, administrative and other forms of discrimination impeding the right of access to inclusive education. The adoption of affirmative action measures does not constitute a violation of the right to non discrimination with regard to education, so long as such measures do not lead to the maintenance of unequal or separate standards for different groups.

(ခ) မသန်စွမ်းသူများအား ပညာရေးမှ ဘေးဖယ်ချန်လှပ်ထားခြင်းမရှိစေရန် သင့်လျော်သော နေရာထိုင်ခင်းရရှိရန်အတွက် သေချာစီမံဆောင်ရွက်ရမည်။ သင့်လျော်သော နေရာထိုင်ခင်းပံ့ပိုးရန် ပျက်ကွက်ခြင်းသည် မသန်စွမ်းသူများ အပေါ် ခွဲခြားဆက်ဆံခြင်းဖြစ်သည်။

(ဂ) မသင်မနေရ အခမဲ့ မူလတန်း ပညာရေးကို ကလေးအားလုံးက ရရှိနိုင်ရမည်။ ပါဝင်ဖက်နိုင်ငံများသည် အကျုံးဝင်ခြင်းကို အခြေခံကာ ဤအခွင့်အရေးကို ရရှိနိုင်ရေးအတွက် မသန်စွမ်းကလေးများနှင့် လူငယ်များအားလုံးအား အာမခံချက် အသေအချာ ရရှိစေရန်သင့်လျော်သော စီမံဆောင်ရွက်မှုများ ပြုလုပ်ရမည်။ ၂၀၃၀ ပညာရေးလှုပ်ရှားမှု မူဘောင်အရ ကလေးများအားလုံး အရည်အသွေးပြည့်ဝသော ပညာရေးကို ရရှိ၊ ပြီးဆုံးအောင် ဆောင်ရွက်ရန် ပါဝင်ဘက်နိုင်ငံများအား အားပေးတိုက်တွန်းထားသည်။ ထိုပညာရေးသည် အနည်းဆုံး ၁၂ နှစ်ဖြစ်သင့်ပြီး အခမဲ့ဖြစ်ရပါမည်။ ထို့အပြင် ပညာရေးစနစ်ကို ပြည်သူပိုင် ရန်ပုံငွေနှင့်လည်းပတ်ရမည်။ ထိုပညာရေးစနစ်သည် လူတိုင်းအကျုံးဝင်ရမည်ဖြစ်ပြီး မူလတန်းနှင့် အလယ်တန်းတွင် ကလေးများအားလုံးသည် အရည်အသွေးပြည့်ဝသော ပညာရေးကို တန်းတူခံစားရမည်။ ထိုပညာရေးစနစ်တွင် အနည်းဆုံး ၉ နှစ်ကား မသင်မနေရဖြစ်ပါမည်။ ကျောင်းပြင်ပရောက်ကလေးများနှင့် လူငယ်များသည်လည်း အရည်အသွေးပြည့်ဝသော ပညာရေးကို ရရှိခံစားနိုင်ရန် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးရန်ကော်မတီမှ တိုက်တွန်းထားပါသည်။

ပါဝင်ဖက်နိုင်ငံများသည် အဆင့်ဆင့်မှ ပညာသင်ယူနေသော စာသင်သားများ အားလုံးအတွက် ပညာရေးပြဋ္ဌာန်းချက်များပါဝင်သော အမျိုးသားပညာရေးဆိုင်ရာမဟာဗျူဟာကို အခွင့်အလမ်း တန်းတူရရှိခြင်း၊ ပါဝင်ခြင်းကိုအခြေခံ၍ ချမှတ်ဖော်ဆောင်ရမည်ဖြစ်သည်။ အပိုဒ်ခွဲ ၂၄ စာပိုဒ်ခွဲ ၁ တွင် ဖော်ပြထားသည့် ပညာရေးဆိုင်ရာ ရည်မှန်းချက်များသည် ပါဝင်ဖက်နိုင်ငံများအပေါ် ညီမျှသော တာဝန်ဝတ္တရားများကို အသေးစိတ်ဖော်ပြထားသည်။ ထို့ကြောင့် ထိုအချက်အလက်အတိုင်း မဆိုင်းမတွ လိုက်လံဆောင်ရွက်ရမည်။

၄၁။ ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုရည်မှန်းချက် ပန်းတိုင် (၄) နှင့် ၂၀၃၀ ပညာရေးလှုပ်ရှားမှု မူဘောင်တို့နှင့်အညီ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ နှစ်ဦးနှစ်ဘက်နှင့် အများသဘောတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ သတင်းအချက်အလက် မျှဝေလဲလှယ်ခြင်းနှင့် အကောင်းဆုံးလေ့ကျင့်ခြင်း၊ သုတေသန၊ နည်းပညာနှင့် စီးပွားရေးအထောက်အကူများနှင့် နားလည်ရန်လွယ်သော အထောက်အကူဖြစ်သော နည်းပညာများကို

(b) Reasonable accommodations to ensure non-exclusion from education for persons with disabilities. Failure to provide reasonable accommodation constitutes discrimination on disability grounds.

(c) Compulsory, free primary education available to all. States parties must take all appropriate measures to guarantee this right, on the basis of inclusion, to all children and youth with disabilities. The Committee urges States parties to "ensure access to and completion of quality education for all children and youth to at least 12 years of free, publicly funded, inclusive and equitable quality primary and secondary education, of which at least nine years are compulsory, as well as access to quality education for out-of- school children and youth through a range of modalities" as per the Education 2030 Framework for Action.

States parties must adopt and implement a national educational strategy which includes provision of education at all levels for all learners, on the basis of inclusion and equality of opportunity. The educational objectives elaborated in article 24, paragraph 1, place equivalent obligations on States parties and must therefore be regarded on a comparable basis of immediacy.

41. With regard to international cooperation, and in line with SDG 4 and the Education 2030 Framework for Action, all bilateral and multilateral cooperation must advance inclusive and equitable quality education and promote lifelong learning opportunities for all, including support for capacity building, exchange and information sharing and best practices, research, technical and economic assistance, and facilitating

ပံ့ပိုးပေးခြင်း အပါအဝင် လူတိုင်းအကျုံးဝင်ပြီး သာတူညီမျှသော အရည်အသွေးမြင့် ပညာရေးနှင့် ဘဝတစ်သက်တာ သင်ယူလေ့လာမှု အခွင့်အလမ်းများမြှင့်တင်ရေး စသည်တို့ကို တိုးမြှင့်ရမည်။ ပညာရေးအတွက် အချက်အလက်များအားလုံးနှင့် အပြည်ပြည်ဆိုင်ရာ အကူအညီများ အသုံးစရိတ်ကို ချွတ်ယွင်းချက်အနေဖြင့် ခွဲထုတ်ထားရမည်။ ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးရည်မှန်းချက် ပန်းတိုင် (၄) အား စီမံဆောင်ရွက်ရန် လူတိုင်း အကျုံးဝင်ပညာရေးအပေါ် အပြည်ပြည်ဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှု လုပ်ထုံးလုပ်နည်းများအား ထည့်သွင်းစဉ်းစား ပေးခြင်းနှင့် အထောက်အထားများ တည်ဆောက်ခြင်းတို့သည် ပိုမိုကောင်းမွန်သော တွေ့ဆုံဆွေးနွေးရေးမူဝါဒနှင့် တိုးတက်မှုများ စောင့်ကြည့်ခြင်းတို့ကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

၄၂။ ပါဝင်ဖက်နိုင်ငံများအနေဖြင့် အားလုံးသော လူအခွင့်အရေးများသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်မှီခိုသဖြင့် ခွဲခြား၍မရနိုင်ကြောင်းကို အသိအမှတ်ပြုရမည်။ ပညာရေးသည် အခြားသော အခွင့်အရေးများကို အပြည့်အဝနှင့် ထိထိရောက်ရောက် သဘောပေါက်နားလည်စေရန် အဓိက ကျသော ကဏ္ဍတခုဖြစ်သည်။ အပြန်အလှန်အားဖြင့် လူတိုင်းအကျုံးဝင် ပညာရေးဆိုင်ရာ အခွင့်အရေးများကို ခံစားခွင့်ရရန် အခြားအခွင့်အရေးများလည်း အကောင်အထည်ဖော်ရပါမည်။ ၎င်းသည် ပိုမိုကျယ်ပြန့်သော လူ့အဖွဲ့အစည်းအဆင့်၌ လူတိုင်းအကျုံးဝင်သောပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်းဖြင့် ထောက်ပိုးခိုင်မာစေရမည်။ ဤသည် မသန်စွမ်းသူများကို လူ့အဖွဲ့အစည်းမှ ထုတ်ပယ်ခြင်းနှင့် အရေးမပါဟုယူဆခြင်းစသော လူ့အဖွဲ့အစည်း၏အတားအဆီးများကိုဖယ်ရှားရန် တာဝန်များကို အသိအမှတ်ပြုခြင်းအားဖြင့် မသန်စွမ်းသူများ၏ လူ့အခွင့်အရေးပုံစံကို အတည်ပြုရန်လိုအပ်ပြီး အောက်ပါအခွင့်အရေးများကိုအကောင်အထည်ဖော်ခြင်းများပြုလုပ်နိုင်ရန်စီမံချက်များချမှတ်ရမည်။

၄၃။ အပိုဒ် ၅ သည် တရားဥပဒေအောက်တွင် လူသားအားလုံးအား တန်းတူမျှတစွာ ကာကွယ်စောင့်ရှောက်ခြင်း သဘောတရားကို တန်ဖိုးထားသည်။ ပါဝင်ဖက်နိုင်ငံများသည် မသန်စွမ်းမှုအား အခြေခံသော ခွဲခြားဆက်ဆံမှုများကို တားမြစ်ရမည် ဖြစ်ပြီး မသန်စွမ်းသူများအား ခွဲခြားဆက်ဆံခြင်းကိုဆန့်ကျင်သည့် တရားမျှတပြီးထိရောက်သော ကာကွယ်စောင့်ရှောက်မှုများကို အစွမ်းကုန်ပံ့ပိုးပေးရမည်။ စနစ်တကျ ဖွဲ့စည်းထားသော ခွဲခြားဆက်ဆံမှုများကို ကိုင်တွယ်ရန်နှင့် တရားဥပဒေ၏ တန်းတူညီမျှသော အကျိုးခံစားခွင့်များကို သေချာစေရန် ပါဝင်ဖက်နိုင်ငံများသည် အထူးပညာရေးရရှိ ခံစားခွင့်ကို အဟန့်အတားဖြစ်စေသော အဆောက် အအုံနှင့် ဆက်သွယ်မှုများအား ဖယ်ရှားခြင်းနှင့် အခြားအတားအဆီးများစသော စီမံချက်များကို အပြုသဘောဆောင် အရေးယူ ဆောင်ရွက်ပေးရမည်။

access to accessible and assistive technologies. All data and spending of international assistance on education should be disaggregated by impairment. Consideration of an international coordination mechanism on inclusive education to operationalize SDG 4 and to build evidence, contribute to a better policy dialogue and monitor progress.

42. States parties must recognize the indivisibility and interdependence of all human rights. Education is integral to the full and effective realization of other rights.[3] Conversely, the right to inclusive education can only be realized if certain other rights are implemented. It must be underpinned by the creation of inclusive environments at the wider societal level. This will necessitate the adoption of the human rights model of disability whereby recognition is afforded to the obligation to remove the societal barriers that serve to exclude and marginalize persons with disabilities and the adoption of measures to ensure implementation of the following rights.

43. Article 5 enshrines the principle of equal protection of all persons before and under the law. State parties must prohibit all disability-based discrimination and provide persons with disabilities effective and equal protection against discrimination on all grounds. To address systemic and structural discrimination and to ensure "equal benefit of the law" State parties must take affirmative action measures, such as removing architectural and communicative or other barriers to mainstream education.

၄၄။ အပိုဒ် ၆ သည် အမျိုးမျိုးသောခွဲခြားဆက်ဆံခြင်းကိုခံရသော အမျိုးသမီးများနှင့် မိန်းကလေးများကို သတိထားမိသည်။ ထို့ကြောင့် ပါဂင်ဖက်နိုင်ငံများမှ ထိုသူတို့အား တန်းတူညီမျှခြင်းအခွင့်အရေးများရရှိရန် ဆောင်ရွက်ရမည်။ ကြားဖြတ်ခွဲခြားဆက်ဆံခြင်းနှင့် ထုတ်ပယ်ခြင်းတို့သည် မသန်စွမ်းအမျိုးသမီးများနှင့် မိန်းကလေးငယ်များတို့၏ ပညာရေးရရှိခံစားခွင့်အား အပြည့်အဝနားလည်စေခြင်းတို့ကို သိသာထင်ရှားသော အတားအဆီးများဖြစ်စေသည်။ ကျား/မအခြေခံအကြမ်းဖက်မှုနှင့် အမျိုးသမီးနှင့် မိန်းကလေးငယ်တို့၏ ပညာရေးအပေါ် တန်ဖိုးထားမှုမရှိခြင်းစသောအဟန့်အတားများ အပါအဝင် အထက်ဖော်ပြပါ သိသာထင်ရှားသော အတားအဆီးများကို ဖော်ထုတ် ဖယ်ရှားပေးပြီး ၎င်းတို့၏ ပညာရေးရရှိခံစားခွင့်တို့သည် လိင်ကွဲပြားမှု သို့မဟုတ်/ နှင့် မသန်စွမ်းမှုအပေါ် ခွဲခြားဆက်ဆံခြင်း၊ အသရေဖျက်ခြင်း သို့မဟုတ် ဘက်လိုက်ခြင်း စသည်တို့ဖြင့် ဟန့်တားမှု မဖြစ်စေရန် ပါဂင်ဖက်နိုင်ငံများ အနေဖြင့် သေချာ တိကျသော စီမံချက်များထားရှိရမည်။ ထိခိုက်နစ်နာမှုရှိသော လိင်ကွဲပြားမှု သို့မဟုတ်/ နှင့် မသန်စွမ်းမှုတို့ အပေါ် ခွဲခြားဆက်ဆံခြင်းတို့ကိုပြဋ္ဌာန်းစာအုပ်များနှင့် သင်ရိုးညွှန်းတမ်းများတွင် တိုက်ခိုက်ချေမှုန်းရမည်။ လိင် ကွဲပြားမှုအပေါ် ခွဲခြားသည့်အစဉ်အလာ အယူအဆများကို တိုက်ခိုက်ချေမှုန်းရာတွင် ပညာရေးသည် အရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်သည်။ ပါဂင်ဖက်နိုင်ငံများသည် မသန်စွမ်းသောအမျိုးသမီးများနှင့် မိန်းကလေးငယ်များ ပညာရေးတွင် ဆက်လက် ခံစားခွင့်ရရှိစေရန်နှင့် ၎င်းတို့၏ ဖွံ့ဖြိုးမှု၊ တိုးတက်မှုနှင့် လုပ်ပိုင်ခွင့်လွှဲပြောင်းပေးခြင်းတို့အား ပြန်လည်ထူထောင်ရေးလုပ်ငန်းများအဖြစ် စီမံဆောင်ရွက်ရမည်။

၄၅။ အပိုဒ် ၇ သည် ကလေးတစ်ယောက်၏ အကောင်းဆုံး အကျိုးစီးပွားကို အဓိကထည့်သွင်းစဉ်းစားပေးရမည်ဟု အခိုင်အမာ ဖွင့်ဆိုထားသည်။ အဆိုပါ ကလေးတစ်ယောက်၏ အကောင်းဆုံး အကျိုးစီးပွားဆိုသည်မှာ ကလေးတစ်ယောက်၏ ရသင့်ရထိုက်သော လူ့အခွင့်အရေးအားလုံးကို အပြည့်အဝ ထိထိရောက်ရောက် ခံစားမှုရရှိစေရေးနှင့် ကလေးတစ်ယောက်၏ ဘက်စုံ ဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အား သေချာစေခြင်းတို့ကို ရည်ရွယ်သော သဘောထားဖြစ်သည်။ မသန်စွမ်းကလေးတစ်ဦး၏ အကောင်းဆုံးအကျိုးစီးပွား၏ မည်သည့်သတ်မှတ်ချက်များကိုမဆို ထိုကလေး၏ ကိုယ်ပိုင်အမြင်များနှင့် တစ်ဦးချင်း၏ ဂိသေသလက္ခဏာများ၊ မိသားစု၏ ထိုကလေးအပေါ် စောင့်ရှောက်မှု၊ ဂရုစိုက်မှု၊ ကာကွယ်မှုနှင့် ဘေးကင်းလုံခြုံရေး၊ တခြားသော အားနည်းချက်များနှင့် ကလေး၏ကျန်းမာရေးနှင့်ပညာရေးဆိုင်ရာရရှိခံစားခွင့်များကိုထည့်သွင်းစဉ်းစားပေးရမည်ဖြစ်သည်။ ကလေးတစ်ဦး၏ အကောင်းဆုံး အကျိုးစီးပွားသည် ပညာရေးမူဂါဒများနှင့် ပြဋ္ဌာန်းချက်များအပေါ် အခြေခံ၍ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (CRC) မှ အတည်ပြုလိုက်သည်။ မသန်စွမ်းကလေးများ၏ အသက်အရွယ်နှင့် ရင့်ကျက်မှု တို့အရ အခြားသောကလေးများကဲ့သို့ ၎င်းတို့၏အမြင်များကို ထုတ်ဖော်ပြောဆိုခွင့်ရှိပြီး ၎င်းတို့အား ထိခိုက်စေသော ကိစ္စရပ်အားလုံး နှင့်ပတ်သက်၍ အသိပေးနိုင်ပြီး ၎င်းတို့၏ အသက်အရွယ်နှင့် သင့်လျော်

44 Article 6 recognises that women and girls with disabilities are subject to multiple discrimination and States parties must adopt measures to ensure the equal enjoyment of their rights. Intersectional discrimination and exclusion pose significant barriers to the realization of the right to education for women and girls with disabilities. States parties must identify and remove these barriers including, inter alia, gender-based violence and lack of value placed on education of women and girls, and put in place specific measures to ensure that their right to education is not impeded by gender and/or disability discrimination, stigma or prejudice. Harmful gender and/or disability stereotypes must be combatted in textbooks and curricula. Education plays a vital role in combating traditional notions of gender that perpetuate patriarchal and paternalistic societal frameworks. States parties must ensure the access and retention of girls and women with disabilities in education and rehabilitation services as instruments for their development, advancement and empowerment.

45. Article 7 asserts that, in all actions, the best interests of the child shall be a primary consideration. The best interests is a concept aimed at ensuring the full and effective enjoyment by the child of all human rights and the child's holistic development. Any determination of the best interests of a child with a disability must consider the child's own views and individual identity, the preservation of the family, care, protection and safety of the child, any particular vulnerability, and the child's right to health and education. The CRC has affirmed that the best interests of the child must be the basis on which education policies and provision are determined. Article 7 further asserts that children with disabilities have the right to express their views and the latter be given due weight on all matters affecting them, according to their age and maturity on an equal basis with other children, and that they must be provided with disability and age-appropriate assistance. Guaranteeing the right of children to participate in their education must be applied equally to children with disabilities – in their own learning and individualized education plans, within the classroom pedagogy, through schools

သော အကူအညီများ ပံ့ပိုးပေးရမည်ဟု အပိုဒ် ၇ မှ ထပ်မံ၍ အတည်ပြုလိုက်သည်။ ကလေးများကို ပညာရေးတွင် ပါဝင်ဆောင်ရွက်ခွင့်ပေးရာတွင် မသန်စွမ်းကလေးများလည်း မိမိတို့ကိုယ်ပိုင် သင်ယူမှုနှင့် တစ်ဦးချင်းပညာရေးအစီအစဉ်များတွင်လည်းကောင်း၊ စာသင်ခန်း သင်ကြားနည်းတွင် လည်းကောင်း၊ ကျောင်းအတိုင်ပင်ခံ အဖွဲ့မှသော်လည်းကောင်း၊ ကျောင်းမူဝါဒနှင့် စနစ်များဖွံ့ဖြိုးရေး တွင်လည်းကောင်း၊ ပိုမိုကျယ်ပြန့်သော ပညာရေးမူဝါဒ မြှင့်တင်ရေးတွင် လည်းကောင်း တန်းတူ ညီမျှစွာ ပါဝင်ဆောင်ရွက်ခွင့်ပေးရမည်။

၄၆။ အပိုဒ် ၈ တွင် မသန်စွမ်းသူများ အထူးသဖြင့် မသန်စွမ်းအမျိုးသမီး၊ မိန်းကလေးငယ်များ နှင့် ဉာဏ်ရည်အားဖြင့် မသန်စွမ်းသောသူများအား ပစ်မှတ်ထား ထိခိုက်စေသော ထင်မြင်ချက် များ၊ ဘက်လိုက်ခြင်းနှင့် အန္တရာယ်ရှိသော လုပ်ဆောင်ချက်များကို သတိပြုမည့်လာစေရန်နှင့် လိုအပ်သောအရာများကို မခြွင်းမချန် ပံ့ပိုးပေးစေရန် လုပ်ဆောင်ချက်များကို ဖော်ပြထားသည်။ ထိုဖော်ပြပါ အခက်အခဲများသည် ပညာရေးစနစ်အတွင်း ပညာရေးအခွင့်အလမ်းနှင့် ထိရောက် သော သင်ယူလေ့လာမှုတို့အား အဟန့်အတားဖြစ်စေသည်။ မသန်စွမ်းမှု၏ သဘောသဘာဝကို နားလည် သိရှိခြင်းမရှိဘဲ အချို့သောမိဘများသည် ၎င်းတို့၏ သန်စွမ်းသော သားသမီးများအား ကျောင်းမှ ဖယ်ထုတ်ခြင်း အလေ့အကျင့်များကို ကော်မတီမှ သတိပြုမိသည်။ ကလေးများအားလုံး အရည်အသွေးပြည့်ဝသော ပညာရေးရရှိစေရန် ပါဝင်ဖက်နိုင်ငံများသည် သန်စွမ်းသော၊ မသန်စွမ်း သောကလေးများအားလုံး၊ မိဘများ၊ ဆရာ ဆရာမများ၊ ကျောင်းအုပ်ချုပ်ရေးအဖွဲ့များနှင့် ရပ်ရွာ နှင့် လူ့အဖွဲ့အစည်းများနှင့်အတူ မတူကွဲပြားသော ယဉ်ကျေးမှုများကို တည်ဆောက်ခြင်း၊ လူ့အသိုင်း အဝိုင်းနှင့် ပါဝင်ဆောင်ရွက်ခြင်းနှင့် လူတိုင်းအကျုံးဝင် ပညာရေးအား မီးမောင်းထိုးပြခြင်း စသော စီမံဆောင်ရွက်ချက်များ လုပ်ဆောင်ရမည်။ ပညာရေးစနစ်၏ အဆင့်ဆင့်တွင်လည်းကောင်း၊ မိဘနှင့် ပိုမိုကျယ်ပြန့်သော ပြည်သူများအကြား မသန်စွမ်းသူများ၏ အခွင့်အရေးများအား လေးစား သမှုပြုသော လုပ်ဆောင်ချက်များ ထိန်းသိမ်းမှုရှိစေရန် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် သေချာစီမံ ဆောင်ရွက်ရမည်။ အရပ်ဘက် လူမှုအဖွဲ့အစည်း အထူးသဖြင့် မသန်စွမ်းအဖွဲ့အစည်းများသည် အသိပညာပေးလှုပ်ရှားမှုများတွင် ပါဝင်သင့်ပါသည်။

၄၇။ အပိုဒ် ၉ နှင့် ၂၄ တို့သည် အပြန်အလှန် ဆက်နွယ်မှုရှိသည်။ လွယ်ကူချောမွေ့စွာ အသုံးပြုခွင့်ရခြင်းသည် မသန်စွမ်းသူများအနေဖြင့် လူ့အဖွဲ့အစည်းတွင် အပြည့်အဝ တန်းတူပါဝင် နိုင်မှုအတွက် မရှိမဖြစ်လိုအပ်ချက်တစ်ခု ဖြစ်သည်။ ပညာရေးအတွက် ကျောင်းနှင့် အခြားသောနေရာ များအပါအဝင် အသုံးပြုနိုင်သော ပတ်ဝန်းကျင်ဖန်တီးပေးခြင်း၊ ပြည်သူ့သယ်ယူပို့ဆောင်ရေး၊ ဝန်ဆောင်မှုများ၊ သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးတို့အား လက်လှမ်းမီအောင်လုပ်ပေး ခြင်းစသော ဆောင်ရွက်ချက်များမပါဘဲ မသန်စွမ်းသူများအနေဖြင့် ၎င်းတို့၏ လူတိုင်းအကျုံးဝင်

councils, in the development of school policies and systems, and in the development of wider educational policy.

46. Article 8 calls for measures to raise awareness and challenge stereotypes, prejudices and harmful practices regarding persons with disabilities, particularly targeting those affecting women and girls with disabilities and persons with intellectual disabilities and intensive support requirements. These barriers impede both access to, and effective learning within the education system. The Committee notes the practice of some parents of children without disabilities removing their children from inclusive schools, based on lack of awareness and understanding of the nature of disability. States parties must adopt measures to build a culture of diversity, participation and involvement into community life and to highlight inclusive education as a means to achieve a quality education for all students, with and without disabilities, parents, teachers and school administrations, as well as the community and society. States parties must ensure that mechanisms are in place to foster, at all levels of the education system, and among parents and the wider public, an attitude of respect for the rights of persons with disabilities. Civil society, in particular OPDs, should be involved in all awareness raising activities.

47. Articles 9 and 24 are closely interconnected. Accessibility is a precondition for the full and equal participation of persons with disabilities in society. Persons with disabilities cannot effectively enjoy their right to inclusive education without accessibly built environment, including schools and all other places of education, without accessible public transport, services, information and communication. Modes and

ပညာရေး အခွင့်အရေးအား ထိထိရောက်ရောက် မခံစားနိုင်ပါ။ သင်ကြားသင်ယူမှုပုံစံများကို အမှန်တကယ် လူတိုင်းပါဝင်နိုင်သောပတ်ဝန်းကျင်တွင် ထားရှိရမည်။ မသန်စွမ်းသူများ၏ ပတ်ဝန်းကျင်တစ်ခုလုံးသည် လူတိုင်း ပါဝင်နိုင်မှုကို မြှင့်တင်သော နည်းလမ်းဖြင့် သတ်မှတ်ဖော်ဆောင်ရမည်။ အခြားတစ်ဖက်တွင် လူတိုင်းအကျုံးဝင် ပညာရေးကိုယ်တိုင်သည်လည်း အသုံးပြုနိုင်စွမ်းနှင့် အားလုံးနှင့်ဆိုင်သော သတ်မှတ်ချက်များ အား မြှင့်တင်ရန် အစွမ်းထက်သော ကိရိယာတစ်ခုဖြစ်သည်။

၄၈။ ကော်မတီမှ အပိုဒ် ၁၂ (CRPD/C/GC/1) အား အထွေထွေထင်မြင်ချက်များ ပေးရန်နှင့် လူတိုင်းအကျုံးဝင် ပညာရေးသည် မသန်စွမ်းကလေးများ အထူးသဖြင့် စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ဉာဏ်ရည်ပိုင်းဆိုင်ရာ မသန်စွမ်းသောကလေးများ၏ ဖြစ်ချင်သောဆန္ဒနှင့် နှစ်သက်မှုများ ဖြစ်ပေါ်လာစေရန် အခွင့်အရေးများကို ပံ့ပိုးပေးနေခြင်းဖြစ်သည်ကိုဖော်ပြရန် ပါဝင်ဖက်နိုင်ငံများ၏ အာရုံစူးစိုက်မှုကို ဆင့်ခေါ်လိုက်သည်။ ပါဝင်ဖက်နိုင်ငံများအနေဖြင့် လူတိုင်းအကျုံးဝင်ပညာရေးသည် မသန်စွမ်းသင်ယူသူများအနေဖြင့် မိမိတို့ယုံကြည်မှုများတည်ဆောက်နိုင်ရန်အတွက် လိုအပ်နေသော စွမ်းဆောင်ရည်မြှင့်တင်မှုကို တရားဝင်လေ့ကျင့်ရန်၊ ၎င်းတို့ ဆန္ဒရှိခဲ့ပါက လိုအပ်ချက်များ အတွက်ပံ့ပိုးမှုကို အနာဂတ်တွင် လျှော့ချရန်အပါအဝင် ပညာရေးနှင့်ဆိုင်သော အဆင့်တိုင်းတွင် လိုအပ်သော ပံ့ပိုးမှုများ ထောက်ပံ့ပေးရမည်။

၄၉။ မသန်စွမ်းသူများ အထူးသဖြင့် မသန်စွမ်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ပညာရေးဝန်ထမ်းများမှ ကာယပိုင်းဆိုင်ရာနှင့် အရှက်ရစေမည့်ပြစ်ဒဏ်များ (ဥပမာ-တားမြစ်ခြင်းနှင့် သီးခြားနေစေခြင်း) ပေး၍သော်လည်းကောင်း၊ တခြားသူများမှ ကျောင်းတွင်း၊ ကျောင်းပြင်တွင် အနိုင်ကျင့်ခြင်းတို့ကြောင့် အများထက်ပိုပြီး အကြမ်းဖက်မှုနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းတို့ကို ပို၍ခံစားနေနိုင်သည်။ အပိုဒ် ၁၆ အရ ပါဝင်ဖက်နိုင်ငံများအနေဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ အပါအဝင် မသန်စွမ်းသူများအား ထိခိုက်စေသော မည့်သည့်အကြမ်းဖက်မှုနှင့် ညှဉ်းပန်းနှိပ်စက်မှုများမှကာကွယ်ရန် သင့်လျော်သော အစီအမံများ ဆောင်ရွက်ရန်လိုအပ်သည်။ ထိုအစီအမံများသည် အသက်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာနှင့် မသန်စွမ်းမှုဆိုင်ရာ ထိခိုက်လွယ်သော အစီအမံများ မဖြစ်စေရ။ ကော်မတီသည် လူ့အခွင့်အရေး ကော်မတီနှင့် CESCR ဖြစ်သော CRC ၏ ပါဝင်ဖက်နိုင်ငံများအတွက် အကြံပြုချက်များဖြစ်သော ပါဝင်ဖက်နိုင်ငံများအနေဖြင့် ကျောင်းတွင်း အပါအဝင် အားလုံးသော ခန္ဓာကိုယ်အား နာကျင်စေသော ပြစ်ဒဏ်နှင့် ရက်စက်သော၊လူသားမဆန်သော၊ အရှက်ရစေသော မည့်သည့်ဆက်ဆံမှုမျိုးကိုမဆို တားမြစ်ပေးခြင်း နှင့် ပြစ်မှုကျူးလွန်သူများအား ထိရောက်သော အရေးယူ ပိတ်ပင်မှုများအား သေချာဆောင်ရွက်စေခြင်း စသည်တို့ကို ခိုင်ခိုင်ခံ့ခံ့ အတည်ပြုထားသည်။ ၎င်းသည် စာသင်ကျောင်းများနှင့် အခြားသော ပညာရေးဆိုင်ရာ ဌာနများမှ လက်လှမ်းမီသော ကာကွယ်စောင့်ရှောက်မှု လုပ်ဆောင်ရာတွင် လည်းကောင်း၊ စည်းကမ်းပိုင်းဆိုင်ရာ စီမံချက်များအား အတည်ပြုခြင်းနှင့် ကျောင်းသူ/သား အထူးသဖြင့် ကလေးများ ဘဝတွင် တိုး၍တိုး၍

means of teaching should be accessible and should be conducted in accessible environments. The whole environment of students with disabilities must be designed in a way that fosters inclusion. Inclusive education itself, on the other hand, is a powerful tool for the promotion of accessibility and universal design.

48. he Committee calls States parties' attention to general comment on article 12 (CRPD/C/GC/1) and stresses that inclusive education provides an opportunity to develop the expression of the will and preferences of students with disabilities, particularly those with psychosocial or intellectual impairments. States parties must ensure that inclusive education supports learners with disabilities in building their confidence to exercise legal capacity, providing the necessary support at all educational levels including to diminish future requirements for support in its exercise if they so wish.

49. Persons with disabilities, particularly women and girls, can be disproportionately affected by violence and abuse, including physical and humiliating punishments by educational personnel, for example, the use of restraints and seclusion, and bullying by others in and on route to school. Article 16 requires that States parties take all appropriate measures to protect from and prevent all forms of violence and abuse towards persons with disabilities, including sexual violence. Such measures must be age, gender and disability sensitive. The Committee strongly endorses the recommendations of the CRC, the Human Rights Committee and CESCR that States parties must prohibit all forms of corporal punishment, and cruel, inhuman and degrading treatment in all settings, including schools, and ensure effective sanctions against perpetrators. It encourages schools and other educational centers to involve students, including students with disabilities, in the development of policies, including accessible protection mechanisms, to address disciplinary measures and bullying,

ကြီးမားလာသော ပြဿနာဟု အသိအမှတ်ပြုလာသော အီလက်ထရောနစ်ဆိုင်ရာ အနိုင်ကျင့်ခြင်း အပါအဝင် အနိုင်ကျင့်ခြင်းများ အား ဖော်ထုတ်ရာတွင် မသန်စွမ်းကလေးများအပါအဝင် ကျောင်းသူ/ သားအားလုံးပါ အကျုံးဝင်သည်ဟု တိုက်တွန်းထားသည်။

၅၀။ လူတိုင်းအကျုံးဝင်ပညာရေးသည် မသန်စွမ်းသူများ၏ လူ့အသိုင်းအဝိုင်းတွင် နေထိုင်ရှင်သန်ခွင့်နှင့် လူ့အသိုင်းအဝိုင်းတွင် ထည့်သွင်းခြင်းနှင့် ပါဝင်လုပ်ဆောင်ခြင်းများ ခံစားခွင့်တို့အား အသိအမှတ်ပြုရန် လိုအပ်ပါသည် (အပိုဒ် ၁၉)။ ထို့အပြင် မသန်စွမ်းသူများသည် တန်းတူညီမျှသော မိသားစုဘဝ ရရှိခံစားခွင့် သို့မဟုတ် ၎င်းမိသားစုဘဝအား မရရှိခဲ့ပါက လူ့အသိုင်းအဝိုင်း ပတ်ဝန်းကျင်ထဲမှ အခြားသော ဂရုစိုက်စောင့်ရှောက်မှု ရရှိခံစားခွင့်အား အသိအမှတ်ပြုရန် တောင်းဆိုထားသည်။ ပါဝင်ဖက်နိုင်ငံ၏ စောင့်ရှောက်မှုအောက်တွင်ရှိသောကလေးများ ဥပမာအားဖြင့် စောင့်ရှောက်ရေး ဂေဟာတွင် နေထိုင်သော ကလေးများသည် ၎င်းတို့၏ လူတိုင်းအကျုံးဝင်ပညာရေး ရရှိခံစားခွင့်နှင့် ထိုအခွင့်အရေးအား ရရှိခံစားခွင့်ကို ငြင်းပယ်သော ပါဝင်ဖက်နိုင်ငံ၏ ဆုံးဖြတ်ချက်အား ဆန့်ကျင်သော အယူခံဝင်ခွင့်ရရှိရန် သေချာဆောင်ရွက်ပေးရမည်။ မသန်စွမ်းသူအများအပြားသည် အဖွဲ့အစည်းများ၏ရေရှည်စောင့်ရှောက်မှုအောက်တွင် ဆက်လက်ကျန်ရှိနေပြီး ၎င်းတို့သည် ပညာရေးနှင့် ၎င်းတို့ရှိသင့်သော မိသားစုဘဝ၊ လူ့အသိုင်းအဝိုင်းကြား နေထိုင်ရှင်သန်ခြင်း၊ အသင်းအဖွဲ့များတွင် လွတ်လပ်စွာပါဝင်ခွင့်၊ အကြမ်းဖက်မှုမှ ကာကွယ်ခြင်းနှင့် တရားမျှတမှုအား ရရှိခံစားခွင့်စသော အချက်များအပါအဝင် လူထုအခြေပြုဝန်ဆောင်မှုများအား အသုံးပြုနိုင်ခွင့်များ မရှိပါ။ လူတိုင်းအကျုံးဝင်ပညာရေးအား ဒေသခံရပ်ရွာထဲတွင် စတင်အသုံးပြုခြင်းသည် မသန်စွမ်းသူများအား တစ်သက်လုံး ထိန်းသိမ်းစောင့်ရှောက်သည့်ဂေဟာများကို အဆုံးသတ်စေမည့် နည်းဗျူဟာကျကျ နှစ်မြှုပ်လုပ်ကိုင်မှုတို့နှင့်အတူ ယှဉ်တွဲလျက် ဖြစ်စေရမည်။ (စာပိုဒ် ၆၄ တွင် ကြည့်ပါ)။ ပါဝင်ဖက်နိုင်ငံများအနေဖြင့် လူတိုင်းအကျုံးဝင် ပညာရေးအခွင့်အရေးအား ကျင့်သုံးခြင်းသည် မသန်စွမ်းသူများ အခွင့်အရေးရရှိခြင်း၊ အကျိုးခံစားခွင့်နှင့် ၎င်းတို့၏ ရပ်ရွာလူထုအား ပြန်လည်ပေးဆပ်ရန် မရှိမဖြစ်လိုအပ်သော အားသာချက်များ၊ ကျွမ်းကျင်မှုများ နှင့် စွမ်းရည်များအား တည်ဆောက်ရာတွင် အရေးပါကြောင်း မှတ်သားထားရမည်။

၅၁။ လူတိုင်းအကျုံးဝင် ပညာရေးအား ထိရောက်စွာ နားလည်သဘောပေါက်စေရန် မသန်စွမ်းသူများအတွက် သီးခြားလွတ်လပ်ခွင့်အပေါ် အခြေခံပြီး ၎င်းတို့၏ ကိုယ်တိုင်ကိုယ်ကျ ရွေ့လျားသွားလာနိုင်မှုအား အာမခံပေးရမည် (အပိုဒ် ၂၀)။ သယ်ယူ ပို့ဆောင်ရေး အလွယ်တကူ မရရှိနိုင်သော နေရာ နှင့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းများ လက်လှမ်းမီစေရန်အတွက် ပံ့ပိုးပေးသောပုဂ္ဂိုလ်များ မရရှိနိုင်သောနေရာများတွင် မသန်စွမ်းသူများ အထူးသဖြင့် မျက်မမြင်များနှင့် အမြင်အာရုံအားဖြင့် ချို့ယွင်းသော သူများ၏ ပိုမိုကြီးကျယ်သော လွတ်လပ်ခွင့်များ မြှင့်တင်ရန် ရွေ့လျားသွားလာခြင်းနှင့် ပတ်သက်သော ကျွမ်းကျင်မှုများအတွက် လုံလောက်သောသင်တန်းများ ပံ့ပိုးပေးရမည်။ ပါဝင်ဖက်

including cyberbullying, which is increasingly recognized as a growing feature of the lives of students, particularly children.

50. Inclusive education requires recognition of the right of persons with disabilities to live within the community and enjoy inclusion and participation in the community (article 19). It also demands recognition of the equal right of persons with disabilities to family life, or, failing that, to alternative care within a community setting. Children in the care of the State party, residing for example in foster care or care homes, must be ensured the right to inclusive education and the right to appeal against decisions of the State party which deny them the right to inclusive education. Too many persons with disabilities remain living in long-term institutional care, lacking access to community-based services, including education, consistent with their right to, inter alia, family life, community living, freedom of association, protection from violence and access to justice. The introduction of inclusive education in the local community must take place alongside a strategic commitment to the ending of institutions for persons with disabilities (see para 64). States parties should note the role that exercising the right to inclusive education will play in building the strengths, skills and competencies necessary for all persons with disabilities to enjoy, benefit from and contribute to their local communities.

51 . For inclusive educationv to be realised effectively, persons with disabilities must be guaranteed personal mobility on an independent basis (article 20). Where transportation is not readily available, and where no personal assistants are available to support access to educational institutions, persons with disabilities, particularly blind and visually impaired persons, must be given adequate training in mobility skills to

နိုင်ငံများအနေဖြင့် မသန်စွမ်းသူများအတွက် ရွေ့လျားသွားလာခြင်းအား အထောက်အကူပြုသော ပစ္စည်းများ ရနိုင်သော အခွင့်အလမ်းများနှင့် ထိုအထောက်အကူပစ္စည်းများအား သင့်လျော်သော တတ်နိုင်သော ကုန်ကျစရိတ်များဖြင့် ရရှိနိုင်ရန် ထောက်ပံ့ပေးရမည်။

၅၂။ မသန်စွမ်းသူများ ခွဲခြားဆက်ဆံခြင်းမခံရပဲ အကောင်းဆုံး ဖြစ်နိုင်ချေရှိသော ကျန်းမာရေး အဆင့်အတန်း များခံစားခွင့် (အပိုဒ် ၂၅) အား ဖြည့်ဆည်းပေးခြင်းသည် ပညာရေးမှ အပြည့်အဝအအ ကျိုးခံစားရန်အခွင့်အလမ်းများ အတွက် အဓိကကျသည်။ ကျန်းမာရေးနှင့် သင့်လျော်သော ကုသ စောင့်ရှောက်မှုများ ရရှိအသုံးပြုခွင့် လစ်ဟင်းခြင်း နှင့် ပညာရေးနှင့် ပတ်သက်သော ပတ်ဝန်းကျင်တွင် တက်ရောက်နိုင်ခြင်းနှင့် ထိရောက်စွာ သင်ယူလေ့လာနိုင်ခြင်းတို့သည် အမှန်တကယ် ဆက်နွယ်နေ သည်။ ပါဝင်ဖက်နိုင်ငံများသည် ပညာရေးဝန်ဆောင်မှုများနှင့် ကျန်းမာရေးအရ လိုအပ်ချက်များအား လုံး ကို ဆက်လက်စောင့်ကြည့်နိုင်ရန် ခွင့်ပြုပေးခြင်းတို့ဖြင့် ပေါင်းစည်းထားသော ကျန်းမာရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အာဟာရ အစီအစဉ်များကို ကျား-မ ရှုထောင့်မှ တည်ဆောက်သင့်ပါ သည်။ ထိုအစီအစဉ်များသည် အားလုံးနှင့်ဆိုင်သော ပုံစံနှင့်နားလည်ရန် လွယ်ကူသော အသုံးပြုနိုင် သော သဘောတရားတို့အပေါ်အခြေခံ၍ တည်ဆောက်သင့်ပြီး ကျောင်းကျန်းမာရေး သူနာပြုများ ပုံမှန် လည်ပတ်ခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ရပ်ရွာလူထု နှင့် မိတ်ဖက်တည်ဆောက်ခြင်းအား ပံ့ပိုးပေးရမည်။ အခြားသောသူများနှင့်တန်းတူ မသန်စွမ်းသူများအား သိပ္ပံနည်းကျ သက်သေ အထောက်အထားများနှင့် လူ့အခွင့်အရေး စံချိန် စံညွှန်းပေါ် အခြေခံ၍ အသက်အရွယ်နှင့် သင့်လျော် ပြည့်စုံသော လိင်ပိုင်းဆိုင်ရာ ပညာရေးပံ့ပိုးပေးရမည့်အပြင် ထိုပညာရေးသည် နားလည်ရန် လွယ်ကူ သော ပုံစံဖြစ်ရမည်။

၅၃။ ပါဝင်ဖက်နိုင်ငံများသည် ကျန်းမာရေးစောင့်ရှောက်မှု၊ အနုစိတ် လေ့ကျင့်ခန်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေး ဆိုင်ရာ၊ အကြံပေးခြင်းနှင့် အခြားသော ဝန်ဆောင်မှုများ အပါအဝင် ပညာရေး စနစ်အတွင်းရှိ ထူထောင်ရေးဆိုင်ရာ ဝန်ဆောင်မှုများ၊ ပြန်လည် ထူထောင်ရေးဆိုင်ရာ ဝန်ဆောင်မှုများကို ပေးနိုင်ရန် ထိရောက်သော ဆောင်ရွက်ချက်များကို လုပ်ဆောင်ရမည် (အပိုဒ် ၂၆)။ ထိုဝန်ဆောင်မှုများသည် ဖြစ်နိုင်သမျှ အစောဆုံးအဆင့်တွင် စတင်ရမည်ဖြစ်ပြီး ကျောင်းသား တစ်ဦး၏ အားသာချက်များကို စည်းကမ်းပိုင်းဆိုင်ရာ အကဲဖြတ်ချမှတ်ခြင်းအား အတည်ပြုခြင်းနှင့် အဆုံးစွန်ဆုံး လွတ်လပ်ခွင့်၊ ကိုယ်ပိုင်လုပ်ပိုင်ခွင့်၊ ဂုဏ်သိက္ခာအား လေးစားမှု၊ ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ လူမှုရေးပိုင်းဆိုင်ရာနှင့် အသက်မွေးမှုဆိုင်ရာ စွမ်းရည်နှင့် ဘဝ၏ ရှုထောင့် အားလုံးတို့တွင် ပါဝင်ခြင်းတို့အား ပံ့ပိုးပေးရမည်ဖြစ်သည်။ ကော်မတီမှ အစောပိုင်း ဖော်ထုတ်ခြင်း နှင့် သက်တူရွယ်တူများ၏ ပံ့ပိုးမှုကိုထောက်ပြသော လူထုအခြေပြုပြန်လည်ထူထောင်ရေး တည် ဆောက်ခြင်းများအား ထောက်ပံ့ခြင်း၏ အရေးပါမှုကို ထုတ်ဖော်ပြောကြားလိုက်သည်။

promote greater independence. States parties should also provide persons with disabilities with the opportunity to acquire mobility aids and appliances at affordable cost.

52. Fulfilment of the right of persons with disabilities to enjoy the highest possible standard of health without discrimination (article 25) is integral to the opportunity to benefit fully from education. The ability to attend educational environments and learn effectively is seriously compromised by lack of access to health and to appropriate treatment and care. States parties should establish health, hygiene and nutrition programmes with a gender perspective that are integrated with education services and allow for continual monitoring of all health needs. Such programmes should be developed on the principles of universal design and accessibility, provide regular school nurse visits and health screening, and build community partnerships. Persons with disabilities, on an equal basis with others, must be provided with age-appropriate, comprehensive and inclusive sexuality education, based on scientific evidence and human rights standards, and in accessible formats.

53. States parties must take effective measures, to provide habilitation and rehabilitation services within the education system, including healthcare, occupational, physical, social, counselling and other services (article 26). Such services must begin at the earliest stage possible, adopt a multidisciplinary assessment of a student’s strengths, and support maximum independence, autonomy, respect of dignity, full physical, mental, social and vocational ability and inclusion and participation in all aspects of life. The Committee stresses the significance of supporting the development of community-based rehabilitation, that addresses early identification, and peer support.

9A

၅၄။ အလုပ်အကိုင်ဈေးကွက်တွင် ပါဝင်ခြင်းနှင့် အလုပ်အကိုင်ပတ်ဝန်းကျင်အား လက်လှမ်းမီစေရန် လိုအပ်သော အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်ချယုံကြည်မှုစသော အခြေခံအုတ်မြစ်မှတစ်ဆင့် မသန်စွမ်းသူများ၏ အလုပ်အကိုင်အတွက် ပြင်ဆင်ခြင်းများကို အထောက်အပံ့ဖြစ်စေရမည် (အပိုဒ် ၂၇)။

၅၅။ နိုင်ငံရေးနှင့် ပြည်သူ့ဘဝတစ်သက်တာတွင် အပြည့်အဝပါဝင်ဆောင်ရွက်ခြင်းသည် လူတိုင်းအကျုံးဝင် ပညာရေး ရရှိခံစားခွင့်အား အပြည့်အဝ နားလည်သဘောပေါက်ခြင်း မှတစ်ဆင့် တိုးမြှင့်စေရမည်။ ကျောင်းသူ/သားများ အတွက် သင်ရိုးညွှန်းတမ်းများတွင် နိုင်ငံသားနှင့် မိမိကိုယ်ကို ထောက်ခံအားပေးမှု နှင့် မိမိကိုယ်ကို ကိုယ်စားပြုမှု တို့သည် နိုင်ငံရေးနှင့် လူမှုရေးလုပ်ငန်းစဉ်များတွင် ပါဝင်မှုအတွက် အရေးပါသော အခြေခံအဖြစ် ပါဝင်စေရမည်။ ပြည်သူ့ရေးရာသည် ကျောင်းသား သမဂ္ဂ စသော ကျောင်းသားအဖွဲ့အစည်းများ တည်ထောင်ခြင်းနှင့် ပါဝင်ခြင်းတို့ကို ထည့်သွင်းရမည် ဖြစ်ပြီး ပါဝင်ဖက်နိုင်ငံများသည် မသန်စွမ်းသူများအနေဖြင့် ထိုကျောင်းသားအဖွဲ့အစည်းများ တည်ထောင်ခြင်း၊ ပါဝင်ဆောင်ရွက်ခြင်းနှင့် ထိရောက်စွာ ပါဝင်နိုင်သော ပတ်ဝန်းကျင်တစ်ခုအား မည်သည့် ဆက်သွယ်ရေး နည်းလမ်းနှင့် ၎င်းတို့ ရွေးချယ်သော မည်သည့်ဘာသာစကားဖြင့်မဆို မြှင့်တင်ပေးရမည်။

၅၆။ မသန်စွမ်းသူများ အခြားသောသူများနှင့် တန်းတူကစားခြင်းတွင်လည်းကောင်း၊ ကျောင်းစနစ်၏ ဖျော်ဖြေရေးနှင့် အားကစားတွင် လည်းကောင်း၊ ကျောင်းပြင်ပ လှုပ်ရှားမှုများနှင့် အခြားသော ပညာရေးဆိုင်ရာ ပတ်ဝန်းကျင်များတွင်လည်းကောင်း ပါဝင်နိုင်စေရန် ပါဝင်ဖက်နိုင်ငံများမှ အဟန့်အတားများကို ဖယ်ရှားပေးပြီး မသန်စွမ်းသူများအတွက် လူတိုင်းအကျုံးဝင်ပညာရေး အခွင့်အလမ်းများ ရရှိအသုံးပြုနိုင်စွမ်းတို့ကို မြှင့်တင်ပေးရမည် (အပိုဒ် ၃၀)။ ၎င်းတို့၏ ကိုယ်ကျိုး အတွက်သာမက လူ့အဖွဲ့အစည်း တိုးတက်ကောင်းမွန်စေခြင်းအတွက် မသန်စွမ်းသူများအတွက် အခွင့်အလမ်းများ ဖြစ်သော ယဉ်ကျေးမှုအရနေထိုင်အသက်ရှင်ခြင်းအား ရရှိစေရန်နှင့် ၎င်းတို့၏ ဖန်တီးနိုင်စွမ်း၊ အနုပညာနှင့် ဉာဏ်ပညာဆိုင်ရာ စွမ်းရည်တို့ကို အသုံးချရန်နှင့် တိုးတက်ပြောင်းလဲစေရန်တို့ကို သေချာစေရန် သင့်လျော်သော စီမံဆောင်ရွက်ချက်များကို ပညာရေးနှင့်ပတ်သက်သော ပတ်ဝန်းကျင်အတွင်း လုပ်ဆောင်စေရမည်။

၅၇။ အပိုဒ် ၂၄ ကိုဆောင်ရွက်ရာတွင် ပါဝင်ဖက်နိုင်ငံများအား အနှောင့်အယှက်ပေးနိုင်သော အချက်အလက်များ တခုထက်မက ရှိသည်ကို ကော်မတီမှ တွေ့ရှိထားသည်။ မသန်စွမ်းသူများ အတွက် ကြာရှည်ခံပြီး လူတိုင်း အကျုံးဝင်သော ပညာရေးစနစ် တည်ဆောက်ရန် အောက်ပါ အချက်အလက်များကို စစ်ဆေးသင့်ပါသည်။

54. Quality inclusive education must provide persons with disabilities with preparation for work life through the foundation of the knowledge, skills and confidence necessary for participation in the open labour market and in an open, inclusive and accessible work environment (article 27).

55. Full participation in political and public life is enhanced through the realisation of the right to inclusive education. Curricula for all students must include the topic of citizenship and the skills of self-advocacy and self-representation as fundamental basis for participation in political and societal processes. Public affairs include forming and participating in student organisations such as students' unions and States Parties should promote an environment in which persons with disabilities can form, join and effectively and fully participate in such student organisations through all forms of communication and language of their choice (art 29).

56. States parties must remove barriers and promote accessibility and availability of inclusive opportunities for persons with disabilities to participate on an equal basis with others in play, recreation and sport in the school system, extra-currilar activities and other educational environments(article 30). Appropriate measures must be in place within the educational environment to ensure opportunities for persons with disabilities to access to cultural life and to develop and utilize their creative, artistic and intellectual potential, not only for their own benefit but also for the enrichment of the society. Such measures must ensure that persons with disabilities are entitled to recognition of their specific cultural and linguistic identity, including sign languages and deaf culture.

57. The Committee has identified a number of consistent challenges facing States parties in the implementation of Article 24. The following measures need to be addressed at the national level in order to implement and sustain an inclusive education system for all persons with disabilities:

၅၈။ မသန်စွမ်းသူများ၏ပညာရေးသာမက ပုံမှန်ပညာရေးနှင့်ဆိုင်သော တာဝန်များကို ပညာရေး ဝန်ကြီးဌာနမှ တာဝန်ယူရမည်။ နိုင်ငံအများစုတွင် မသန်စွမ်းသူများ၏ ပညာရေးဆိုင်ရာ တာဝန်ယူမှုများမှာ လူမှုဖူလုံရေးဝန်ကြီးဌာန (သို့)/(နှင့်) ကျန်းမာရေးဝန်ကြီးဌာနအကြား လုစ်ဟာနေသည်။ ထို့ကြောင့် ၎င်းပညာရေးအတွက် ပုံမှန်ပညာရေးတွင် မှတ်ပုံမတင်ခြင်း၊ မူဝါဒမချမှတ်ခြင်း၊ အရင်းအမြစ်များနှင့် စီမံခန့်ခွဲမှုမရှိခြင်း၊ နိုင်ငံတော်ဘဏ္ဍာရင်းနှီးမြုပ်နှံမှုမရှိခြင်း၊ အထောက်အပံ့ပေးရန်အဆင်သင့်မဖြစ်ခြင်း၊ ကျောင်းသားများ၏ ကျောင်းအပ်လက်ခံထားသော အချက်အလက်များမရှိခြင်း၊ အတွေးခေါ်များမပြောင်းလဲခြင်း၊ ဆရာ/မများမှ မွေးထုတ်ပေးနိုင်ခြင်းတို့ဖြစ်စေ သည်။ ထို့ကြောင့် ပါဝင်ဖက်နိုင်ငံများသည် မသန်စွမ်းသူများ၏ပညာရေးကို ပညာရေးဝန်ကြီးဌာနလက်အောက်တွင်ထားရှိရမည်။

၅၉။ ပါဝင်ဖက်နိုင်ငံများသည် လူတိုင်းအကျုံးဝင်သောပညာရေးလုပ်သားများနှင့် အခြားအစိုးရဌာနများအကြား နားလည်မှုနှင့် အပြန်အလှန် အသိအမှတ်ပြုမှုများရှိစေရန် အတိအကျဆောင်ရွက်ရမည်။ ဤလုပ်သားများကို ပညာရေးဝန်ကြီးဌာနတခုတည်းသာ အသိအမှတ်ပြုထားခြင်းမဖြစ်ရပါ။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကော်မရှင်အဖွဲ့များသည် ဤလူတိုင်းအကျုံးဝင်သော ပညာရေးစနစ်၏ဖော်ဆောင် လုပ်ဆောင်ချက်များကို နားလည်သဘောပေါက်မှသာလျှင် အတူတကွ ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုပန်းတိုင်ကို ဆွတ်ခူးနိုင်မည်။ ထိုသို့ဖြစ်မြောက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနအားလုံးမှ တာဝန်တရပ်အနေဖြင့် ဆောင်ရွက်ရန် လှုံ့ဆော်ရမည်။ ထို့ပြင် ဝန်ဆောင်မှုပေးသူများ၊ မသန်စွမ်းအဖွဲ့အစည်းများ၊ မီဒီယာများ၊ လူထုအဖွဲ့အစည်းများ၊ ဒေသန္တရအုပ်ချုပ်ရေးအာဏာပိုင်များ၊ ကျောင်းသားသမဂ္ဂများ၊ တက္ကသိုလ်များ၊ ဆရာဆရာမများနှင့် ပူးတွဲဆောင်ရွက်မှုများ ရှိရမည်။

၆၀။ ပါဝင်ဖက်နိုင်ငံများသည် အပိုဒ် ၂၄ နှင့် အပြည့်အဝလိုက်လျောညီထွေမှုရှိသော မသန်စွမ်းသူများ၏ လူ့အခွင့်အရေးများကို အဆင့်တိုင်းတွင် အကောင်အထည်ဖော် (သို့) ဥပဒေပြုခြင်းကို မိတ်ဆက်ပေးရမည်။ ပါဝင်ဖက်နိုင်ငံများ၏ ဖယ်ဒရယ်ပြည်နယ်၊ ဒေသအားလုံးတွင် အပိုဒ် ၂၄ ကို အဟန့်အတားမရှိ အကောင်အထည်ဖေါ်နိုင်မှုကို သေချာစေရန်အတွက် ကော်မရှင်အနေဖြင့် အပိုဒ် ၄ (၅) ၏လိုအပ်မှုကို သိမှတ်ထားရပါမည်။

၆၁။ လူတိုင်းနှင့်အကျုံးဝင်သောပညာရေးအတွက်ပြည့်စုံသော ဥပဒေပြုမှုနှင့် မူဝါဒ ဖွဲ့စည်းမှုများကို စတင်ကျင့်သုံးပြီး တချိန်တည်းမှာပင် လုပ်ဆောင်ရမည့် အချိန်အကန့်အသတ်နှင့် စည်းကမ်းအတိုင်း လိုက်နာကျင့်သုံးခြင်းမရှိပါက မည်ကဲ့သို့အရေးယူမည်ကိုပါ ရှင်းလင်းစွာဖော်ပြရပါမည်။ ထိုကဲ့သို့လုပ်ဆောင်ရာတွင် ပညာရေးနယ်ပယ်အသီးသီးမှ ပညာသင်ကြားနေသူများ၏ ပြောင်း

58. Responsibility for the education of persons with disabilities at all levels, together with the education of others, must rest with the education ministry. In many countries, the education of persons with disabilities is currently marginalized within ministries of social welfare and/or health which has resulted in, inter alia, exclusion from mainstream education legislation, policy, planning and resourcing, lower levels of per capita investment in the education of persons with disabilities, a lack of overarching and coherent structures in place to support inclusive education, a lack of integrated data collection on enrolment, retention and attainment, and a failure to develop inclusive teacher education. States parties must take urgent measures to put education of learners with disabilities under the competence of the ministry of education.

59. States parties must ensure a comprehensive and inter-sectoral commitment to inclusive education across government. It cannot be realized by education ministries in isolation. All relevant ministries and commissions with responsibilities that cover substantive articles of the Convention must commit to and align their understanding of the implications of an inclusive education system in order to achieve an integrated approach to work collaboratively towards a shared agenda. Accountability measures for all ministries involved must be put into place to uphold such commitments. Partnerships should also be forged with service providers, OPDs, media, wider civil society organisations, local authorities, students associations and federations, universities, and teacher education colleges.

60. States parties, at every level, must implement or introduce legislation, based on the human rights model of disability that fully complies with article 24. The Committee recalls that article 4 (5) requires federal states to ensure that article 24 is implemented without limitations or exceptions in all parts of the State party.

61. A comprehensive and co-ordinated legislative and policy framework for inclusive education must be introduced, together with a clear and adequate time frame for implementation and sanctions for violations. It must address issues of flexibility,

လွယ်ပြင်လွယ်ခြင်း၊ ကွဲပြားခြားနားခြင်းနှင့် တန်းတူညီမျှခြင်းတို့၏ စိန်ခေါ်မှုများကို ရင်ဆိုင်ရန် အစိုးရအဖွဲ့ အစည်းအသီးသီးကို သက်ဆိုင်ရာတာဝန်များ ပေးအပ်ရမည်။ ထိုသို့ ဆောင်ရွက်ရန် အောက်ပါ အချက်အလက်များမှာ အရေးကြီးသည် ။

(က) နိုင်ငံတကာ လူ့အခွင့်အရေး အဆင့်အတန်းနှင့် လိုက်လျောညီထွေမှုရှိရမည်။

(ခ) ပညာရေးအဆင့်ဆင့်တွင် လက်တွေ့ကျသော ရည်မှန်းချက်များ အတိအကျ ထားရှိပြီးစွမ်းဆောင်မှုတစ်ခုစီတိုင်း၏အဓိပ္ပါယ်ကိုရှင်းရှင်းလင်းလင်းဖေါ်ပြရမည်။ လူတိုင်းအကျုံးဝင်ရေးဆိုင်ရာအခြေခံမှုများနှင့်လက်တွေ့ကျင့်သုံးဖွယ်ရာများကို ပညာရေးဆိုင်ရာ ပြုပြင်မှုဆောင်ရွက်ရာတွင် မပါမဖြစ် ထည့်သွင်းရမည်ဟု ယူဆရမည်။ အပို အစီအစဉ်အဖြစ် မယူဆသင့်ပါ။

(ဂ) လူတိုင်းအကျုံးဝင်သော ပညာရေးအခွင့်အလမ်းများကို ဥပဒေပြုမှု၏ အဓိကကျ သော ဖွဲ့စည်းမှုအဖြစ် ထားရှိရမည်။ ဥပမာအားဖြင့် ကျောင်းသားအချို့သည် ပညာဆည်းပူး၍မရ ဟူသော ဝေါဟာရများကို အခြား ဝေါဟာရများဖြင့် ပြန်လည် အစားထိုးရမည်။

(ဃ) မသန်စွမ်းကလေးများရော၊ မသန်စွမ်းမဟုတ်သည့် ကလေးများပါ လူတိုင်းပါဝင် နိုင်သော ပညာရေးစနစ်၊ ပုံမှန်ကျောင်းပညာရေးစနစ်နှင့် မသန်စွမ်းကျောင်း ပညာရေးစနစ်များအောက်တွင် တန်းတူအခွင့်အရေးများ ရှိစေရန် အာမခံချက် ရှိရမည်။

(င) ကော်မတီ၏ယေဘုယျ မှတ်ချက် နံပါတ် ၂ (CRPD/C/GC/2) နှင့် ကိုက်ညီစေရန် ကျောင်းဆောင်သစ်များကို နိုင်ငံတကာပုံစံရေးဆွဲဆောက်လုပ်ပြီး လက်ရှိ ကျောင်းများကိုလည်း အချိန်အကန့်အသတ်တစ်ခုအတွင်း ပုံစံသစ်နှင့် လိုက် လျောညီထွေမှုရှိအောင် ပြန်လည်ပြုပြင်ရမည်။ ဤသို့ပြုလုပ်ရာတွင် လူထု၏ ပါဝင်မှုကို တတပ်တအားအနေဖြင့် ရယူစေလိုသည်။

(စ) အကောင်အထည်ဖော်မှု အဆင့်ဆင့်၌ တိုးတက်မှုများကို စောင့်ကြည့်နိုင်ရန် လူတိုင်းပါဝင်နိုင်သော ပညာရေးစနစ်နှင့် မသန်စွမ်းသူများ အားလုံးပါဝင်ထား သော စောင့်ကြည့်စစ်ဆေးရေး အင်အားတို့၏ ရှင်းလင်းသော အရည်အသွေး အဆင့်အတန်းများကို အစပြုခြင်း။ မူဝါဒများနှင့် အစီအစဉ်များ အကောင်အထည်

diversity and equality in all educational institutions for all learners, and identify responsibilities at all levels of government. Key elements will include:

(a) Compliance with international human rights standards.

(b) A clear definition of inclusion and the specific objectives it seeks to achieve at all educational levels. Inclusion principles and practices must be considered as integral to reform, and not simply an add-on programme.

(c) A substantive right to inclusive education as a key element of the legislative framework. Provisions, for example, which define certain categories of students as 'uneducable' must be repealed.

(d) A guarantee for students with and without disabilities to the same right to access inclusive learning opportunities, within the general education system, and for individual learners to the necessary support services at all levels.

(e) A requirement for all new schools to be designed and built following the principle of Universal Design through accessibility standards, together with a time frame for adaptation of existing schools in line with the Committee's general comment No. 2 (CRPD/C/GC/2). The use of public procurement to implement this element is encouraged.

(f) Introduction of comprehensive quality standards for inclusive education and disability-inclusive monitoring mechanisms to track progress in implementation at all levels and ensure that policies and

ဖော်ပြီး သင့်လျော်သော စစ်ဆေး စောင့်ကြည့်မှုများပြုလုပ်ရမည်။

(ဆ) မူဝါဒနှင့် လိုအပ်သောစောင့်ကြည့်စစ်ဆေးမှုများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စစ်ဆေးမှုပြုနိုင်သောစောင့်ကြည့်မှု အင်အားစုကို အစပြုရမည်။

(ဇ) လူတိုင်းစေ့ ပါဝင်နိုင်ရန် လိုအပ်သော နေရာထိုင်ခင်းများ ပြင်ဆင်ရာတွင် အရင်းအမြစ်များအား အဆင်ပြေစေရန်သာ သုံးစွဲခြင်းမျိုးမဟုတ်ဘဲ လူ့အခွင့်အရေး စံချိန်မီစေရန် ဆောင်ရွက်ပေးခြင်း၊ ထိုသို့ ပံ့ပိုးပေးမှုမရှိပါက မည်ကဲ့သို့သော အခွင့်အရေးများအား ပိတ်ပင်သွားမည်ကို ဖော်ပြခြင်း။

(စျ) နိုင်ငံတစ်နိုင်ငံအတွင်းရှိ လူတိုင်းအကျုံးဝင်သော ပညာရေးစနစ်အပေါ် သက်ရောက်သော မူဝါဒများအားလုံး၏ အဓိကရည်မှန်းချက်သည် လူတိုင်းပါဝင်နိုင်စေရေး ဟု ရှင်းရှင်းလင်းလင်း ဖော်ပြသင့်သည်။

(ည) လူတိုင်းပါဝင်နိုင်သော သင်ကြားသင်ယူမှုဆိုင်ရာ ပတ်ဝန်းကျင်တိုးတက်ထွန်းကားစေရန် အစဉ်တဆက် ကြိုတင်ခွဲခြားသတ်မှတ်မှု မူဘောင်များချမှတ်ခြင်း၊ စစ်ဆေးခြင်းနှင့် မသန်စွမ်းသူများအတွက် လိုအပ်သောအထောက်အကူများ ပေးခြင်း။

(ဋ) ဒေသခံ အုပ်ချုပ်ရေးအဖွဲ့မှ လူတိုင်းပါဝင်သင်ကြားနိုင်သော ကျောင်းစာသင်ခန်းများ၊ သင့်တင့်သော စကားအပြောအဆိုနှင့် အသုံးအနှုန်းများ၊ စစ်ဆေးရေး ပုံစံများနှင့် ဆက်သွယ်ရေးဆိုင်ရာ အထောက်အပံ့များကို ကျောင်းသားအားလုံးသာမက မသန်စွမ်းသူများအတွက်ပါ စီစဉ် ဆောင်ရွက်ပေးခြင်း တာဝန်ရှိရမည်။

(ဌ) မသန်စွမ်းသူများနှင့် မသန်စွမ်းသော ကလေးငယ်များ၏ ပညာရေးစနစ်နှင့်ဆိုင်သော အတွေးအခေါ်များ၊ အကြံပြုချက်များနှင့် ဆုံးဖြတ်ချက်ပေးပိုင်ခွင့်များကိုကျောင်းကောင်စီ၊ အစိုးရဌာနများ၊ တိုင်းဒေသနှင့် နိုင်ငံတော်အဆင့် အစိုးရများမှတဆင့် ပြုလုပ်နိုင်ရေး အာမခံချက် ရှိစေရန်မူဝါဒများ ချမှတ်ခြင်း။

programmes are implemented and backed by the requisite investment.

(g) Introduction of accessible monitoring mechanisms to ensure that policy, together with the requisite investment, is implemented.

(h) Recognition of the need for reasonable accommodations to support inclusion, based on human rights standards, rather than on the efficient use of resources, together with sanctions for failure to provide reasonable accommodation.

(i) All legislation that potentially impacts upon inclusive education within a country should clearly state inclusion as a concrete goal.

(j) A consistent framework for the early identification, assessment and support required to enable persons with disabilities to flourish in inclusive learning environments.

(k) An obligation on local authorities to plan and provide for all learners, including persons with disabilities, within inclusive settings and classes, including in the most appropriate languages, accessible formats, modes and means of communication.

(l) Establishment of legislation to guarantee all persons with disabilities, including children with disabilities, the right to be heard and their opinion given consideration within the education system, including through school councils, governing bodies, local and national government, as well as mechanisms through which to challenge and to appeal decisions concerning education.

(ဍ) မသန်စွမ်းအဖွဲ့အစည်းများ၊ အေဂျင်စီများ၊ ဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် အုပ်ထိန်းသူ မိဘများမှတဆင့် လုပ်ဖော်ကိုင်ဖက်များ (မသန်စွမ်း သူများအပါအဝင်) အကြား ပူးပေါင်းဆောင်ရွက်မှုများ ရှိစေရန် လုပ်ဆောင်ပေးခြင်း။

၆၂။ မူဝါဒများကို ပညာရေးစီမံကိန်းကဏ္ဍတခုမှ တာဝန်ယူထောက်ပံ့ပြီး မူဝါဒများချမှတ်ခြင်းနှင့် လူတိုင်းအကျုံးဝင်သော ပညာရေးစနစ် အကောင်အထည်ဖော်ခြင်း အဆင့်ဆင့်၏ အချက်အလက်များနှင့်ပတ်သက်၍ မသန်စွမ်းအဖွဲ့အစည်းများ၊ ကလေးများနှင့် တိုင်ပင်သင့်သည်။ ၎င်းတွင် အချိန်အကန့်အသတ်၊ အမှန်တကယ် ရရှိနိုင်မည့် ဦးတည်ချက်များနှင့် တပြေးညီ မပြောင်းမလဲဖြစ်စေရန်အရေးကြီးသည်။ အစီအစဉ်ကို မည်သည့်အပိုင်းတွင် ဖွံ့ဖြိုးတိုးတက်ရန်လိုသည်ကို ထောက်ပြနိုင်ရန် ပြည့်စုံသော လူတိုင်းအကျုံးဝင်သော ပညာရေးစနစ်နှင့် စပ်လျဉ်းသော ခွဲခြမ်းစိတ်ဖြာမှုများဖြင့် တင်ပြသင့်သည်။ ဥပမာအားဖြင့် ဘဏ္ဍာငွေခွဲဝေသတ်မှတ်ခြင်း အခြေအနေ၊ သတင်းအချက်အလက်များ ကောက်ယူခြင်း အခြေအနေ၊ ကျောင်းမတက်သော မသန်စွမ်း ကလေးအရေအတွက်၊ စိန်ခေါ်မှုနှင့်အဟန့်အတားများ၊ လက်ရှိကျင့်သုံးနေသော မူဝါဒနှင့် ဥပဒေများ၊ မသန်စွမ်းသူများ၏ အဓိက ပူပင်မှုများ၊ မိသားစုနှင့် လုပ်ဖော်ကိုင်ဖက်များ၏ အခြေအနေများ။

၆၃။ ပါဝင်ဖက်နိုင်ငံများမှ ချုပ်ကိုင်မှုကင်းသော၊ ထိရောက်သော၊ ရယူနိုင်သော၊ ပွင့်လင်းမြင်သာမှုရှိသော၊ လုံခြုံပြီး လိုက်လျောညီထွေမှုရှိသော ယန္တရားနှင့် တရားဝင် လုပ်ထုံးလုပ်နည်းများကို စတင် ဆောင်ရွက်ရပါမည်။ မသန်စွမ်းသူများသည် မိမိတို့၏ တရားမျှတမှုကို ရရှိရမည်ဖြစ်ပြီး ထိုအထဲတွင် မသန်စွမ်းသူများနှင့်ဆိုင်သော တောင်းဆိုမှုများပြုလုပ်နိုင်မှုများ ပါဝင်ရမည်။ ပါဝင်ဖက်နိုင်ငံများသည် မသန်စွမ်းသူများ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများနှင့် အခက်အခဲနှောင့်ယှက်မှုများကို မသန်စွမ်းသူများထံ ကျယ်ကျယ်ပြန့်ပြန့် အသိပေးခြင်းကို မသန်စွမ်းအဖွဲ့အစည်းများ၏ ပါဝင်မှုဖြင့်ဆောင်ရွက်ရမည်။

၆၄။ လူတိုင်းအကျုံးဝင်သောပညာရေးသည် သီးသန့်ရည်ရွယ်ဖွဲ့စည်းထားသောအဖွဲ့အစည်းနှင့် ပေါင်းစပ်၍မရပါ။ ထို့ကြောင့် ပါဝင်ဖက်နိုင်ငံများသည် မသန်စွမ်းသူများအတွက် သီးသန့်ရည်ရွယ်ဖွဲ့စည်းခြင်းမဟုတ်သည့် ပုံစံများဖြင့် အကောင်အထည်ဖော်သင့်သည်။ ဤကဲ့သို့ဖော်ဆောင်ရာတွင် အပြောင်းအလဲပြုလုပ်ရန်အတွက် အချိန်ကန့်သတ်ခြင်း၊ လူထုကိုအခြေခံသော ထောက်ပံ့ခြင်းများ ပြုလုပ်ရန်လိုအပ်သော ဥပဒေပြုမှုများနှင့် မိတ်ဆက်ပေးခြင်း၊ လူထုကိုအခြေခံသော ဝန်ဆောင်မှုစနစ်ကို အထောက်အပံ့ပေးနိုင်ရန် ငွေကြေးအထောက်အပံ့နှင့် စုံလင်သော စည်းကမ်းချက်များ ပြန်လည်သုံးသပ်ခြင်း၊ မိဘများကို အထောက်အကူပေးခြင်း၊ ကလေးများအပါအဝင် မသန်စွမ်း

(m) Creation of partnerships and coordination between all stakeholders, including persons with disabilities through OPDs, different agencies, development organizations, non-governmental organizations (NGO), and with parents/caregivers.

62. Legislation must be supported by an Education Sector Plan, developed in consultation with OPDs, including children, and detailing the process for the implementation of an inclusive education system. It should contain a timeframe and measurable goals, including measures to ensure consistency. The Plan should be informed by a comprehensive analysis of the current context pertaining to inclusive education in order to provide a baseline from which to progress, including data on, for example, current budgetary allocations, quality of data collection, numbers of children with disabilities out of school, challenges and barriers, existing laws and policies, key concerns of both persons with disabilities, families and the State party.

63. States parties must introduce independent, effective, accessible, transparent, safe and enforceable complaints mechanisms and legal remedies in cases of violations of the right to education. Persons with disabilities must have access to justice systems which understand how to accommodate persons with disabilities and are capable of addressing disability-based claims. States parties must also ensure that information about the right to education itself, and how to challenge denial or violations must be widely disseminated and publicized to persons with disabilities, with the involvement of OPDs.

64. Inclusive education is incompatible with institutionalisation. States parties must engage in a well-planned and structured process of de-institutionalisation of persons with disabilities. Such a process must address: a managed transition setting out a defined time frame for the transition; the introduction of a legislative requirement to develop community based provision, the re-direction of funds and the introduction of multi-disciplinary frameworks to support and strengthen community-based services; the provision of support for families; and collaboration and consultation with OPDs,

အဖွဲ့အစည်းများ၊ မသန်စွမ်းသူများ၏ မိဘအုပ်ထိန်း သူများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် အကြံအညာဏ်များ ရယူခြင်းများ ပါဝင်ရမည်။ အကျုံးဝင်လာမှုဖြစ်စဉ်ကို ဆိုင်းငံ့ထားပြီး ဝန်ဆောင်မှု ပေးသည့်အဖွဲ့ အစည်းတွင်ရှိနေသော မသန်စွမ်းသူများအား ရပ်ရွာရှိလူတိုင်းအကျုံးဝင်ပညာရေး စနစ်ကျင့်သုံးနေသောကျောင်းမှ တာဝန်ရှိသူများနှင့် ချိတ်ဆက်ပေးခြင်းဖြင့် လူတိုင်းအကျုံးဝင် ပညာရေးဝန်ဆောင်မှုကို ချက်ချင်းရယူနိုင်အောင် လုပ်ဆောင်ပေးရပါမည်။

၆၅။ မသန်စွမ်းကလေးများ အတွက် ရှေးဦးကလေးသူငယ်အရွယ် ပြုစုစောင့်ရှောက်မှုများသည် ပို၍ အသုံးဝင်ထိရောက်သည်။ ဤသို့ပြုလုပ်ပေးခြင်းသည် ပညာရေး၏အကူအညီဖြင့် ၎င်းတို့၏ လုပ်ရည်ကိုင်ရည်ကိုအားပေးပြီး ပညာရေးလိုက်စားရန်အားပေးသည်။ ထိုသို့ပြုလုပ်ရာတွင် ကလေးများ၏ သိက္ခာနှင့် လုပ်ပိုင်ခွင့်ကို အလေးထားရန် အလွန်အရေးကြီးသည်။ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင် (၄) နှင့် ၂၀၃၀ ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်နှင့် အညီ ပါဝင်ဖက်နိုင်ငံများမှ မသန်စွမ်း ကလေးငယ်များ၏ မိဘအုပ်ထိမ်းသူများအား မူကြိုပညာရေးနှင့် လိုအပ်သော အထောက်အပံ့များ ပေးသင့်သည်။ အကယ်၍ ကလေးများ မူလတန်းမတက်မီ ကလေး၏ မသန်စွမ်းမှုကို သတိထားမိပြီး အထောက်အပံ့များပေးနိုင်ပါက ဤကလေးများသည် လူတိုင်းအကျုံးဝင်သော မူကြိုနှင့်မူလတန်းကျောင်းများသို့ တက်ရောက်ရန် အဆင်ပြေနိုင်ချေ ရှိသည်။ မသန်စွမ်းလူငယ်များအား မူကြိုနှင့် အကျုံးဝင်မူလတန်းပညာရေးသို့ ချောမွေ့စွာ အသွင် ကူးပြောင်းပေးနိုင်ရန်အတွက် မသန်စွမ်းမှုစောလျင်စွာဖေါ်ထုတ်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းသည် အဓိကကျပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင်ပါဝင်ဖက်နိုင်ငံများမှ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တာဝန်ရှိသူများ၊ဌာနဆိုင်ရာများ၊မသန်စွမ်းအဖွဲ့အစည်းများနှင့်အခြားအရပ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၆၆။ အပိုဒ် ၃၁ နှင့်အညီ ပါဝင်ဖက်နိုင်ငံများသည် လိုအပ်သော အချက်အလက်များကောက်ယူ ပြီး အပိုဒ် ၂၄ ၏ လိုအပ်သော တာဝန်များအားဖြည့်စွက်နိုင်ရန် မူဝါဒများနှင့် အစီအစဉ်များကို ဖန်တီးပေးရမည်။ ချို့ယွင်းချက်အမျိုးမျိုးရှိနေသောသူများနှင့်ပတ်သက်သည့် တိကျခိုင်လုံသော အချက်အလက် ကိန်းဂဏန်းများမပြည့်စုံမှုများအပြင် အရည်အသွေးပြည့်ဝသော သုတေသန စာတမ်းပြုစုမှုအားနည်းနေခြင်းနှင့် ပညာသင်ယူခွင့်ရရှိမှုနှင့်ပတ်သက်ပြီး တိုးတက်မှုသိရှိနိုင်ရန် အချက်အလက်ကောက်ယူခြင်း၊ လိုက်လျောညီထွေဖြစ်သော နေရာထိုင်ခင်းပြင်ဆင်ပေးမှုနှင့် ထိုသို့ ပြုလုပ်ပေးခြင်းကြောင့် လူမှုဘဝတွင် တိုးတက်ဝင်ဆန့်လာမှုအတွက်မည်မျှအထောက် အကူပြုနိုင် သည်ဟူသည့်အချက်အလက်များကို မှန်ကန်တိကျစွာ ကောက်ယူသိရှိနိုင်ရန်အတွက် အားနည်း နေသေးသည့်အခြေအနေကိုလည်း တိကျစွာထောက်ပြပြောဆိုရမည်။ သန်းခေါင်စာရင်းများ၊ ခြုံငုံ သုံးသပ်မှုများ၊ အုပ်ချုပ်ရေးဆိုင်ရာ အချက်အလက်များနှင့် ပညာရေးဆိုင်ရာ သတင်းအချက်အလက် စနစ်များသည် မသန်စွမ်းကျောင်းသားများနှင့် ပုံမှန်ကျောင်းသားများ၏ အချက်အလက်များ ပါဝင်ရ

including children, as well as parents/caregivers of persons with disabilities. Pending the process of de-institutionalisation, persons in institutional care settings should be given access to inclusive education with immediate effect through linking them with inclusive academic institutions in the community.

65. Early childhood interventions can be particularly valuable for children with disabilities, serving to strengthen their capacity to benefit from education and promoting their enrolment and attendance. All such interventions must guarantee respect for the dignity and autonomy of the child. In line with SDG 4, and the 2030 Agenda for Sustainable Development, States parties are urged to ensure access to quality early childhood development, care and pre-primary education, together with the provision of support and training to parents and caregivers of young children with disabilities. If identified and supported early, young children with disabilities are more likely to transit smoothly into pre-primary and primary inclusive education settings. States parties must ensure coordination between all relevant ministries, authorities and bodies as well as OPDs and other NGO partners.

66. In accordance with Article 31, States parties must collect appropriate disaggregated data to formulate policies, plans and programmes to fulfill their obligations under Article 24. They must introduce measures to address the lack of accurate data on prevalence of persons with different impairments, as well as the lack of sufficient quality research and data relating to access to, permanence, and progress within education, provision of reasonable accommodation and the associated outcomes. Census, survey and administrative data, including Education Management Information System (EMIS), must capture data on students with disabilities including those still living in institutional settings. States parties should also gather disaggregated data and evidence on the barriers that prevent persons with disabilities from having access to, remaining in, and making progress in inclusive quality education to enable the adoption

မည်။ ပါဝင်ဖက်နိုင်ငံများသည် မသန်စွမ်းသူများ၏ ကျောင်းတက်ရေး၊ ကျောင်းဆက်လက်တက်ရောက်ရေးနှင့် လူတိုင်းအကျုံးဝင်သော ပညာရေးတွင်ပါဝင်ရေး အခွင့်အရေးများ မရရှိမှုနှင့်ဆိုင်သော အချက်အလက်များနှင့် အထောက်အထားများကို စုဆောင်း၍ ထိုအခက်အခဲများကို မည်ကဲ့သို့ ကျော်လွှားရန် ဆောင်ရွက်ရမည်။ ဆောင်ရွက်မှုဗျူဟာတွင် မသန်စွမ်းသူများအား ပုံမှန်အရေအတွက်နှင့် အရည်အချင်းဆိုင်ရာ အချက်အလက်များထဲတွင် ပါဝင်စေရမည်ဖြစ်ပြီး မိဘများမှဖော်ပြမှု မရှိသော မသန်စွမ်းကလေးများ၊ မွေးစာရင်း မရှိသေးသောကလေးများနှင့် ကျောင်းပြင်ပရောက်နေသောကလေးများအားလုံး ပါဝင်ရမည်။

၆၇။ ပညာရေးနှင့် လူတိုင်းအကျုံးဝင်သော ပညာရေးစနစ်တိုးတက်ပြောင်းလဲစေရန် ပါဝင်ဖက်နိုင်ငံများမှ လုံလောက်သောငွေအားနှင့် လူအင်အားကို အကောင်အထည်ဖော်ချိန်တလျှောက်လုံး အလုံအလောက်ထောက်ပံ့ရမည်။ တိုးတက်ပြောင်းလဲမှုကိုလည်း စဉ်ဆက်မပြတ်စောင့်ကြည့်ရမည်။ မသန်စွမ်းသူများအားလုံး ပညာသင်နိုင်သောအခွင့်အရေး အမှန်တကယ်ရရှိနိုင်ရန် ပါဝင်ဖက်နိုင်ငံများ၏ အစိုးရအဖွဲ့များနှင့် ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများကို ပြန်လည်ပြုပြင်ဖွဲ့စည်းရမည်။ ပါဝင်ဖက်နိုင်ငံများအနေဖြင့် ဘဏ္ဍာငွေများကို ခွဲဝေသတ်မှတ်ရာတွင် လူထုနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ရရှိနိုင်သော အရင်းအမြစ်များကို အသုံးပြုသင့်သည်။ ဘဏ္ဍာငွေများခွဲဝေရာတွင် အချိန်နှင့်တစ်ပြေးညီဖြစ်သော ပညာရေးပတ်ဝန်းကျင်ကို ဖန်တီးရန်၊ ပြည့်စုံသောသင်ကြားမှုစနစ်ကို ထောက်ပံ့ရန်၊ လိုအပ်သော ကျောင်းဆောင်များထောက်ပံ့ပေးရန်၊ သင့်လျော်သောကျောင်း ကြိုပို့မှုစနစ်ဖန်တီးရန်၊ သင့်လျော် သောပြဋ္ဌာန်းစာအုပ်များ ရိုက်နှိပ်ရန်၊ သင်ကြားမှုနှင့် သင်ယူမှုတွင် လိုအပ်သော ပစ္စည်းများဝယ်ယူရန်၊ အထောက်အကူဖြစ်သော နည်းပညာများနှင့် လက်ဟန်ခြေဟန်ဖြင့်ပြသော ဆက်သွယ်သင်ကြားရေးစနစ်များရှိစေရန်နှင့် ခွဲခြားဆက်ဆံခြင်းများ အထူးသဖြင့် ကျောင်းတွင်း အနိုင်ကျင့်မှုများကိုဆန့်ကျင်သော ပညာပေးမှုများကို ဦးစားပေးသုံးစွဲရမည်။

၆၈။ ကော်မတီမှ အရင်းအမြစ်များကို လွှဲပြောင်းရာတွင် သီးခြားလွှဲပြောင်းပေးမှုမျိုးမဟုတ်ဘဲ အများနှင့် သက်ဆိုင်သော ပုံစံမျိုးဖြင့် ဆောင်ရွက်ရန် ပါဝင်ဖက်နိုင်ငံများကို တိုက်တွန်းသည်။ ပါဝင်ဖက်နိုင်ငံများသည် မသန်စွမ်းသူများ လိုအပ်သော အထောက်အပံ့များ ရရှိစေရန် အရင်းအမြစ်များကို လူတိုင်းအကျုံးဝင်သော ပညာရေးစနစ်သို့ ခွဲဝေပေးသော စံပြဘဏ္ဍာစနစ်ကို စတင်ဖော်ဆောင်သင့်သည်။ ဘဏ္ဍာရေးနှင့်ပတ်သက်သော အသင့်လျော်ဆုံးလုပ်ထုံးကို ရွေးချယ်ရန်လက်ရှိပညာရေးအသိုင်းအဝိုင်းနှင့် မသန်စွမ်းသူများ၏ လိုအပ်ချက်များအပေါ် မူတည်၍ ဆုံးဖြတ်ချက်ချသင့်သည်။

of effective measures to dismantle such barriers. Strategies must be adopted to overcome the exclusion of persons with disabilities from standard quantitative and qualitative data gathering mechanisms, including reluctance of parents to admit the existence of a child with a disability, lack of birth registration, or invisibility within institutions.

67. State parties must commit sufficient financial and human resources throughout the development of Education Sector and cross-sector Plans to support the implementation of inclusive education, consistent with progressive realization. States parties must reform their governance systems and financing mechanisms to ensure the right to education of all persons with disabilities. States parties should also allocate budgets using mechanisms available under public procurement processes and partnerships with the private sector. These allocations must prioritise, inter alia, ensuring adequate resources for rendering existing educational settings accessible in a time bound manner, investment in inclusive teacher education, making available reasonable accommodations, providing accessible transport to school, making available appropriate and accessible text books, teaching and learning materials, ensuring assistive technology provisioning and Sign Language, and providing awareness raising initiatives to address stigma and discrimination, particularly bullying in educational settings.

68. The Committee urges States parties to achieve a transfer of resources from segregated to inclusive environments. States parties should develop a funding model that allocates resources and incentives for inclusive educational environments to provide the necessary support to persons with disabilities. The determination of the most appropriate approach to funding will be informed to a significant degree by the existing educational environment and the requirements of potential learners with disabilities who are affected by it.

၆၉။ မူကြို၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ် နှင့် အသက်မွေးဝမ်းကြောင်း အဆင့် ကျောင်းဆရာ/ ဆရာမများအား သင်တန်းများပေးရာတွင် လူတိုင်းအကျုံးဝင်သော ပညာရေးစနစ်အောက်တွင် အလုပ်လုပ်ကိုင်နိုင်ရန် အဓိကလိုအပ်သော အရည်အချင်းနှင့် ခံယူချက်များကို အဓိကထား သင်ပေးရမည်။ လူတိုင်းအကျုံးဝင်သောပညာရေးစနစ်သို့ ကူးပြောင်းနိုင်ရန် အချိန်ကိုတိုးနိုင်သမျှတိုးပြီး လက်ရှိကျောင်းဆရာ/မများနှင့်တကွ ကျောင်းဆရာ/မ အသစ်များအတွက် သင့်လျော်သော လုပ်ကိုင်နိုင်စွမ်းကိုရရှိစေရန် ထောက်ပံ့ပေးရမည်။ လူတိုင်းအကျုံးဝင်သောပညာရေးအသိုင်းအဝိုင်း အသွင်ကူးပြောင်းရန် လေ့လာသင်ယူနေသော ဆရာ/မ များအားလုံးလိုအပ်သော အထောက်အကူများနှင့် အမှန်တကယ် ပြဿနာများကိုဖြေရှင်းရန် အထောက်အကူပြုသော လက်တွေ့လုပ်ခြင်းမှသင်ယူခြင်းများရရှိနိုင်ရန်။ ဆရာ/မများအတွက် သင်တန်းများတွင် ပါဝင်သင့်သော အဓိကအကြောင်းအရာများမှာ ကျောင်းသားများ လူတိုင်းအကျုံးဝင်သောပညာရေးအသိုင်းအဝိုင်းတွင်း ပါဝင်နိုင်စေရန် လူသားများ၏ သဘာဝအလျောက်ကွဲပြားခြားနားခြင်း၊ ဖွံ့ဖြိုးခြင်းနှင့် တိုးတက်ခြင်းသဘာဝ၊ မသန်စွမ်းမှုကို လူ့အခွင့်အရေးအမြင် ဖြင့်ရှုမြင်ခြင်းနှင့် ကလေးများ၏ ခြေလက်စွမ်းဆောင်မှု၊ စွမ်းပကားနှင့် သင်ယူမှုပုံစံများနှင့်ပတ်သက်သည့် အခြေခံကျသော မာတိကာများတွင်ပါဝင်ရမည်။ ဆရာ/ဆရာမများကို သင်တန်းပေးရာတွင် ဆက်သွယ်ရေးပုံစံများ ဥပမာ မျက်မမြင်စာပေ၊ စာလုံးကြီးပုံနှိပ်၊ နားလည်ရန်လွယ်ကူသော မီဒီယာ၊ စာဖတ်သူနှင့် သင့်လျော်သောစာများ၊ ရိုးရှင်းသောစကားအသုံးအနှုန်း၊ လက်ဟန်ပြ ဘာသာစကားဖြင့်ပြောခြင်းနှင့် နားမကြားသူများ၏ဆက်ဆံရေးပုံစံများ၊ ပညာရေးဆိုင်ရာနည်းဗျူဟာများနှင့် မသန်စွမ်းသူများအတွက်လိုအပ်သောအထောက်အပံ့များပေးခြင်း၊ စသောသမားရိုးကျမဟုတ်သောပညာရေးများပေးသင့်သည်။ ထို့ပြင် ဆရာ/ဆရာမများအား လက်တွေ့လေ့ကျင့်ရေးများပေးရန် အထူးသဖြင့် တစ်ယောက်ချင်းစီနှင့်ဆိုင်သော သင်ကြားမှုများ၊ သင်ခန်းစာ တစ်ခုတည်းကို သင်ကြားရေးပုံစံအမျိုးမျိုးဖြင့် စမ်းသပ်သင်ခြင်းဖြင့် ကျောင်းသား/သူ တစ်ယောက်ချင်းစီ၏ မတူညီသော သင်ယူမှုပုံစံနှင့် စွမ်းရည်များအလျောက်သင်ကြားပေးရန်၊ ကျောင်းသား/သူ တစ်ယောက်စီ၏ ပညာရေးရည်မှန်းချက်နှင့်အညီ အထောက်အပံ့နှင့် သင်ကြားမှုများပြုလုပ်ရန်နှင့် ကျောင်းသား/သူများကို အလေးပေးသော ပညာရေးရည်ရွယ်ချက်များ ပါဝင်ရပါမည်။

၇၀။ လူတိုင်းအကျုံးဝင်သောပညာရေးတွင် ဆရာ/မများအတွက် အထောက်အပံ့နှင့် အရင်းအမြစ်စနစ်သည် အဆင့်တိုင်း၌ လိုအပ်ပါသည်။ ထိုအထောက်အပံ့များထဲတွင် အိမ်နီးချင်းကျောင်းများ၊ တက္ကသိုလ်များနှင့် စပ်တူလုပ်ငန်းများလုပ်ဆောင်စေခြင်း၊ အသင်းအဖွဲ့လိုက် လုပ်ဆောင်ခြင်းနှင့် အသင်းအဖွဲ့လိုက် သင်ကြားမှုများကို အားပေးခြင်း၊ အဖွဲ့လိုက်သင်ယူခြင်း၊ အတူတကွ ကျောင်းသားများ၏အရည်အချင်းကို အကဲဖြတ်ခြင်း၊ ကျောင်းသားအချင်းချင်း နီးနှောဖလှယ်ခြင်းနှင့် လူထုအသိုင်းအဝိုင်းများနှင့် စပ်တူလုပ်ဆောင်ခြင်းများ ပါဝင်သည်။ မသန်စွမ်းသူ၏ မိဘ အုပ်ထိမ်းသူများသည် သင့်လျော်သည့် ကဏ္ဍတွင် တစ်ဦးချင်းသင်ယူပညာရေး အစီအစဉ်

69. A process of educating all teachers at pre-school, primary, secondary, tertiary and vocational education levels must be initiated to provide them with the necessary core competencies and values to work in inclusive educational environments. This requires adaptations to both pre and in-service training to develop appropriate skill levels in the shortest time possible to facilitate the transition to an inclusive education system. All teachers must be provided with dedicated units/modules to prepare them to work in inclusive settings, as well as practical experiential learning, where they can build the skills and confidence to problem-solve through diverse inclusion challenges. The core content of teacher education must address a basic understanding of human diversity, growth and development, the human rights model of disability, and inclusive pedagogy including how to identify students' functional abilities -strengths, abilities and learning styles- to ensure their participation in inclusive educational environments. Teacher education should include learning about the use of appropriate augmentative and alternative modes, means and formats of communication, such as Braille, large print, accessible multimedia, easyread, plain language, sign language and deaf culture, education techniques and materials to support persons with disabilities. In addition, teachers need practical guidance and support in, among others: the provision of individualized instruction; teaching the same content using varied teaching methods to respond to the learning styles and unique abilities of each person; the development and use of individual educational plans to support specific learning requirements; and the introduction of a pedagogy centred around students' educational objectives.

70. Inclusive education requires a support and resource system for teachers in educational institutions at all levels. This might include partnerships between neighbouring education institutions, including universities, promoting collaborative practice including team teaching, study groups, joint student assessment processes, peer support and exchange visits as well as partnerships with civil society. Parents/caregivers of students with disabilities, where appropriate, can serve as partners in the development and implementation of learning programmes, including individualized

အပါအဝင် သင်ယူမှုအစီအစဉ်၏ တိုးတက်ပြောင်းလဲရန်နှင့် အကောင်အထည်ဖော်ရန်အတွက် တစ်တပ် တစ်အား ပါဝင်လုပ်ဆောင်နိုင်သည်။ မိဘများသည် ကျောင်းသားတယောက်ချင်းစီအတွက် ကျောင်းဆရာ/မများကို အကြံပေးရာတွင် အရေးပါနိုင်သော်လည်း ပညာရေးစနစ်၏ လိုအပ်ချက် တစ်ခုအနေဖြင့် ဘယ်တော့မှ မသတ်မှတ်သင့်ပါ။ ဆရာ/မများအတွက် ရနိုင်သမျှသော အရင်းအမြစ်များဖြစ်သော မသန်စွမ်းအသင်းအဖွဲ့များ၊ မသန်စွမ်းသူများနှင့် သင်ယူသူအချင်းချင်း စောင့်ကြည့်စစ်ဆေးခြင်းနှင့် စပ်တူလုပ်ဆောင်ခြင်းဖြင့်ပြဿနာကို ဖြေရှင်းနိုင်မှုကို လုပ်ဆောင်ရန်အရေးပါသည့် ဒေသခံများကို ပါဝင်ဖက်နိုင်ငံများမှ စီစဉ်ပေးသင့်သည်။ ထိုသူတို့၏ပါဝင်မှုကြောင့် စာသင်ခန်းအတွက် အရင်းအမြစ်များပိုမိုရရှိရုံသာမက ဒေသခံများနှင့် အချိတ်အဆက်များရှိခြင်း၊ မသန်စွမ်းကျောင်းသူ/သား များနှင့် ပိုမိုနားလည်မှုရှိကာ ကလေးများ၏ အားသာချက်နှင့် လိုအပ်ချက်များကို ပိုမိုသိတတ်ကာ လိုအပ်သော လုပ်ဆောင်မှုများ လုပ်ဆောင်ပေးနိုင်ခြင်းများ ရရှိနိုင်သည်။

၇၁။ အဆင့်ဆင့်တိုင်းရှိ အာဏာပိုင်များသည် လူတိုင်းအကျုံးဝင်ပညာရေးကို အထောက်အကူပေးရန် ဥပဒေများ၊ မူဝါဒများ နှင့် အစီအစဉ်များကို အကောင်အထည်ဖော်နိုင်ရန် လုပ်နိုင်စွမ်း၊ ကတိဝန်ခံမှုနှင့် အရင်းအမြစ်များရှိရမည်။ ပါဝင်ဖက်နိုင်ငံများသည် တိုးတက်ပြောင်းလဲရေးကို သင်တန်းပေးခြင်းဖြင့် သက်ဆိုင်ရာအာဏာပိုင်များ၏ တာဝန်များသည် ဥပဒေအရဖြစ်ကြောင်း အသိပေးရမည်။ မသန်စွမ်းသူများ၏ အခွင့်အရေးများကိုလည်း ထောက်ပြရမည်။ လူတိုင်းအကျုံးဝင်သောပညာရေး၏ မူဝါဒနှင့် လက်တွေ့လုပ်ဆောင်မှုများ အကောင်အထည်ဖော်ရန်လိုအပ်သောကျွမ်းကျင်မှု၊ အသိပညာနှင့် နားလည်မှုများမှာ လူတိုင်းအကျုံးဝင်သောပညာရေး အခွင့်အရေးနှင့် ရည်မှန်းချက်များ၏ အယူအဆများကို နားလည်သဘောပေါက်ရန်၊ နိုင်ငံတကာနှင့် ပြည်တွင်းအဆင့် မူဝါဒနှင့်ဥပဒေပြုဆိုင်ရာ အသိပညာရပ်များ၊ ဒေသအတွင်း ပြည့်စုံသော ပညာရေးဆိုင်ရာအစီအစဉ်များရေးဆွဲခြင်း၊ အတူတကွပူးပေါင်းဆောင်ရွက်ခြင်း၊ အထောက်အပံ့၊ ဒေသအတွင်းရှိပညာရေးဆိုင်ရာ အဖွဲ့အစည်းများ၏ အကူအညီနှင့် ကြီးကြပ်ညွှန်ကြားမှုကို ရယူခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းတို့ဖြစ်ပါသည်။

၇၂။ အရည်အသွေးရှိသောလူတိုင်းအကျုံးဝင်ပညာရေးသည် မသန်စွမ်းကျောင်းသားများ ရင်ဆိုင်ရသော အဟန့်အတားများကို ကျော်လွှားနိုင်စေရန် ဆန်းစစ်ချက်နှင့် စောင့်ကြည့်စစ်ဆေးခြင်းများ လိုအပ်သည်။ ပုံမှန် ပညာရေးတွင်အသုံးပြုသော ကျောင်းသူ/သားနှင့် ကျောင်းပညာရေး စမ်းစစ်ခြင်းနှင့် အမှတ်ပေးစနစ်များသည် မသန်စွမ်းကျောင်းသူ/သား များအတွက် အကျိုးမပြုပါ။ တယောက်ချင်းစီ၏ တိုးတက်မှုကိုအခြေခံ၍ ကျယ်ပြန့်သောအောင်မြင်မှုများရစေရန် အလေးထားသင့်သည်။ သင့်လျော်သော သင်ကြားမှုစနစ်၊ အထောက်အပံ့နှင့် အဆောက်အဦးများဖြင့် မသန်စွမ်းသူများနှင့် တကွ ကျောင်းသူ/သားအားလုံး၏ လိုအပ်သော သင်ရိုးပုံစံသို့ လိုက်ဖက်အောင် ပြင်ဆင်နိုင်သည်။

education plans. They can play a significant role in advising and supporting teachers in provision of support to individual students, but must never be a pre-requisite for admission into the education system. States parties should utilise all possible sources of support for teachers, including OPDs learners with disabilities and local community members who can contribute significantly in the form of peer mentoring, partnering and problem solving. Their involvement provides an additional resource in the classroom and also serves to build links with local communities, breaking down barriers and rendering them more responsive and sensitive to strengths and requirements of students with disabilities.

71. Authorities at all levels must have the capacity, commitment and resources to implement the laws, policies and programmes in place to support inclusive education. States parties must ensure the development and delivery of training to inform all relevant authorities of their responsibilities under the law, and to provide an understanding of the rights of persons with disabilities. The skills, knowledge and understanding necessary to implement inclusive education policies and practice will include: understanding of the concept of the right to inclusive education and its aims, knowledge of the relevant international and national legislation and policies, development of local inclusive education plans, collaboration and partnerships, support, guidance and supervision of local education institutions, monitoring and evaluation.

72. Quality inclusive education requires methods of appraising and monitoring students' progress that considers the barriers faced by students with disabilities. Traditional systems of assessment, utilising standardized achievement test scores as the sole indicator of success for both students and schools may disadvantage students with disabilities. The emphasis should be on individual progress towards broad goals. With appropriate teaching methodologies, support and accommodations, all curricula can be adapted to meet the needs of all students, including those with disabilities.

ကျောင်းသူ/သားများအား ပြည့်စုံသည့် အကဲဖြတ်မှုစနစ်များကို တစ်ဦးတစ်ယောက်ချင်းစီအား ထောက်ပံ့မှုစနစ်ဖြင့် ခိုင်ခံ့စေသည်။

၇၃။ အပိုဒ် ၃၃နှင့်အညီဖြစ်ပြီး လူတိုင်းအကျုံးဝင်သောပညာရေးစနစ်တည်ထောင်ခြင်းမှတဆင့် ပညာရေးဆိုင်ရာအခွင့်အရေးများ၏ တိုးတက်မှုအခြေအနေကိုစစ်ဆေးရန် ပါဝင်ဖက်နိုင်ငံများမှ စနစ်ကျသော စောင့်ကြည့်စစ်ဆေးခြင်းဖွဲ့စည်းမှု၊ လုပ်ဆောင်မှုအစီအစဉ်နှင့် ရလဒ်များကို ထောက်ပြနိုင်သောကိရိယာ၊ ရလဒ်တိုင်း၏ပစ်မှတ်နှင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင် (၄)နှင့်ကိုက်ညီမှုရှိရန် ဆောင်ရွက်ရမည်။ မသန်စွမ်းအသင်းအဖွဲ့များမှတဆင့် မသန်စွမ်းသူများသည် ရလဒ်များအပေါ် ဆုံးဖြတ်ချက်ချခြင်းနှင့် အချက်အလက် ကောက်ယူစိစစ်ခြင်းများတွင် ပါဝင်သင့်သည်။ ပြီးပြည့်စုံသောတိုင်းထွာခြင်းသည် မသန်စွမ်းမှုအချက်အလက်များကိုသာ ကောက်ယူခြင်းသာမက လူတိုင်းအကျုံးဝင်သောပညာရေး၏ အဟန့်အတားများကို ထောက်ပြရမည်။ လက်ရှိပတ်ဝန်းကျင်ကို ပြောင်းလဲပေးခြင်း၊ သင်ရိုးညွှန်းတမ်းကို သင့်လျော်အောင်စီစဉ်ပေးခြင်း (သို့) ဆရာ/မသင်တန်းများပေးခြင်း စသောထောက်ပြမှုစနစ်မှာ တိုးတက်ပြောင်းလဲခြင်းလမ်းကြောင်းကို တည့်မတ်ပေးသည်။ လူတိုင်းအကျုံးဝင်သောပညာရေးစနစ်အောက်ရှိ အောက်လက်မှတ် (သို့) ဘွဲ့လက်မှတ်ရရှိသွားသော မသန်စွမ်းကလေး ရာခိုင်နှုန်း (သို့မဟုတ်) အထက်တန်းသို့ ဆက်လက်ပညာဆည်းပူးနိုင်သော မသန်စွမ်းကျောင်းသူ/သားများ၏ ရာခိုင်နှုန်း အစရှိသော ရလဒ်ညွှန်ပြချက်များလည်းရှိရမည်။ ပါဝင်ဖက်နိုင်ငံများသည် ယူနက်စကိုမှအကြံပြုချက် (၅) ချက်ဖြစ်သော အခွင့်အရေးကိုလေးစားခြင်း၊ တန်းတူညီမျှရှိခြင်း၊ ဆက်စပ်ပတ်သက်မှုရှိခြင်း၊ သင့်လျော်မှုရှိခြင်းနှင့် အချိန်တိုတိုနှင့် အကျိုးများခြင်းများကို အသုံးပြု၍ ပညာရေး၏ အဆင့်အတန်းကိုတိုင်းထွာသင့်သည်။ ဝေစုနှင့် မက်လုံးများကိုလည်း မှန်ကန်သောအပြုအမူများကိုတိုင်းထွာရာတွင် အသုံးပြုရန် စဉ်းစားသင့်သည်။

၇၄။ နိုင်ငံများတွင် ပုဂ္ဂလိကကျောင်းများ တိုးတက်များပြားလာသည်ကို ကော်မတီမှသတိထားမိသည်။ လူတိုင်းအကျုံးဝင်ပညာရေးသည် အစိုးရပညာရေးအတွင်းသာမကဘဲ ပညာရေးနှင့်ဆိုင်သော အဖွဲ့အစည်းအားလုံး နှင့်ပါသက်ဆိုင်ကြောင်း ပါဝင်ဖက်နိုင်ငံများမှ အသိအမှတ်ပြုရမည်။ စီးပွားရေးအခန်းကဏ္ဍအပါအဝင် အခြားသော အဖွဲ့အစည်းများမှ စည်းကမ်းချိုးဖောက်မှုများတားဆီးနိုင်ရန် ပါဝင်ဖက်နိုင်ငံများမှ အကဲဖြတ်ခြင်းများ ပြုလုပ်သင့်သည်။ စီးပွားရေးလုပ်ငန်းရှင်များမှ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ခံစားခွင့်များနှင့် လုပ်ဆောင်ချက်များအပေါ် သက်ရောက်မှုရှိစေရန် လူတိုင်းအကျုံးဝင်ပညာရေးကို အထောက်အကူပြုရန် တာဝန်ခံနိုင်မှု၊ လိုအပ်ပါက စည်းမျဉ်းအတိုင်း ဥပဒေပြုခြင်း၊ စောင့်ကြည့်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ ခိုင်မာစေခြင်း၊ မူဝါဒများကို သင့်လျော်သလိုပြင်ဆင်ခြင်းစသော အချက်များကို တိုင်းထွာသင့်သည်။ ပုဂ္ဂလိကကျောင်းများနှင့်

Inclusive student assessment systems can be strengthened through a system of individualized supports.

73. Compliant with article 33, and to measure progress on the realization of the right to education through the establishment of an inclusive education system, States parties must develop monitoring frameworks with structural, process and outcome indicators, and specific benchmarks and targets for each indicator, consistent with SDG 4. Persons with disabilities, through OPDs, should be involved in both the determination of the indicators as well as the collection of data and statistics. Structural indicators should measure barriers to inclusive education and not be limited merely to collecting data disaggregated by impairment. Process indicators, such as changes to accessibility of physical environments, curriculum adaptations or teacher training will enable monitoring of the progress of the transformation. Outcome indicators must also be established, for example, percentage of students with disabilities in inclusive learning environments obtaining final official certification or diplomas, or the percentage of students with disabilities admitted to secondary education. States parties should also consider measuring the quality of education through, for example, the five dimensions recommended by UNESCO: respect for rights, equity, relevance, pertinence, efficiency and efficacy. Monitoring affirmative action measures, such as quotas or incentives may also be considered.

74 The Committee notes the growth in many countries of private sector education. States parties must recognize that the right to inclusive education extends to the provision of all education, not merely that provided by public authorities. States parties must adopt measures to protect against infringements of rights by third parties, including the business sector. Regarding the right to education, such measures must address the obligation to guarantee the provision of inclusive education, and as necessary, involve legislation and regulation, monitoring, oversight, and enforcement, and adoption of policies to frame how business enterprises can impact on the effective enjoyment and exercise of rights by persons with disabilities. Educational institutions,

အခြားစီးပွါးရေး အဖွဲ့အစည်းများအပါအဝင် အစိုးရကျောင်းများသည် ကျောင်းဝင်ခွင့်ရခြင်းနှင့် သင့်တင့်လျောက်ပတ်သော ပတ်ဝန်းကျင်ဖန်တီးရေးလုပ်ငန်းများ၏ ကုန်ကျစရိတ်များကို ကျောင်းသူ/သားများထံမှ အပိုကြေးများ ထပ်မံမကောက်ခံသင့်ပါ။

■ ■ ■

including private educational institutions and enterprises, should not charge additional fees for reasons of accessibility and/or reasonable accommodation.

■ ■ ■

1 Committee on the Rights of the Child (CRC) General Comment No 1, Aims of education, CRC/GC2001/1

2 see CESCR General Comment 3, para. 9, The nature of States parties' obligations (art. 2, para. 1, of the Covenant), 1990.

3 See Committee on Economic, Social and Cultural Rights, general comments No. 11 (1999) on plans of action for primary education and No. 13 (1999) on the right to education.

FORMIN.FINLAND.FI

MINISTRY FOR FOREIGN AFFAIRS OF FINLAND

E.C.D.C